# ရတနာပုံ

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

yadanarbonnews.com

၁၃၈၇ ခုနှစ် ၊ ဝါဆိုလပြည့်ကျော် (၈)ရက် ၊ ကြာသပတေးနေ့ ၊ (17-7-2025) ၊ အတွဲ (၃၄) ၊ အမှတ် (၀၇၈)


**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့်ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် NCA ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေးဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း

# အိန္ဒိယတပ်မတော်ကာကွယ်ရေးဆိုင်ရာထောက်လှမ်းရေးညွှန်ကြားရေးမှူးချုပ်နှင့် ဒုတိယစစ်ဦးစီးချုပ်(ထောက်လှမ်းရေး) ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ကို လက်ခံတွေ့ဆုံ

**နေပြည်တော် ဇူလိုင် ၁၆**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းသည် အိန္ဒိယတပ်မတော်ကာကွယ်ရေးဆိုင်ရာ ထောက်လှမ်းရေးညွှန်ကြားရေးမှူးချုပ်နှင့် ဒုတိယစစ်ဦးစီးချုပ် (ထောက်လှမ်းရေး) Lieutenant General Shrinjay Pratap Singh,AVSM,YSM ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း)နှင့်အတူ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ ဗိုလ်ချုပ်ကြီးရဲဝင်းဦးနှင့် တပ်မတော်အရာရှိကြီးများ တက်ရောက်ကြပြီး အိန္ဒိယတပ်မတော်ကာကွယ်ရေးဆိုင်ရာ ထောက်လှမ်းရေးညွှန်ကြားရေးမှူးချုပ်နှင့် ဒုတိယစစ်ဦးစီးချုပ်(ထောက်လှမ်းရေး)နှင့် အတူ **စာမျက်နှာ ၁၆ ကော်လံ ၁**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း အိန္ဒိယတပ်မတော်ကာကွယ်ရေးဆိုင်ရာ ထောက်လှမ်းရေးညွှန်ကြားရေးမှူးချုပ်နှင့် ဒုတိယစစ်ဦးစီးချုပ်(ထောက်လှမ်းရေး) Lieutenant General Shrinjay Pratap Singh, AVSM, YSM ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ကို လက်ခံတွေ့ဆုံစဉ်။

## တပ်မတော်စစ်ကြောင်းများက နောင်ချိုမြို့ကို ပြန်လည်ထိန်းချုပ်

စာမျက်နှာ- ၃၂




ရတနာပုံ
၂၀၂၅ ခုနှစ် ဇူလိုင် ၁၇ ရက်
အယ်ဒီတာ့အာဘော်

# အားကစားကဏ္ဍမြှင့်တင်ဆောင်ရွက်ရေး

လာမည့် (၃၃) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲကို ထိုင်းနိုင်ငံရှိ Bangkok၊ Chonburi နှင့် Songkhla မြို့တို့တွင် အားကစားနည်း ၅၃ နည်းအားခွဲ၍ ကျင်းပသွားမည်ဖြစ်သည်။ မြန်မာနိုင်ငံအနေဖြင့် အားကစားနည်း ၄၀ တွင် ဝင်ရောက်ယှဉ်ပြိုင်နိုင်ရန်အတွက် စခန်းသွင်းလေ့ကျင့် ပြင်ဆင်ဆောင်ရွက်လျက်ရှိသည်။ မြန်မာနိုင်ငံအနေဖြင့် ဝင်ရောက်ယှဉ်ပြိုင်မည့် အားကစားနည်းနှင့် ပြိုင်ပွဲအမျိုးအစားများကို အိမ်ရှင်ထိုင်းနိုင်ငံသို့ ပေးပို့ခဲ့ပြီးပြီဖြစ်သည်။ ပြိုင်ပွဲဝင်အားကစားသမားများ၏ အမည်စာရင်းများ အချိန်မီပေးပို့နိုင်ရန် လူရွေးချယ်ခြင်းများကို တာဝန်ရှိသူများက ဇူလိုင်လကုန်အပြီး ရက်များသတ်မှတ်၍ စနစ်တကျစိစစ်ရွေးချယ်လျက်ရှိသည်။

ပြိုင်ပွဲအသီးသီးမှ ထွက်ပေါ်လာသည့် အရည်အသွေးမြင့်အားကစားသမားများကို စနစ်တကျ စခန်းသွင်းလေ့ကျင့်ပေးပြီး (၃၃)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲနှင့် နိုင်ငံတကာပြိုင်ပွဲများကို ဝင်ရောက်ယှဉ်ပြိုင်နိုင်မည့် မြန်မာ့လက်ရွေးစင်အားကစားသမားကောင်းများဖြစ်လာစေရန် လေ့ကျင့်ပေးသွားရမည်ဖြစ်သည်။ နိုင်ငံတော်ရှိ တိုင်းရင်းသားညီအစ်ကို နိုင်ငံ့လက်ရွေးစင်အားကစားသမားများသည် ခေတ်အဆက်ဆက်နိုင်ငံတကာပြိုင်ပွဲများတွင် ဆုတံဆိပ်များ ဆွတ်ခူးပေးနိုင်ခဲ့သည်။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အလံကို နိုင်ငံတကာအလယ်တွင် အလံတိုင်ထိပ်ရောက်အောင် လွှင့်ထူစေနိုင်ခဲ့ပြီး ဂုဏ်ယူဝင့်ကြွားစွာဖြင့် ရပ်တည်နိုင်ခဲ့သည်။ ထို့ကြောင့် နိုင်ငံတကာပြိုင်ပွဲများတွင် မြန်မာ့အလံကိုတိုင်ထိပ်ရောက်အောင် လွှင့်ထူနိုင်စွမ်းရှိသည့် အားကစားအောင်မြင်မှုများသည် နိုင်ငံ့ဂုဏ်သိက္ခာကိုအလွန်မြင့်မားစေပြီး နိုင်ငံ၏အဆင့်အတန်းကို မြှင့်တင်ပေးခြင်းဖြစ်သည့်အတွက် အားကစားမောင်မယ်များအနေဖြင့် ပြိုင်ပွဲမဝင်ခင်ကာလအတွင်း ကြိုးစားလေ့ကျင့်ရမည်ဖြစ်သည်။

အားကစားမြှင့်တင်ခြင်းသည် အမျိုးသားရေးစိတ်ဓာတ်ကို မြှင့်တင်ခြင်းနှင့် နိုင်ငံတော်ကို ကာကွယ်စောင့်ရှောက်နေခြင်းဖြစ်ပြီး အားကစားအောင်မြင်ခြင်းသည် နိုင်ငံတော်၏ဖွံ့ဖြိုးတိုးတက်မှုကို ရောင်ပြန်ဟပ်စေခြင်းဖြစ်သည်။ အားကစားကဏ္ဍတိုးတက်မြင့်မားခြင်းဖြင့် နိုင်ငံတော်၏ဂုဏ်သိက္ခာအဆင့်အတန်းနှင့် ပုံရိပ်ကိုဖော်ပြနိုင်သကဲ့သို့ အခြားနိုင်ငံများ၏ လေးစားအားကျခြင်းကိုလည်း ခံရမည်ဖြစ်သည်။ အားကစားဆောင်ရွက်ခြင်းသည် မျိုးချစ်စိတ်၊ တိုင်းပြည်ချစ်စိတ်များနှင့် အမျိုးသားရေးစရိုက်လက္ခဏာများကို ရှင်သန်ထက်မြက်စေပြီး တစ်မျိုးသားလုံးကျန်းမာကြံ့ခိုင်ရေးကိုလည်း တိုးတက်မြင့်မားစေနိုင်ပါသည်။ အားကစားသမားမောင်မယ်များအနေဖြင့် အားကစားစိတ်ဓာတ်အပြည့်ဖြင့် အနိုင်ရရှိအောင်ပါဝင်ယှဉ်ပြိုင်ကြပြီး နိုင်ငံ့ဂုဏ်ဆောင်အားကစားသမားများဖြစ်စေရန် ပွဲမဝင်ခင်အပြင်ကကျင်းပဆိုသည့်အတိုင်း အားသွန်ခွန်စိုက်ကြိုးစားလေ့ကျင့်၍ ကြိုတင်ပြင်ဆင်ရမည်ဖြစ်သည်။

သို့ဖြစ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ဦးတည်ချက် (၉) ရပ်အနက် လူမှုရေးဦးတည်ချက်တွင် တစ်မျိုးသားလုံးသက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍမြှင့်တင်ဆောင်ရွက်ရေးဟူ၍ ထည့်သွင်းချမှတ်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။ ထို့ကြောင့် အားကစားပြိုင်ပွဲအသီးသီး၌ အောင်မြင်ထွန်းပေါက်ပြီး နိုင်ငံတော်၏ဂုဏ်သိက္ခာနှင့် အားကစားအဆင့်အတန်းကိုမြှင့်တင်နိုင်ရေး အားကစားသူရဲကောင်းများစွာထွက်ပေါ်လာရေးကို မိဘပြည်သူအပေါင်းက တတ်စွမ်းသည့်ဘက်မှ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ပေးကြပါရန် တိုက်တွန်းရေးသားလိုက်ရပါသည်။

# ကန့်ဘလူမြို့နယ်တွင် ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော စပါး ၉၂၁၅ ကေထိ ရိတ်သိမ်းပြီးစီးပြီဖြစ်



**ကန့်ဘလူ ဇူလိုင် ၁၆**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူခရိုင် ကန့်ဘလူမြို့နယ်တွင် ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော စပါး ၉၂၁၅ ကေထိ ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း ကန့်ဘလူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကန့်ဘလူမြို့နယ်တွင် ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီ၌ စပါး ၂၂၆၅၄ ကေစိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါ စိုက်ပျိုးထားသော စပါးစိုက်ခင်းများကို ယခုနှစ် ဇွန်လပထမပတ်မှ စတင်ရိတ်သိမ်းခဲ့ရာ ယနေ့ထိ ၉၂၁၅ ကေ ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ကေလျှင် ၈၃ ဒသမ ၈၄ တင်း ထွက်ရှိကြောင်း သိရသည်။

"ကန့်ဘလူမြို့နယ်မှာ ဒီနှစ် နွေသီးနှံစိုက်ပျိုးရာသီက စပါး ၂၂၆၅၄ ကေထိ စိုက်ပျိုးနိုင်ခဲ့ပါတယ်။ အဲဒီစိုက်ပျိုးထားတဲ့စပါးခင်းတွေကို လက်ရှိအချိန်မှာ ရိတ်သိမ်းနေပါတယ်။ ဒီနေ့ထိ ကေ ၉၀၀၀ ကျော်ရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ နွေစပါးစိုက်ပျိုးမှုအနေနဲ့ လျာထားကေထက် ကျော်လွန်အောင် စိုက်ပျိုးနိုင်ခဲ့ပါတယ်။ နွေစပါးစိုက်တောင်သူတွေကိုစိုက်ပျိုးရေးဆိုင်ရာ နည်းပညာနဲ့ ပိုးမွှားကျရောက်မှုကာကွယ်ရေး အသိပညာပေးလုပ်ငန်းတွေ ဆောင်ရွက်ပေးခဲ့ပါတယ်"ဟု ကန့်ဘလူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးဇော်က ပြောပြသည်။

ကန့်ဘလူမြို့နယ်တွင် နွေစပါးစိုက်တောင်သူများကို တစ်ဧကအထွက်နှုန်း တိုးတက်ရေးနှင့် ပန်းတိုင်အထွက်နှုန်း ထွက်ရှိရေးအတွက် မျိုးကောင်းမျိုးသန့်များ ဖြန့်ဖြူးခြင်း၊ နည်းပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်း၊ တောင်သူပညာပေးသင်တန်းနှင့် ပညာပေးဆွေးနွေးပွဲများ ဆောင်ရွက်ခြင်း စသည့်အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ကန့်ဘလူမြို့နယ်ရှိ တောင်သူများအနေဖြင့် ရာသီအလိုက် စပါးနှင့်အခြားသီးနှံများ အချိန်မီ စိုက်ပျိုးနိုင်ရေးအတွက် စိုက်ပျိုးရေးဦးစီးဌာနက ထုတ်ပြန်ထားသည့် သီးနှံပိုးမွှားရောဂါကြိုတင်ကာကွယ်ရေးဆိုင်ရာ ညွှန်ကြားချက်များ၊ မြေဆီလွှာအာဟာရဖြည့်တင်းရေးဆိုင်ရာ လုပ်ငန်းများနှင့် မျိုးကောင်းမျိုးသန့်၊ မျိုးစေ့များ ကြိုတင်စုဆောင်းရေးဆိုင်ရာ လုပ်ငန်းများကို စိုက်ပျိုးရေးဦးစီးဌာနနှင့်ချိတ်ဆက်၍ ကြိုတင်ပြင်ဆင်ထားကြရန် နှိုးဆော်ထားကြောင်း သိရသည်။

စပါးကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှုဖူလုံစေသည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် စပါးကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းသင့်ကြောင်း မြို့နယ်ဦးစီးမှူး ဦးမျိုးဇော်က ပြောပြ၍ သိရသည်။ (၂၀၆)

# ကျောင်းကုန်းမြို့နယ်တွင် ဒေသထွက် သခွားသီးများ အရောင်းအဝယ်ကောင်းမွန်နေ

**ကျောင်းကုန်း ဇူလိုင် ၁၆**

ဧရာဝတီတိုင်းဒေသကြီး ကျောင်းကုန်းမြို့နယ်တွင် ဒေသထွက် သခွားသီးများ အရောင်းအဝယ် ကောင်းမွန်နေကြောင်း ကျောင်းကုန်းမြို့နယ် ကုန်စိမ်းမျိုးစုံရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ယုဝေက ပြောပြ၍ သိရသည်။

ကျောင်းကုန်းမြို့နယ်တွင် ဒေသထွက်သခွားသီးများ ထွက်ရှိပြီး လက်ရှိ ဇူလိုင်လဒုတိယပတ်မှ ယနေ့တိုင် သခွားသီးများ ဝယ်ယူမှု အားကောင်းလာသဖြင့် အရောင်းအဝယ် ကောင်းမွန်နေကြောင်း၊ အဆိုပါဒေသတွင် ထွက်ရှိသည့် ရောင်းတမ်းဝင် သခွားသီးများ တစ်ရက်လျှင် အလုံးရေ ၁၈၅၀၀ ထိ အရောင်းအဝယ်ဖြစ်နေကြောင်း သိရသည်။

"ကျောင်းကုန်းမြို့နယ်က ထွက်ရှိတဲ့ သခွားသီးတွေ အဝယ်လိုက်ပြီး အရောင်းအဝယ်ကောင်းလာပါတယ်။ လက်ရှိ ဒေသမှာ မိုးသီးနှံအဖြစ် စိုက်ပျိုးထားတဲ့ သခွားတွေ ထွက်ရှိနေပါတယ်။ ကျောင်းကုန်းမြို့နယ်နဲ့ အခြားဒေသကုန်စိမ်းဈေးကွက်က ဝယ်လက်တွေက ဝယ်တာများနေပါတယ်။ တစ်ရက်ကို ရောင်းတမ်းဝင် သခွားသီးအလုံးရေ ၁၈၅၀၀ ထိ ရောင်းချနေရပါတယ်။ ဒေသထွက် သခွားသီးတွေက ပိုးမွှားကင်းရှင်းပြီး အရည်အသွေးကောင်းမွန်ပါတယ်။ ဒေသမှာ လက်ရှိ သခွားသီးတွေက အရည်အသွေး ကောင်းသလို အထွက်နှုန်းလဲ ကောင်းနေပါတယ်"ဟု ကျောင်းကုန်းမြို့နယ် ကုန်စိမ်းမျိုးစုံရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ယုဝေက ပြောပြသည်။

ကျောင်းကုန်းမြို့နယ်တွင် စိုက်ပျိုးထွက်ရှိပြီး အရောင်းအဝယ်ကောင်းမွန်နေသည့် သခွားသီးအလုံးရေ ၁၀၀ လျှင် ငွေကျပ် ၉၈၀၀ ထိ ပေါက်ဈေးရှိကြောင်း၊ အဆိုပါဒေသထွက် သခွားသီးများနှင့် အခြားကုန်စိမ်းများကို ပုသိမ်၊ ပန်းတနော်၊ မအူပင် စသည့် ဒေသများသို့ တင်ပို့ရောင်းချလျက်ရှိကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# တံတားဦးမြို့နယ် ဘလဲ့ဘကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းပြီးစီးမှု စစ်ဆေး

**တံတားဦး ဇူလိုင် ၁၆**

မန္တလေးတိုင်းဒေသကြီး တံတားဦးခရိုင် တံတားဦးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) ရန်ပုံငွေဖြင့် ဘလဲ့ဘကျေးရွာအုပ်စု ဘလဲ့ဘကျေးရွာ၌ ကျေးရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ဇူလိုင် ၁၅ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် တံတားဦးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ခင်မာစန်း၊ တံတားဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ထိုက်ထိုက်ပြည့်ဖြိုးလွင်၊ ခရိုင်၊ မြို့နယ်စီမံကိန်း တာဝန်ခံနှင့် တာဝန်ခံအင်ဂျင်နီယာများက ဘလဲ့ဘကျေးရွာ၌ ကျေးရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက ကျေးရွာတွင်းလမ်းကို ရေရှည်တည်တံ့ခိုင်မြဲအောင် ဝိုင်းဝန်းထိန်းသိမ်းကြရန် လိုအပ်ကြောင်း ဆွေးနွေးမှာကြားသည်။

ဘလဲ့ဘကျေးရွာ၌ ကျေးရွာတွင်းလမ်း အရှည် ပေ ၇၀၀၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မရှိ ကွန်ကရစ်ခင်းခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်းရန်ပုံငွေကျပ် ၂၈ ဒသမ ၆၃ သန်းဖြင့် မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက တာဝန်ယူ၍ မေလတတိယပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့် ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

**အောင်ရဲကျော်**

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၊ ၀၉-၄၅၈၈၉၁၃၃၀၀၊ ကြော်ငြာ-၈၄ လမ်းနှင့် ၂၉-၃၀ လမ်းကြား- ၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဝေရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# မိုင်းဖြတ်မြို့နယ် နမ့်လန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**မိုင်းဖြတ် ဇူလိုင် ၁၆**

ရှမ်းပြည်နယ် (အရှေ့ပိုင်း) တာချီလိတ်ခရိုင် မိုင်းဖြတ်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက နမ့်လန်းကျေးရွာအုပ်စု နမ့်လန်းကျေးရွာ၌ ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းနှင့် မိသားစုဝင်ငွေတိုးပွားလာပြီး ဆင်းရဲမှုလျော့ကျစေရန်ရည်ရွယ်၍ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေဖြင့် ဆောင်ရွက်ထားသောလုပ်ငန်းများကို ဇူလိုင် ၁၅ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မိုင်းဖြတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်မေလွင်နှင့် တာဝန်ရှိသူများက နမ့်လန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေဖြင့် ဆောင်ရွက်ထားသော စိုက်ပျိုးရေး၊ မွေးမြူရေး၊ အရောင်းအဝယ် လုပ်ငန်းများနှင့် လစဉ်ဖြည့်သွင်းရမည့် စာရင်းဇယားများ စနစ်တကျဖြည့်သွင်းထားမှု ရှိ၊ မရှိနှင့် စီမံကိန်းဆိုင်ရာ ညွှန်ကြားချက်များ၊ လမ်းညွှန်ချက်များအပေါ် လိုက်နာဆောင်ရွက်မှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မိုင်းဖြတ်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်မေလွင်က ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

နမ့်လန်းကျေးရွာတွင် မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်က စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပြီး ယခုအခါ သတ္တမအကြိမ်အဖြစ် အသင်းသား၊ အသင်းသူ ၁၆ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် သိန်း ၃၇၀ ထုတ်ချေးပေးထားပြီး စီမံကိန်းလုပ်ငန်းများ လည်ပတ်ဆောင်ရွက်လျက်ရှိကြောင်း မိုင်းဖြတ်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်မေလွင်ထံမှ သိရသည်။

**ဇင်မာ**



မန္တလေး ချမ်းမြသာစည်မြို့နယ် ကန်တော်ကြီးကန်ပတ်လမ်းရှိ ဇီဝိတဒါနသံဃာ့ဆေးရုံကြီးတွင် အဘိုး၊ အဘွားများအား ရည်စူး၍ အလှူရှင် မန္တလေးမြို့နေ မထင်ရတီဦးက ရာသက်ပန်ဆွမ်းပဒေသာပင် ငွေကျပ် ၁၀၀၀၀၀၀၀ နှင့် ဆွမ်းအလှူငွေကျပ် ၅၀၀၀၀၀ စုစုပေါင်း ငွေကျပ် ၁၀၅ သိန်းလှူဒါန်းရာ ဆွမ်းကွမ်းဝေယျာဝစ္စဆပ်ကော်မတီအတွင်းရေးမှူး ဦးဝဏ္ဏနှင့် ဆွမ်းကွမ်းအဖွဲ့ဝင် ဦးဝင်းမြင့်တို့က လက်ခံရယူစဉ်။

# ချောင်းဦးမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဝါ ၅၉၈၄ ကေထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**ချောင်းဦး ဇူလိုင် ၁၆**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် ချောင်းဦးမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဝါ ၅၉၈၄ ကေထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ချောင်းဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ချောင်းဦးမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဝါ ၁၂၈၈၈ ဧက စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် မေလပထမပတ်မှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၅၉၈၄ ဧက စိုက်ပျိုးပြီးစီးပြီ ဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ချောင်းဦးမြို့နယ်မှာ ဝါဧက ၁၀၀၀၀ ကျော် စိုက်ပျိုးဖို့လျာထားပါတယ်။ ဒီနေ့ထိ ၅၉၈၄ ဧက စိုက်ပျိုးပြီးစီးပြီ ဖြစ်ပါတယ်။ ဆက်လက် စိုက်ပျိုးနေပါတယ်။ ဝါစိုက်ပျိုးရာမှာ မျိုးကောင်းမျိုးသန့်တွေကို တောင်သူတွေ စိုက်ပျိုးရာသီအမီ လွယ်ကူစွာစိုက်ပျိုးနိုင်ဖို့ ဝါမျိုးစေ့တွေ ပံ့ပိုးပေးနေပါတယ်"ဟု ချောင်းဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးတင့်ဆွေက ပြောပြသည်။

ချောင်းဦးမြို့နယ်တွင် ဝါစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက ဝါမျိုးကောင်းမျိုးသန့်များရရှိစေရေး၊ ဝါသီးနှံဖြစ်ထွန်းအောင်မြင်စေရေး၊ ပိုးမွှားရောဂါ ကြိုတင်ကာကွယ်နိုင်ရေး၊ အထွက်နှုန်း ကောင်းမွန်စေရေး၊ စိုက်နည်းစနစ် မှန်ကန်စေရေးတို့ကို နည်းပညာပေးသင်တန်းများ ဖွင့်လှစ်ပို့ချပေးခဲ့ပြီး ဝါစိုက်တောင်သူများလိုအပ်သည့် နည်းပညာများကို ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ဝါတစ်ဧကစိုက်ပျိုးပါက ကုန်ကျစရိတ် ငွေကျပ် သုံးသိန်းခွဲရှိပြီး ဝါတစ်ဧကလျှင် ပိဿာချိန် ၁၀၀၀ ခန့်ထွက်ရှိကြောင်း၊ ဝါကို စစ်ကိုင်းတိုင်းဒေသကြီးရှိ စစ်ကိုင်း၊ မုံရွာ၊ ယင်းမာပင်၊ ရွှေဘို၊ ကန့်ဘလူခရိုင်အတွင်းရှိ မြို့နယ် ၁၉ မြို့နယ်တွင် အောင်မြင်စွာ စိုက်ပျိုးထုတ်လုပ်လျက်ရှိကြောင်း သိရသည်။

ဝါကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်းသုံးစွဲမှု ဖူလုံနိုင်မည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများ ပိုမိုဖွံ့ဖြိုးတိုးတက်လာနိုင်မည်ဖြစ်ရာ ဝါကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းကြရမည် ဖြစ်ကြောင်း ချောင်းဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးတင့်ဆွေက ပြောပြ၍ သိရသည်။ (၂၀၆)

# မလှိုင်မြို့နယ် ငါးတပုံ(မ)ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**မလှိုင် ဇူလိုင် ၁၆**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် မလှိုင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းနှင့် မိသားစုဝင်ငွေများ တိုးပွားလာပြီး ဆင်းရဲမှုလျော့ကျစေရန် ရည်ရွယ်၍ ငါးတပုံ(မ)ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ထားရှိသောလုပ်ငန်းများကို ဇူလိုင် ၁၅ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မလှိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စုစုနှင့် စီမံကိန်းတာဝန်ခံ ဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေကျပ် ၅၄ ဒသမ ၆၅ သန်းဖြင့်ဆောင်ရွက်ထားသော စိုက်ပျိုးရေးလုပ်ငန်းနှင့် မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေများနှင့် လအလိုက်ဖြည့်သွင်းရမည့် စာရင်းပုံဇယားပုံစံများ ပြည့်စုံမှု ရှိ၊ မရှိ ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးဒေါ်စုစုက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ငါးတပုံ(မ)ကျေးရွာတွင် စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ ဦးရေ ၈၀ ကို ငွေကျပ် ၅၃ ဒသမ ၆၅ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၁၆ ဦးကို ငွေကျပ် တစ်သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၉၆ ဦးကို ရန်ပုံငွေကျပ် ၅၄ ဒသမ ၆၅ သန်း ထုတ်ချေးပေးထားကြောင်း မလှိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စုစုထံမှ သိရသည်။ **ဟိန်းထက်စိုး(မလှိုင်)**

# ပန်းတနော်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇွန်လအတွင်း ဆန်ကွဲ ၂၄ ပြည်ဝင် အိတ်ရေအများအပြား တင်ပို့ရောင်းချနိုင်ခဲ့

**ပန်းတနော် ဇူလိုင် ၁၆**

ဧရာဝတီတိုင်းဒေသကြီး ပန်းတနော်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇွန်လအတွင်း ဆန်ကွဲ ၂၄ ပြည်ဝင် အိတ်ရေအများအပြား တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ပန်းတနော်မြို့နယ် ဆန်စပါးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်အေးမြင့်က ပြောပြ၍ သိရသည်။

ပန်းတနော်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ မေလအတွင်း ဆန်ကွဲ ၂၄ ပြည်ဝင် အိတ်ရေ ၄၅၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဇွန်လအတွင်း ဆန်ကွဲ ၂၄ ပြည်ဝင် အိတ်ရေ ၇၀၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါ ဒေသထွက်ဆန်ကွဲများကို ရန်ကုန်ဈေးကွက်က ဝယ်ယူအားကောင်းနေကြောင်း သိရသည်။

"ပန်းတနော်မြို့နယ်ကနေ ဆန်ကွဲတွေကို ရန်ကုန်ဈေးကွက်ကို အဓိက တင်ပို့ရောင်းချပါတယ်။ ဒီဘက်က ဆန်ကွဲအိတ်တွေကို ကုန်တင်ကားတွေနဲ့ ကုန်းလမ်းကနေ တင်ပို့ရောင်းချတာများပါတယ်။ ဆန်ကွဲတွေကို ဇွန်လပထမပတ်လောက်ကနေစပြီး ဝယ်လိုအား သိသိသာသာတက်ခဲ့တာဖြစ်ပါတယ်။ ဆန်ကွဲတွေကို ပွဲရုံပိုင်ရှင်တွေက အဆက်မပြတ် တင်ပို့ရောင်းချနေပါတယ်။ အခုလို အခက်အခဲမရှိ အဆင်ပြေပြေတင်ပို့ရောင်းချနေရလို့ စပါးစိုက်ပျိုးထုတ်လုပ်ရေးနဲ့ ဆက်စပ်တဲ့သူတွေ အဆင်ပြေနေပါတယ်"ဟု ပန်းတနော်မြို့နယ် ဆန်စပါးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်အေးမြင့်က ပြောပြသည်။

ပန်းတနော်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချခဲ့သည့် ဆန်ကွဲ ၂၄ ပြည်ဝင် တစ်အိတ်လျှင် ငွေကျပ် ၄၂၀၀၀ ထိ ပေါက်ဈေးရှိကြောင်း၊ အဆိုပါ ဆန်ကွဲများ တင်ပို့ရောင်းချအား ကောင်းလာခြင်းကြောင့် စပါးစိုက်တောင်သူများ၊ ဆန်စပါးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင်များ၊ ကုန်တင်ကုန်ချလုပ်သားများ၊ ကုန်တင်ယာဉ်အငှားလိုက်သူများ အဆင်ပြေနေကြောင်း သိရသည်။ **ကျော်ကျော်လင်း**



# ဦးထွန်းညို့နှင့် မဟာရာဇဝင်သစ် (အပိုင်း-၂)

ဗိုလ်ရှိတ်(ရတနာပူရ)

**ရာဇဝင်သစ်အတွဲရေ**

ယခုပုံနှိပ်ထုတ်ဝေထားသော မဟာရာဇဝင်သစ်သည် ပုံနှိပ်မှုအရ အတွဲပေါင်း ၁၃ တွဲပါရှိသည်။ ထိုအကြောင်းကို မဟာရာဇဝင်သစ် တတိယတွဲနိဂုံးတွင် "မဟာရာဇဝင်သစ် တေရသမတွဲ၊ သက္ကရာဇ် ၁၁၆၄ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၈ ရက်နေ့ (၁၈၀၂ခုနှစ် နိုဝင်ဘာ ၁၇ရက်) သုံးချက်တီးကျော်အချိန်တွင် မဟာရာဇဝင်သစ်ကို ရေးကူး၍ပြီးသည်"ဟူ၍ပါရှိသည်။ ထို့ကြောင့် ပုံနှိပ်မှုဖြင့်ရှိသော မဟာရာဇဝင်သစ် သုံးတွဲတွင် အတွဲပေါင်း ၁၃ တွဲသာ ပါရှိကြောင်း သိရပေသည်။ တွင်းသင်းတိုက်ဝန် ဦးထွန်းညို့ရေးခဲ့သော မဟာရာဇဝင်သစ်သည် ပေမူဖြင့် အတွဲရေ ၁၅ တွဲရှိသည်ဟု ညောင်ကန်သာသနာဝင်ကျမ်း၌ဆိုထားသည်။ ဦးထွန်းညို့သည် မဟာရာဇဝင်သစ်ကို ဘိုးတော်ဗဒုံမင်းလက်ထက် ပြုစုခဲ့ခြင်းဖြစ်သောကြောင့် ဘိုးတော်ဗဒုံမင်းအရင် စိုးစံခဲ့သည့် အလောင်းမင်းတရားကြီး၊ နောင်တော်ကြီး ဒီပဲယင်းမင်း၊ ဆင်ဖြူရှင်မြေဒူးမင်းတို့အကြောင်းကို ရေးမည်ဟု ယူဆစရာရှိပါသည်။ ဖောင်းကားမင်းနှင့် စဉ့်ကူးမင်းအကြောင်းကို ရေးချင်မှရေးပေမည်။ မြောင်လှမြို့စား ဦးခြိမ့်ပိုင် စာစာရင်းပုရပိုက်တွင် ရာဇဝင်သစ်သည် တွဲရေ ၁၈ တွဲရှိကြောင်း ပြဆိုထားသည်။ ဦးခြိမ့်သည် စာပေကျမ်းဂန်နှံ့စပ်သော ပညာရှိကြီးတစ်ဦးဖြစ်သောကြောင့် ဦးခြိမ့်၏အဆိုကို အလေးထားသင့်ပေသည်။ ယခုပုံနှိပ်မှုတွင် အတွဲရေ ၁၃ တွဲသာ ပါရှိသောကြောင့် ကျန်အတွဲများ ပျောက်နေပါသည်။

**အလောင်းမင်းတရားကြီး အရေးတော်ပုံကျမ်းသည် ရာဇဝင်သစ်လော**

အလောင်းမင်းတရားကြီး အရေးတော်ပုံကျမ်းသည် မူကွဲသုံးမျိုးတွေ့ရသည်။ ထိုသုံးမျိုးမှာ "ဘဂျ ဝါဒိ ဂုဏာကရံ"အစချီသည့် လက်ဝဲနော်ရထာ အမတ်ကြီးရေးသော အလောင်းမင်းတရားကြီးအရေးတော်ပုံကျမ်း၊ "ရတနာပူရအင်းဝမင်းတို့၏အစဉ်ကို ဆိုပြီး၍"အစချီသည့် တွင်းသင်းတိုက်ဝန် မဟာစည်သူဦးထွန်းညို့ရေးသားသည့် အလောင်းမင်းတရားကြီးအရေးတော်ပုံ၊ "အောင်သူတကာတို့၏ အထွတ်ဖြစ်တော်မူသော" အစချီသည့် အမည်မသိဆရာစီရင်သည့် အလောင်းမင်းတရားကြီးအရေးတော်ပုံဟူ၍ဖြစ်သည်။

အလောင်းမင်းတရားကြီး အရေးတော်ပုံကျမ်းသုံးစောင်တွင် "ရတနာပူရအင်းဝမင်းတို့၏ အစဉ်ကိုဆိုပြီး၍"အစချီသော ဦးထွန်းညို့ရေးသည့် အလောင်းမင်းတရားကြီးအရေးတော်ပုံကျမ်းသည် မဟာရာဇဝင်သစ်အတွဲ ၁၄ ဖြစ်သည်ဟု ယူဆချင်သူများရှိကြသည်။ ယူဆမည်ဆိုလည်း ယူဆချင်စရာဖြစ်သည်။ "ရတနာပူရအင်းဝမင်းတို့၏အစဉ်ကိုဆိုပြီး၍" ဟူသောစကားသည် မဟာရာဇဝင်သစ်အတွဲ ၁၃ ၌ပါရှိသည့် ညောင်ရမ်းခေတ်အင်းဝမင်းတို့ကို ဆိုလေသလော တွေးဆရပါသည်။ သို့သော် အတွင်းစာကိုယ်၌ မဟာရာဇဝင်သစ်"ဖြစ်သည်ဟူသော အမှတ်အသားတစ်စုံတစ်ရာ မတွေ့ရသောကြောင့် "ဟုတ်ပါသည်"ဟူ၍လည်း တပ်အပ်မပြောသာသေးပါ။ ထပ်မံ လေ့လာဖော်ထုတ်ရန် လိုအပ်သေးသည်ဟု ထင်မိသည်။

**ရာဇဝင်သစ်မှ ဝေဖန်ချက်များ**

ရာဇဝင်သစ်ကို ရေးသားရခြင်း၏ရည်ရွယ်ချက်သည် ရှေးရာဇဝင်ကျမ်းများသည် ကျောက်စာ၊ သံပိုင် စသည်တို့ဖြင့် မညီမညွတ်ရှိသည့်အချက်များကို ကျောက်စာ၊ သံပိုင်တို့ဖြင့် ညှိနှိုင်း၍ရာဇဝင်သစ်ကို ရေးသားပြုစုရခြင်းဖြစ်သည်။ မဟာရာဇဝင်သစ်ကို ဦးထွန်းညို့သည် ကျောက်စာပေါင်း ၁၀၀၀ ကျော်ကို ကိုးကား၍ ရေးသားခဲ့ခြင်းဖြစ်သည်။ လူပုဂ္ဂိုလ်တစ်ဦးတစ်ယောက်တည်းက ကျောက်စာပေါင်း ၁၀၀၀ ကျော်ကို ကိုးကား၍ ရာဇဝင်သစ်ကို ရေးသားရန်မှာ မလွယ်ကူပါ။ ဦးထွန်းညို့အတွက်ကား လွယ်ကူခဲ့သည်။ မဟာရာဇဝင်သစ်သည် မင်းအမိန့်ဖြင့် ရေးသားရသော ရာဇဝင်ဖြစ်ခြင်းကြောင့် ကျောက်စာများကို ဖတ်ရှုရေးကူးရာတွင် မင်းအမိန့်ဖြင့်စေခိုင်းသဖြင့် ဦးထွန်းညို့အတွက် လွယ်ကူခဲ့သည်။

**❖ ရာဇဝင်သစ်ကို ရေးသားရခြင်း၏ရည်ရွယ်ချက်သည် ရှေးရာဇဝင်ကျမ်းများသည် ကျောက်စာ၊ သံပိုင် စသည်တို့ဖြင့် မညီမညွတ်ရှိသည့်အချက်များကို ကျောက်စာ၊ သံပိုင်တို့ဖြင့်ညှိနှိုင်း၍ ရာဇဝင်သစ်ကိုရေးသားပြုစုရခြင်းဖြစ်သည်။ မဟာရာဇဝင်သစ်ကို ဦးထွန်းညို့သည် ကျောက်စာပေါင်း ၁၀၀၀ ကျော်ကိုကိုးကား၍ ရေးသားခဲ့ခြင်းဖြစ်သည်။ လူပုဂ္ဂိုလ်တစ်ဦးတစ်ယောက်တည်းက ကျောက်စာပေါင်း ၁၀၀၀ ကျော်ကိုကိုးကား၍ ရာဇဝင်သစ်ကို ရေးသားရန်မှာမလွယ်ကူပါ။ ဦးထွန်းညို့အတွက်ကား လွယ်ကူခဲ့သည်။ မဟာရာဇဝင်သစ်သည် မင်းအမိန့်ဖြင့်ရေးသားရသော ရာဇဝင်ဖြစ်ခြင်းကြောင့် ကျောက်စာများကို ဖတ်ရှုရေးကူးရာတွင် မင်းအမိန့်ဖြင့်စေခိုင်းသဖြင့် ဦးထွန်းညို့အတွက် လွယ်ကူခဲ့သည်။ ❖**

အမရပူရနေပြည်တော်တွင် နိုင်ငံတော်တစ်ဝန်းရှိ ကျောက်စာများကိုစုစည်းကာ ကျောက်စာဌာနတစ်ခု ဖွင့်လှစ်ခဲ့သည်။ ကျောက်စာဌာန၏ အကြီးအကဲမှာ ဦးထွန်းညို့နှင့် သက်ပန်းအတွင်းဝန် ဗလရာဇကျော်ထင်ဖြစ်သည်။ ခေတ်စကားဖြင့်ဆိုရလျှင် ဦးထွန်းညို့သည် မဟာရာဇဝင်သစ်ကို အစိုးရက စေခိုင်းသဖြင့် အစိုးအရ၏အကူအညီဖြင့် ရေးသားခဲ့ခြင်းဖြစ်သည်။ ထို့ကြောင့် တွင်းသင်းမင်းကြီး လိုချင်သမျှ အထောက်အထားသည် အလွယ်တကူ ရနိုင်သည်။ ထိုသို့ကျောက်စာများကို ကိုးကား၍ မဟာရာဇဝင်သစ်ကို ရေးသားခဲ့ခြင်းဖြစ်သည်။

ဦးထွန်းညို့သည် ရာဇဝင်သစ်ကိုရေးရာတွင် ဝေဖန်သင့်သည့်အချက်များကို ပြတ်ပြတ်သားသား ရဲရဲဝံ့ဝံ့ဝေဖန်လေ့ရှိသည်။ ရှေးရှိပြီးရာဇဝင်တို့တွင် မှားယွင်းသည့်အချက်များကို ပြတ်ပြတ်သားသား ထောက်ပြဝေဖန်သည်။ ရာဇဝင်သစ်မှ ဦးထွန်းညို့ ဝေဖန်ထောက်ပြသည့် စကားအသုံးအနှုန်းများကို ထုတ်ပြပါဦးမည်။

၁။ ရာဇဝင်ကြီးတို့၌ဆိုသည်။ ကျောက်စာ အစောင်စောင်တို့နှင့်မညီမညွတ် ရေးလိုရာ ရေးသားကြသည်။
၂။ ရာဇဝင်ကြီး ကျောက်စာအက္ခရာတို့နှင့်မညီ။
၃။ ကျောက်စာရေးဆရာတို့ဆိုသည်နှင့်မညီ။
၄။ ရှေးရာဇဝင်ကျမ်းတို့၌ အကွဲအပြား မညီမညွတ် ရေးသားကြသည်။
၅။ ရာဇဝင်ကြီးဆရာတို့ အဆိုရှိသည်ကိုလိုက်၍ စာဆိုပဒေသရာဇာလည်း အထောက်အထားမရှိ ထပ်၍အမှားစပ်ဆိုမိလေသည်။
၆။ ရာဇဝင်ဆရာ၊ ပဒေသရာဇာတို့ ဆိုလေသည်ကား သဘာဝယုတ္တိမရှိသည်သာတည်း။
၇။ အထောက်အထားမရှိဆိုလေသည်။ ပဒေသရာဇာသာချွတ်ယွင်းသည်မဟုတ်၊ ရာဇဝင်ဆရာတို့လည်း ချွတ်ယွင်းကြသည်။
၈။ ရာဇဝင်ဆရာတို့မမြင်၍ ရေးမှားလေသည်။
၉။ စကားရှေ့နောက်မညီ။
၁၀။ စိတ်ထင်ရာရာ ရှေးဆရာတို့ရေးကြလေသည်။
၁၁။ ရမ္မသီရိတို့ ကျောက်စာထိုးမှားလေ၏။
၁၂။ ရာဇဝင်ကြီးတို့၌ မိမိဆိုခဲ့သောစကားကို နှလုံးမထား ကျောက်စာမော်ကွန်းတို့ကို မရှုဆိုလေသည်။
၁၃။ ရာဇဝင်ကြီးဆရာ အမှတ်ချွတ်လေသည်။
၁၄။ ရာဇဝင်ကြီးဆရာ အမှတ်မှားလေသည်။
၁၅။ ရှေးရာဇဝင်တို့၌ ပြဆိုခဲ့သည်ကား မညီမညွတ် ပျက်စီးယိုယွင်းသည်သာတည်း။ တွက်ချက်ညှိနှိုင်း၍ပြဆိုချေသော် နာသူငြီး၍ မှတ်သူပင်ပန်းအံ့စိုး၍ အစဉ်အဆက်အမြွက်မျှသာ ပြခဲ့သတည်း။
၁၆။ ပဒေသရာဇာဆိုမှားလေသည်။
၁၇။ ရာဇဝင်ဆရာတို့ဆိုမှားလေသည်။

အထက်တွင် ကောက်နုတ်ဖော်ပြခဲ့သော စကားများသည် မဟာရာဇဝင်သစ်၌ တွင်းသင်းမင်းကြီး ဦးထွန်းညို့ရေးသားဝေဖန်ခဲ့သော ဝေဖန်ရေးစကားလုံးများပင်ဖြစ်လေသည်။ ဦးထွန်းညို့သည် မဟာရာဇဝင်ကြီးပါ အချက်အလက်အချို့ကို ဝေဖန်ပြင်ဆင်မှုများပြုလုပ်ခဲ့သည်။ မည်သည့်အကြောင်းအရာ၊ မည်သည့်အချက်အလက်များကို ဝေဖန်ပြင်ဆင်ခဲ့သည်ကို သိလိုပါက မဟာရာဇဝင်သစ်ကို ဖတ်ကြရန်သာ ညွှန်းလိုပေသည်။ ဝေဖန် ပြင်ဆင်ချက်များကို ဤ၌ဖော်ပြခြင်းမပြုတော့ပါ။

**မျက်မှောက်ခေတ်ပညာရှင်များ၏ အမြင်**

မျက်မှောက်ခေတ် သမိုင်းပညာရှင်များသည် ဦးထွန်းညို့ကို အမျိုးမျိုးချီးကျူးထောမနာပြုခဲ့ကြသည်ကိုတွေ့ရသည်။ တော်လှန်သော အတွေးအခေါ်ရှိသူ၊ ကျောက်စာတန်ဖိုးနားလည်သူ၊ သမိုင်းကိုအမြင်သစ်ဖြင့်ရေးနိုင်သူ၊ သုတေသနစစ်စစ်ဖြစ်အောင်ရေးသူ၊ ဝေဖန်ရာတွင် ရဲရဲဝံ့ဝံ့ပြတ်ပြတ်သားရှိသူ စသည်ဖြင့် ချီးကျူးစကားဆိုကြသည်။

ဆရာမကြီးဒေါက်တာရီရီက "မဟာစည်သူဦးထွန်းညို့၏ တွေးပုံ၊ ခေါ်ပုံ၊ ရေးသားပုံမှာလွန်စွာအထက်တန်းကျ၍ ယခုခေတ်သစ်အခါ၌ အထောက်အထားကို အဓိကထားကာရေးသားကြသော ရာဇဝင်ဆရာတို့ပင် ချီးမွမ်းကြရပေသည်။ တွင်းသင်းတိုက်ဝန်သည် တတ်နိုင်သမျှကျောက်စာနှင့် ခေတ်စာပေများကိုကိုးကားဖော်ပြသောကြောင့် ရာဇဝင်သစ်သည် မြန်မာ့စာပေသမိုင်းအတွက်လည်း အရေးကြီးသော အထောက်အထားတစ်ခုဖြစ်လာလေသည်။ မဟာစည်သူသည် ထုတ်ဖော်တင်ပြလိုသော အချက်တစ်ခုကို ပိုမိုရှင်းလင်းစေရန် ခေတ်စာပေမှ ကောက်နုတ်ချက်များကို ကိုးကားလေ့ရှိသည်။ ထို့ပြင် ရှေးစကားပင်ဖြစ်သော်လည်း အသွားအလာမညီမညွတ်လျှင် ဖော်ထုတ်ဝေဖန်လေ့ရှိ၏"ဟူ၍ ဦးထွန်းညို့ကို ချီးကျူးထားလေသည်။

**သုံးသပ်ချက်**

ဦးထွန်းညို့သည် မဟာရာဇဝင်သစ်ကိုရေးရာတွင် မင်းအမိန့်ဖြင့် ရေးသားခဲ့ခြင်းဖြစ်သောကြောင့် လိုအပ်သည့် အထောက်အထား အကူအညီများစွာရသည်။ ကျောက်စာ ၁၀၀၀ ကျော်ကိုကိုးကား၍ ရေးနိုင်ခဲ့သည်။ ရာဇဝင်သစ်ကိုရေးရာတွင် ဦးထွန်းညို့သည် စာဆိုတော်ကြီးများအကြောင်းကို အလျဉ်းသင့်သလို ထည့်သွင်း၍ရေးသားခဲ့သည်။ ထို့ကြောင့် ရာဇဝင်သစ်သည် စာဆိုတော်အတ္ထုပ္ပတ္တိကျမ်းတစ်စောင်အနေဖြင့်လည်း ဖတ်ရှုနိုင်ပေသည်။

ဦးထွန်းညို့သည် ဝေဖန်ရာတွင် ရဲရဲဝံ့ဝံ့ရှိလှသောကြောင့် ဦးကုလားရာဇဝင်ကြီးမှ အချက်အလက်တချို့လွဲမှားကြောင်းကို မဟာရာဇဝင်သစ်၌ ဝေဖန်ပြင်ဆင်သည်။ ဦးထွန်းညို့ မဟာရာဇဝင်သစ်ကို ရေးသောအခါတွင် ဦးကုလား၏မဟာရာဇဝင်ကြီးသည် အပြင်အဆင်ခံအခြေအနေသို့ ခဏာခဏာရောက်ရ၏။ သို့သော် ဘကြီးတော်စစ်ကိုင်းမင်းလက်ထက် မှန်နန်းမဟာရာဇဝင်တော်ကြီးကို ရေးသားပြုစုသောအခါတွင် ဦးကုလားမဟာရာဇဝင်ကြီးက မှားသည်ဟု ဦးထွန်းညို့ပစ်ပယ်ခဲ့သော အချက်အလက်များကို ဦးထွန်းညို့ကမှားပြီး ဦးကုလားကမှန်ကြောင်း ပြန်လည်ပြင်ဆင်ရေးသားခဲ့ပါသည်။ မှန်နန်းမဟာရာဇဝင်တော်ကြီးက ဦးကုလား၏အယူအဆကို ပြန်လည်ထောက်ခံခဲ့သည်ဟု အလွယ်အားဖြင့် မှတ်သားနိုင်ပါသည်။ မှန်နန်းမဟာရာဇဝင်တော်ကြီး ပြုစုသောအခါတွင် ဦးထွန်းညို့၏ မဟာရာဇဝင်သစ်သည် အပယ်ခံဘဝသို့ ရောက်ခဲ့ရပေသည်။

**ပြည်ပတွင် သွားရောက်အလုပ်လုပ်ကိုင်မည့်သူများအနေဖြင့် မလိုလားအပ်သော ဆုံးရှုံးမှုများမဖြစ်ပေါ်စေရေး သတ်မှတ်ချက်များနှင့်အညီဆောင်ရွက်ရန် တိုက်တွန်းနှိုးဆော်ခြင်း**

၁။ ပြည်ပတွင် သွားရောက်လုပ်ကိုင်မည့်သူများအနေဖြင့် ဥပဒေနှင့်အညီမှတ်ပုံတင်ခြင်း၊ ပြည်ပအလုပ်အကိုင်အတွက် နိုင်ငံကူးလက်မှတ် (Passport for Job-PJ) လျှောက်ထားရယူခြင်း၊ ပြည်ပအလုပ်အကိုင်အလုပ်သမားသက်သေခံကတ်(OWIC) လျှောက်ထားရယူခြင်းတို့မရှိဘဲ ပြည်ပအလည်အပတ်နိုင်ငံကူးလက်မှတ်(Passport for Visit-PV)ကိုသာ လျှောက်ထားရယူထားပြီး ပြည်ပအလုပ်အကိုင်ဗီဇာများရယူကာ လေကြောင်းခရီးဖြင့် ပြည်ပထွက်ခွာရန်ဆောင်ရွက်လျက်ရှိကြသဖြင့် သက်ဆိုင်ရာက လေဆိပ်တွင်စိစစ်သည့်အခါ သတ်မှတ်ချက်များနှင့်မကိုက်ညီသည့်အတွက် ပြည်ပသို့ထွက်ခွာခွင့်မရခြင်းများကြောင့် လေယာဉ်လက်မှတ်ခအပါအဝင် အခြားသောကုန်ကျစရိတ်များ ဆုံးရှုံးရသည့်ဖြစ်စဉ်များ ဖြစ်ပေါ်လျက်ရှိပါသည်။

၂။ သို့ပါ၍ ပြည်ပတွင် သွားရောက်အလုပ်လုပ်ကိုင်လိုသူများအနေဖြင့် မလိုလားအပ်သည့် ဆုံးရှုံးနစ်နာမှုများမဖြစ်ပေါ်စေရေးအတွက် ဥပဒေနှင့်အညီမှတ်ပုံတင်ခြင်း၊ ပြည်ပအလုပ်အကိုင်အတွက် နိုင်ငံကူးလက်မှတ်(Passport for Job-PJ)လျှောက်ထားရယူခြင်း၊ ပြည်ပအလုပ်အကိုင်အလုပ်သမားသက်သေခံကတ်(OWIC)လျှောက်ထားရယူခြင်းတို့အား ဆောင်ရွက်ကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။ **အလုပ်သမားဝန်ကြီးဌာန**

# လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

**"လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အစမ္ပဝင်ရောက်နေထိုင်နေသည့်မြို့ရွာများ၌ တပ်မတော်၏တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏ နေအိမ်အဆောက်အအုံများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာအဆောက်အအုံများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ်အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန်ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကိုလုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေ ကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါလက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ်မူတည်၍ လိုအပ်သလိုတုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့အစမ္ပဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့ရွာများရှိပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။"**

( ၃-၉-၂၀၂၄ ရက်တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအားပြောကြားသည့် အမှာစကားမှကောက်နုတ်ချက် )

## ဇလွန်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇွန်လအတွင်း ပေါ်ဆန်းဆန် ၂၄ ပြည်ဝင် အိတ်ရေအများအပြား တင်ပို့ရောင်းချနိုင်ခဲ့



**ဇလွန် ဇူလိုင် ၁၆**

ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတခရိုင် ဇလွန်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇွန်လအတွင်း ပေါ်ဆန်းဆန် ၂၄ ပြည်ဝင် အိတ်ရေအများအပြား တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ဇလွန်မြို့နယ် ဆန်စပါးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ဝင်းမော်က ပြောပြ၍ သိရသည်။

ဇလွန်မြို့နယ်မှ ဆန်စပါးရောင်းဝယ်ရေးပွဲရုံပိုင်ရှင်များသည် ဒေသထွက်စပါးများကို ဝယ်ယူကြိတ်ခွဲပြီး ဆန်အဖြစ် ရန်ကုန်ဈေးကွက်သို့တင်ပို့ရောင်းချလျက်ရှိကြောင်း၊ ဇလွန်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ မေလအတွင်းက ပေါ်ဆန်းဆန် ၂၄ ပြည်ဝင် အိတ်ရေ ၅၅၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဇွန်လအတွင်း ပေါ်ဆန်းဆန် ၂၄ ပြည်ဝင် အိတ်ရေ ၇၂၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

"ဇလွန်မြို့နယ်ကနေ ရန်ကုန်ဆန်စပါးဈေးကွက်ကို ဇွန်လတွင်း ပေါ်ဆန်းဆန် ၂၄ ပြည်ဝင် အိတ်ရေ ၇၂၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရပါတယ်။ ဒီဒေသက ထွက်ရှိတဲ့ဆန်တွေက အရည်အသွေးကောင်းမွန်တာကြောင့် ပြည်တွင်းဆန်ဈေးကွက်က အဝယ်လိုက်နေပါတယ်။ လက်ရှိဒေသထွက်နွေစပါးလက်ကျန်အဟောင်းတွေကို ဝယ်ယူကြိတ်ခွဲပြီး ရန်ကုန်ဈေးကွက်ကို တင်ပို့ရောင်းချနေပါတယ်။ လက်ရှိမှာ ပေါ်ဆန်းဆန်တွေ အရောင်းအဝယ် ကောင်းနေတဲ့အတွက် စပါးစိုက်တောင်သူတွေနဲ့ စပါးတင်ပို့ရောင်းချမှုနဲ့ဆက်စပ်သူတွေ အဆင်ပြေနေပါတယ်"ဟု ဇလွန်မြို့နယ် ဆန်စပါးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ဝင်းမော်က ပြောပြသည်။

ဇလွန်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချခဲ့သည့် ပေါ်ဆန်းဆန် ၂၄ ပြည်ဝင် တစ်အိတ်လျှင် ငွေကျပ် ၁၁၉၀၀၀ ထိ ပေါက်ဈေးရှိကြောင်း၊ အဆိုပါဆန်များကို အဆက်မပြတ် တင်ပို့ရောင်းချနေရခြင်းကြောင့် ဆန်စပါးရောင်းဝယ်ရေးပွဲရုံပိုင်ရှင်များ၊ စပါးစိုက်ပျိုးတောင်သူများ၊ ကုန်တင်ယာဉ်အငှားလိုက်သူများ၊ ကုန်တင်ကုန်ချ လုပ်သားများ အဆင်ပြေနေကြောင်း သိရသည်။

**ကျော်ကျော်လင်း**

## မင်းဘူးမြို့နယ် မန်းကျိုးကျေးရွာ၌ ရေရရှိရေးလုပ်ငန်းများဆောင်ရွက်နေမှု စစ်ဆေး

**မင်းဘူး ဇူလိုင် ၁၆**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် မင်းဘူးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ သန့်ရှင်းသော သောက်သုံးရေ ဖူလုံစွာရရှိစေရန် ရည်ရွယ်၍ ယခုဘဏ္ဍာနှစ်တွင် ပြည်ထောင်စု ခွင့်ပြုရန်ပုံငွေဖြင့် မန်းကျိုးကျေးရွာ၌ ရေရရှိရေးလုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ဇူလိုင် ၁၅ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မင်းဘူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမြို့နယ်ဦးစီးမှူး ဦးအောင်ကိုကိုနှင့် တာဝန်ခံ အင်ဂျင်နီယာများက ကျေးရွာရေရရှိရေး ကော်မတီဝင်များနှင့်အတူ ဂါလန် ၂၄၀၀ ဆံ့ အမြင့်တင်ရေစင် တည်ဆောက်ခြင်း၊ စက်ရေတွင်းတူးဖော်ခြင်းနှင့် ဆက်စပ်လုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူး ဦးအောင်ကိုကိုက လုပ်ငန်းများကို သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အချိန်မီပြီးစီးအောင် ဆောင်ရွက်သွားရန်နှင့် လိုအပ်သည်များကို ဖြည့်စွက်မှာကြားခဲ့ကြောင်း သိရသည်။

မင်းဘူးမြို့နယ် မန်းကျိုးကျေးရွာ၌ အကျယ် ၄ ဒသမ ၅ လက်မ၊ အနက်ပေ ၃၀၀ ရှိ စက်ရေတွင်းတူးဖော်ခြင်း၊ ဂါလန် ၂၄၀၀ ဆံ့ အမြင့်တင်ရေစင်တည်ဆောက်ခြင်း၊ မီတာတပ်ဆင်ခြင်းနှင့် မီတာခန်း တည်ဆောက်ခြင်းလုပ်ငန်းများကို ယခုဘဏ္ဍာနှစ်၌ ပြည်ထောင်စု ခွင့်ပြုရန်ပုံငွေကျပ် ၄၇ ဒသမ ၅ သန်းဖြင့် Myint Zu Aung ကုမ္ပဏီက ယခုနှစ် ဇွန်လ တတိယပတ်မှ စတင်တာဝန်ယူဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၄၅ ရာခိုင်နှုန်းခန့် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း မင်းဘူးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ကိုကိုက ပြောပြ၍ သိရသည်။

**ဇင်မာ**

## မိတ်ဆွေအစစ်ကို ပေါင်းသင်းပါ

- ပြုသမျှကံ အကြောင်းမှန်မှ
  ကောင်းကံက ကိုယ့်ဆီလာ၊
  မကောင်းတာတွေ ပြုကျင့်တော့
  မကောင်းမှုဆင့်ကာ၊
  ကိုယ်နှုတ်နှလုံး သုံးပါးသာ
  ကောင်းမွန်စွာ နေထိုင်ပေး၊
  ကံကိုကွယ် ယိုးမယ်မဖွဲ့နှင့်
  ကောင်းကျိုးမြော်တွေး။

- ဉာဏ်ပညာ အသုံးချပေးလို့
  နှလုံးလှဆေး ဘဝတာ၊
  အမှားအမှန် အကြောင်းအကျိုး
  ကောင်းဆိုးလေ့လာ၊
  နေရာတိုင်း အသုံးချပါ
  ဘဝတစ်သက်တာ ကောင်းမွန်ဖို့၊
  မိတ်ကောင်းပမာ အကြောင်းဆက်
  ပေါင်းဖက်ကြစို့။

- လူတိုင်းကိုယ်စီ ပန်းတိုင်သို့
  လှမ်းကိုင်ဖို့ မျှော်ကာရည်၊
  ဇွဲလုံ့လကို အဓိကထား
  ဝီရိယနှင့်ချီ၊
  ကြိုးစားမှ ပန်းတိုင်ဆီ
  လှမ်းကိုင်နိုင်မည် မုချမလွဲ၊
  ကံဉာဏ်ဝီရိယသည် မိတ်ဆွေအစစ်မို့
  ချစ်ခင်လက်တွဲ။ ။

**ရွှေတိုး(ထုံးဘို)**

ကိုဗစ်-၁၉ ရောဂါကူးစက်ခံရမှုမှ ကာကွယ်နိုင်ရန်

လေဝင်လေထွက်ကောင်းမွန်စေရန် လေကောင်းလေသန့်နှင့် နေရောင်ခြည်အလင်းရောင် ရရှိစေရေးတို့အတွက် အိမ်ရှိတံခါးများကိုဖွင့်ထားပါ။



## နိုင်ငံတကာ သတင်းများ

# အများပြည်သူအားလပ်ရက် နှစ်ရက်ကို ပယ်ဖျက်ရန် ပြင်သစ်ဝန်ကြီးချုပ်အဆိုပြု

**ပဲရစ် ဇူလိုင် ၁၆**

နိုင်ငံ၏ ကုန်ထုတ်စွမ်းအား မြင့်မားလာရေးနှင့် ဝင်ငွေတိုးလာရေးတို့အတွက် အများပြည်သူ အားလပ်ရက်နှစ်ရက်ကို ဖျက်သိမ်းပေးရန် ပြင်သစ်ဝန်ကြီးချုပ် ဖရန်ဆွာဘေရူးက ဇူလိုင် ၁၅ ရက်တွင် အဆိုပြုခဲ့ကြောင်း သိရသည်။

အများပြည်သူ အားလပ်ရက်များအဖြစ်မှ ပယ်ဖျက်ပေးရန် ပြင်သစ်ဝန်ကြီးချုပ် အဆိုပြုထားသော အားလပ်ရက်နှစ်ရက်မှာ အီစတာတနင်္လာနေ့ အားလပ်ရက်နှင့် မေ ၈ ရက် အားလပ်ရက်တို့ဖြစ်သည်။

မေ ၈ ရက် အများပြည်သူ အားလပ်ရက်သည် ဥရောပ၌ ဒုတိယကမ္ဘာစစ်ပြီးဆုံးမှု အထိမ်းအမှတ်အဖြစ် သတ်မှတ်ထားသော အများပြည်သူ အားလပ်ရက်ဖြစ်သည်။

ပြင်သစ်နိုင်ငံ၌ မေလအတွင်း အများပြည်သူ အားလပ်ရက်များ များလွန်းသည်ဖြစ်ရာ အဆိုပါ အားလပ်ရက် နှစ်ရက်ကို ဖျက်သိမ်းခြင်းဖြင့် နိုင်ငံတော်၏ ကုန်ထုတ်စွမ်းအား မြင့်တက်လာမည်ဖြစ်ပြီး နိုင်ငံတော်၏ ဝင်ငွေမှာလည်း ယူရိုငွေ ဘီလီယံနှင့်ချီတိုးလာနိုင်ကြောင်း ပြင်သစ်ဝန်ကြီးချုပ်က ပြောကြားခဲ့သည်။

အစိုးရအသုံးစရိတ် လိုငွေပြမှုကို လျှော့ချရေးအစီအစဉ်အရ အများပြည်သူ အားလပ်ရက်နှစ်ရက်ကို ပယ်ဖျက်ပေးရန် ပြင်သစ်ဝန်ကြီးချုပ်က အဆိုပြုထားခြင်းဖြစ်သည်။

ပြင်သစ်ဝန်ကြီးချုပ် ဖရန်ဆွာဘေရူးသည် လူမှုဖူလုံရေးလုပ်ငန်းများအတွက် ငွေကြေးသုံးစွဲမှုများကိုလည်း ရပ်ဆိုင်းထားရန် ဇူလိုင် ၁၅ ရက်တွင် အဆိုပြုခဲ့ကြောင်း သိရသည်။

Ref : RT

Trs : KKO

# ယူကရိန်းပစ်မှတ်များကို မောင်းသူမဲ့လေယာဉ် အစင်း ၄၀၀ ကျော်ဖြင့် ရုရှားတိုက်ခိုက်

**ကီယက်ဗ် ဇူလိုင် ၁၆**

ရုရှားနိုင်ငံသည် ဇူလိုင် ၁၅ ရက်ညပိုင်းတွင် ယူကရိန်းစွမ်းအင်အခြေခံ အဆောက်အအုံများကို မောင်းသူမဲ့လေယာဉ်များ၊ ဒုံးကျည်များဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့ကြောင်း သိရသည်။

ရုရှားတပ်များအနေဖြင့် ဇူလိုင် ၁၅ ရက်ညပိုင်းတွင် ခါကစ်ဗ်မြို့အပါအဝင် ယူကရိန်းမြို့ကြီးသုံးမြို့ကို ပစ်မှတ်ထား၍ မောင်းသူမဲ့လေယာဉ် အစင်း ၄၀၀၊ ဘလစ်စတစ်ဒုံးကျည် တစ်စင်းတို့ဖြင့် တိုက်ခိုက်ခဲ့ကြောင်း ယူကရိန်းတာဝန်ရှိသူများက ပြောကြားခဲ့သည်။

ရုရှား၏ လေကြောင်းတိုက်ခိုက်မှုကြောင့် စွမ်းအင်ကဏ္ဍအခြေခံ အဆောက်အအုံများ ပျက်စီးခဲ့ရပြီး အနည်းဆုံး ၁၅ ဦး ဒဏ်ရာများရရှိခဲ့ကြောင်း ယူကရိန်းသမ္မတရုံးက သတင်းထုတ်ပြန်ထားသည်။

ယူကရိန်းပဋိပက္ခကို အဆုံးမသတ်ပါက အရေးယူပိတ်ဆို့မှုများ ပြုလုပ်မည်ဖြစ်ကြောင်း အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က ခြိမ်းခြောက်ထားသည့်တိုင် ရုရှားတပ်များက ယူကရိန်းနိုင်ငံကို ဆက်လက် တိုက်ခိုက်နေခြင်းဖြစ်သည်။

ဇူလိုင် ၁၅ ရက် လေကြောင်းတိုက်ခိုက်မှုအတွင်း ရုရှား မောင်းသူမဲ့လေယာဉ် အများစုကို ကြားဖြတ် ဟန့်တားနိုင်ခဲ့သော်လည်း မောင်းသူမဲ့လေယာဉ် ၅၇ စင်းနှင့် ဘလစ်စတစ်ဒုံးကျည်တို့မှာ ပစ်မှတ် ၁၂ ခုကို ထိမှန်ခဲ့ကြောင်း ယူကရိန်းတာဝန်ရှိသူများက ပြောကြားထားသည်။

ရုရှားနိုင်ငံသည် ယခုနှစ် နွေရာသီမှစ၍ ယူကရိန်းနိုင်ငံကို လေကြောင်းတိုက်ခိုက်မှုများ ပိုမိုပြုလုပ်လာခဲ့ကြောင်း သိရသည်။

Ref : RT

Trs : KKO



# တရုတ်သမ္မတရှီကျင့်ဖျင်နှင့် ဩစတြေးလျဝန်ကြီးချုပ်တို့ ပေကျင်းမြို့၌ တွေ့ဆုံဆွေးနွေး



**ပေကျင်း ဇူလိုင် ၁၆**

တရုတ်သမ္မတ ရှီကျင့်ဖျင်နှင့် ဩစတြေးလျဝန်ကြီးချုပ် အန်တိုနီ အယ်လ်ဘာနီစီတို့သည် ဇူလိုင် ၁၅ ရက်တွင် ပေကျင်းမြို့၌ တွေ့ဆုံဆွေးနွေးခဲ့ကြောင်း သိရသည်။

ဇူလိုင် ၁၅ ရက်တွေ့ဆုံဆွေးနွေးပွဲတွင် တရုတ်သမ္မတနှင့် ဩစတြေးလျဝန်ကြီးချုပ်တို့သည် နှစ်နိုင်ငံ ဆက်ဆံရေးကိစ္စရပ်များနှင့် ကုန်သွယ်ရေးကိစ္စများကို ဆွေးနွေးခဲ့ကြကြောင်း တရုတ်အစိုးရမီဒီယာများက သတင်းထုတ်ပြန်ထားသည်။

တရုတ်နှင့် ဩစတြေးလျနိုင်ငံတို့အနေဖြင့် ကုန်သွယ်ရေး လွတ်လပ်မှုကို ကာကွယ်စောင့်ရှောက် ရလိမ့်မည်ဖြစ်ကြောင်း တရုတ်သမ္မတရှီကျင့်ဖျင်က ဩစတြေးလျဝန်ကြီးချုပ်နှင့် တွေ့ဆုံစဉ် ပြောကြားခဲ့သည်။

တရုတ်နှင့် ဩစတြေးလျတို့ကြား သဘောထားကွဲပြားမှုများကို ဆွေးနွေးညှိနှိုင်းမှုလမ်းစဉ်ဖြင့် ဆက်လက်ဖြေရှင်းရန် ကြိုးစားမည်ဖြစ်ကြောင်း ဩစတြေးလျဝန်ကြီးချုပ် အယ်လ်ဘာနီစီက တရုတ်သမ္မတ ရှီကျင့်ဖျင်နှင့် တွေ့ဆုံပြီးနောက် ပြုလုပ်ခဲ့သော သတင်းစာရှင်းလင်းပွဲတွင် ပြောကြားခဲ့သည်။

ဩစတြေးလျ ဝန်ကြီးချုပ် အယ်လ်ဘာနီစီသည် ခြောက်ရက်ကြာ တရုတ်နိုင်ငံခရီးစဉ်အတွင်း တရုတ်ဝန်ကြီးချုပ် လီချန်းနှင့်လည်း တွေ့ဆုံဆွေးနွေးခဲ့သည်။

တရုတ်နိုင်ငံသည် ဩစတြေးလျနိုင်ငံ၏ အကြီးဆုံးကုန်သွယ်ဖက်နိုင်ငံလည်းဖြစ်ကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

# လော့စ်အိန်ဂျလိစ်၌ ဖြန့်ကြက်ထားသော အမျိုးသားအစောင့်တပ်ဖွဲ့ဝင် ၂၀၀၀ ပြန်ရုပ်သိမ်းမည်

**ဝါရှင်တန် ဇူလိုင် ၁၆**



လော့စ်အိန်ဂျလိစ်မြို့၌ ဖြန့်ကြက်ထားသော အမျိုးသားအစောင့် တပ်ဖွဲ့ဝင်များအနက် ဦးရေ ၂၀၀၀ ပြန်လည်ရုပ်သိမ်းရန် အမေရိကန် ကာကွယ်ရေးဝန်ကြီး ပီတီဟက်ဆက်က ညွှန်ကြားထားကြောင်း အမေရိကန်မီဒီယာများက ဇူလိုင် ၁၅ ရက်တွင် ရေးသားဖော်ပြထားသည်။

ယခုနှစ် ဇွန်လအစောပိုင်းအတွင်း လော့စ်အိန်ဂျလိစ်မြို့၌ လူဝင်မှုမူဝါဒဆန့်ကျင်ရေး ဆန္ဒပြပွဲများဖြစ်ပွားခဲ့ရာ ယင်းဆန္ဒပြပွဲများကို ထိန်းချုပ်ရေးအတွက် ဖက်ဒရယ်အစိုးရက လော့စ်အိန်ဂျလိစ်မြို့သို့ အမျိုးသားအစောင့်တပ်ဖွဲ့ဝင် ဦးရေ ၄၀၀၀ နှင့် မရိန်းတပ်ဖွဲ့ဝင် ဦးရေ ၇၀၀ တို့ကို စေလွှတ်ဖြန့်ကြက်ခဲ့သည်။

သို့သော် လက်ရှိအချိန်တွင် လော့စ်အိန်ဂျလိစ်မြို့၌ ပေါ်ပေါက်ခဲ့သော ဥပဒေမဲ့ဖြစ်ရပ်များ ပြီးဆုံးခဲ့ပြီဖြစ်ရာ အမျိုးသားအစောင့်တပ်ဖွဲ့ဝင် ဦးရေ ၂၀၀၀ ကို ရုပ်သိမ်းရန် ကာကွယ်ရေးဝန်ကြီး ဟက်ဆက်က ညွှန်ကြားထားကြောင်း ပင်တဂွန်စစ်ဌာနချုပ် ပြောရေးဆိုခွင့်ရှိသူက ပြောကြားထားသည်။

အမေရိကန်အစိုးရ အကောက်ခွန်နှင့် လူဝင်မှုကြီးကြပ်ရေးဌာနသည် ယခုနှစ် ဇွန်လအစောပိုင်းတွင် လော့စ်အိန်ဂျလိစ်မြို့တွင်းရှိ တရားမဝင်ရွှေ့ပြောင်းဝင်ရောက်သူများကို ရှာဖွေဖမ်းဆီးခဲ့ပြီးနောက် ဆန္ဒပြပွဲများ ဖြစ်ပွားခဲ့ရသည်။

လော့စ်အိန်ဂျလိစ် ဆန္ဒပြပွဲများကို ထိန်းချုပ်ရေးအတွက် အမေရိကန်အစိုးရသည် ၁၉၆၅ ခုနှစ်နောက်ပိုင်း ပထမဆုံးအကြိမ်အဖြစ် ပြည်နယ်အုပ်ချုပ်ရေးမှူးတစ်ဦး၏ ဆန္ဒကိုဆန့်ကျင်၍ အမျိုးသား အစောင့်တပ်ဖွဲ့ကို ဖြန့်ကြက်ခဲ့ခြင်းဖြစ်သည်။

လော့စ်အိန်ဂျလိစ်မြို့၌ အမျိုးသား အစောင့်တပ်ဖွဲ့ဝင်များ ဖြန့်ကြက်မှုကို ကယ်လီဖိုးနီးယားပြည်နယ်အုပ်ချုပ်ရေးမှူး နယူဆစ်က ကန့်ကွက်ထားကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

# အကျဉ်းထောင်များ လူကျပ်မှုပြဿနာကိုဖြေရှင်းရန် အကျဉ်းသား ၁၀၀၀၀ ကျော် အီတလီပြန်လွှတ်ပေးနိုင်

**ရောမ ဇူလိုင် ၁၆**

အကျဉ်းထောင်များ၌ အကျဉ်းသားဦးရေ လွန်ကဲပြည့်ကျပ်မှု ပြဿနာကို ဖြေရှင်းရေးအတွက် လူပေါင်း ၁၀၀၀၀ကျော်ကို အကျဉ်းထောင်များမှ ပြန်လွှတ်ပေးရန် အီတလီအစိုးရက စဉ်းစားနေကြောင်း ယနေ့သတင်းများတွင် ရေးသားဖော်ပြထားသည်။

အကျဉ်းထောင်များ၌ ထောင်သားများပြည့်ကျပ်မှုပြဿနာကို ဖြေရှင်းရေးအတွက် အကျဉ်းသား ၁၀၁၀၅ ဦးတို့ကို အကျဉ်းထောင်၌ ဆက်ထားမည့်အစား နေအိမ်အကျယ်ချုပ်ဖြင့် လည်းကောင်း၊ ခံဝန်ဖြင့်လည်းကောင်း ထောင်မှ လွှတ်ပေးရနိုင်ကြောင်း အီတလီ တရားရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်ထားသည်။

အဆိုပါ အကျဉ်းသားများ ပြန်လွှတ်ပေးရေး အစီအစဉ်တွင် လက်ကျန်ပြစ်ဒဏ်ကာလ နှစ်နှစ်အောက်သာရှိတော့သူများ၊ အကျဉ်းထောင်အတွင်း စည်းကမ်းချိုးဖောက်မှုမရှိခဲ့သူများ အကျုံးဝင်မည်ဖြစ်ကြောင်း သိရသည်။

သို့ရာတွင် အကြမ်းဖက်ဝါဒ ပြစ်မှုကျူးလွန်သူများ၊ အဓမ္မပြုကျင့်မှုကျူးလွန်သူများ၊ လူကုန်ကူးမှုကျူးလွန်သူများနှင့် ပြန်ပေးဆွဲမှုကျူးလွန်သူများ ပါဝင်ခြင်းမရှိကြောင်း အီတလီတရားရေးရာဝန်ကြီးဌာန သတင်းထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

အီတလီနိုင်ငံတွင်းရှိ အကျဉ်းထောင်များသည် ဥရောပ၌ အကျဉ်းသားအရေအတွက်နှင့် ပေးနိုင်သည့်နေရာအချိုးအစား အနည်းပါးဆုံး အကျဉ်းထောင်များထဲတွင် ပါဝင်သည်။


သို့ရာတွင်အကျဉ်းသားများကို လွှတ်ရက်မစေ့မီပြန်လွှတ်ပေးရေးမှာ နိုင်ငံရေးအရ အကဲဆတ်သည်ဖြစ်ရာ နေ့ချင်းညချင်းဖြစ်လာနိုင်ခြေမရှိကြောင်း အီတလီတရားရေးဝန်ကြီးဌာန တာဝန်ရှိသူများကပြောကြားထားသည်။

Ref : Xinhua

Trs : KKO

# SCIENCE AND TECHNOLOGY

## ရှီကျန်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၌ တည်ဆောက်ထားသည့် Ali CPT-1 ရေဒီယိုတယ်လီစကုပ်က စကြဝဠာစူးစမ်းလေ့လာရေးလုပ်ငန်းများကို စတင်နေပြီဖြစ်



ပေကျင်း ဇူလိုင် ၁၆

တရုတ်နိုင်ငံ အနောက်တောင်ပိုင်း ရှီကျန်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၌ တည်ဆောက်ထားသည့် Ali CPT-1 အမည်ရှိ ရေဒီယိုတယ်လီစကုပ်သည် စကြဝဠာစူးစမ်းလေ့လာရေးလုပ်ငန်းများကို စတင်နေပြီဖြစ်ကြောင်း ဇူလိုင် ၁၅ ရက် သတင်းများအရ သိရသည်။

Ali CPT-1 ရေဒီယိုတယ်လီစကုပ်သည် ဇူလိုင် ၁၂ ရက်တွင် လကမ္ဘာနှင့် ကြာသပတေးဂြိုဟ်ကို ဓာတ်ပုံများရိုက်ကူးခြင်းဖြင့် စူးစမ်းလေ့လာရေး လုပ်ငန်းများ တရားဝင်စတင်ခဲ့ခြင်းဖြစ်သည်။

Ali CPT-1 ရေဒီယိုတယ်လီစကုပ်သည် စကြဝဠာခေတ်ဦး ဒြပ်ဆွဲအားလှိုင်းများကို ရှာဖွေလေ့လာမည်ဖြစ်သည်ဟု တရုတ်သိပ္ပံပညာရှင်များက ပြောကြားခဲ့ကြောင်း သိရသည်။

စကြဝဠာခေတ်ဦး ဒြပ်ဆွဲအားလှိုင်းများကိုလေ့လာခြင်းဖြင့် စကြဝဠာ၏ မူလအစကို လေ့လာရာတွင် အထောက်အကူပြုနိုင်မည်ဖြစ်ကြောင်း သိရသည်။

Ali CPT-1 ရေဒီယိုတယ်လီစကုပ်ကို တရုတ်သိပ္ပံအကယ်ဒမီလက်အောက်ခံအဖွဲ့အစည်းတစ်ခုဖြစ်သည့် စွမ်းအင်ရူပဗေဒအင်စတီကျုမှ သိပ္ပံပညာရှင်များက တည်ဆောက်ထားခြင်းဖြစ်သည်။

Ali CPT-1 ရေဒီယိုတယ်လီစကုပ်ကို ပင်လယ်ရေမျက်နှာပြင်အထက် အမြင့် မီတာ ၅၂၅၀ ရှိ သောကုန်းမြင့်ဒေသ၌ ရှစ်နှစ်ကြာအချိန်ယူ တည်ဆောက်ခဲ့ရခြင်းဖြစ်ကြောင်း သိရသည်။

Ref : Xinhua News

Trs : KKO

## တီယန်ကျိုး-၉ အာကာသကုန်တင်ယာဉ်က တီယန်ကောင်းအာကာသစခန်းနှင့် ချိတ်ဆက်နိုင်ခဲ့

ပေကျင်း ဇူလိုင် ၁၆

တရုတ်အမျိုးသားအာကာသအေဂျင်စီ၏ တီယန်ကျိုး-၉ အာကာသ ကုန်တင်ယာဉ်သည် ဇူလိုင် ၁၅ ရက်က တီယန်ကောင်း အာကာသစခန်းနှင့် ချိတ်ဆက်နိုင်ခဲ့ကြောင်း သိရသည်။

တီယန်ကောင်း အာကာသစခန်းနှင့် ချိတ်ဆက်နိုင်ခဲ့ပြီးနောက် ရှန်ကျိုး-၂၀ အာကာသယာဉ်မှူးများက တီယန်ကျိုး-၉ အာကာသကုန်တင်ယာဉ်အတွင်း ဝင်ရောက်၍ ရိက္ခာပစ္စည်းများကို ရွှေ့ပြောင်းခဲ့ကြကြောင်း တရုတ်အမျိုးသားအာကာသအေဂျင်စီက သတင်းထုတ်ပြန်ထားသည်။

တရုတ်အမျိုးသား အာကာသအေဂျင်စီသည် တီယန်ကျိုး-၉ အာကာသကုန်တင်ယာဉ်ကို ဇူလိုင် ၁၄ ရက်တွင် ဝန်ချန်အာကာသစခန်းမှတစ်ဆင့် လောင်းမတ်ချ်-၇ ဒုံးပျံဖြင့် လွှတ်တင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

တီယန်ကျိုး-၉ အာကာသကုန်တင်ယာဉ်သည် တီယန်ကောင်း အာကာသစခန်းအတွက် စားနပ်ရိက္ခာနှင့် လောင်စာအပါအဝင် အထောက်အပံ့ပစ္စည်း ခုနစ်တန်ကျော် သယ်ဆောင်သွားကြောင်း သိရသည်။



တီယန်ကျိုး-၉ အာကာသကုန်တင်ယာဉ်သည် တရုတ်အမျိုးသားအာကာသအေဂျင်စီက တီယန်ကောင်းအာကာသစခန်းသို့ လွှတ်တင်ခဲ့သော စတုတ္ထမြောက် ထောက်ပို့မစ်ရှင်ဖြစ်သည်။

တီယန်ကျိုး-၉ အာကာသကုန်တင်ယာဉ်သည် လောင်းမတ်ချ် ဒုံးပျံများ၏ ၅၈၄ ခုမြောက်မစ်ရှင်ဖြစ်ကြောင်း သိရသည်။

Ref : Xinhua News

Trs : KKO

## ထူးဆန်းသည့် နေအဖွဲ့အစည်းပြင်ပဂြိုဟ်တစ်စင်းကို နာဆာသိပ္ပံပညာရှင်များ တွေ့ရှိ

ဝါရှင်တန် ဇူလိုင် ၁၆

ရေဒီယိုအချက်ပြလှိုင်းများ ထုတ်လွှင့်နေသော ထူးဆန်းသည့် နေအဖွဲ့အစည်းပြင်ပဂြိုဟ်တစ်စင်းကို အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ(နာဆာ) သိပ္ပံပညာရှင်များက တွေ့ရှိထားကြောင်း ဇူလိုင် ၁၅ ရက် သတင်းများအရ သိရသည်။



TOI-1846 b အမည်ရှိ အဆိုပါဂြိုဟ်သည် ကမ္ဘာမြေနှင့် အလင်းနှစ် ၁၅၄ နှစ်အကွာတွင် တည်ရှိပြီး အရွယ်အစားအားဖြင့် ကမ္ဘာမြေထက် နှစ်ဆပိုကြီးမားသည်။

TOI-1846 b ဂြိုဟ်သည် အရွယ်အစားသေးငယ်သော အနီရောင်ကြယ်သိမ်တစ်စင်းကို လေးရက်လျှင် တစ်ပတ်ကျလည့်ပတ်နေကြောင်း သိပ္ပံပညာရှင်များက တွက်ချက်ထားသည်။

TOI-1846 b ဂြိုဟ်မျက်နှာပြင်၏ အပူချိန်မှာ ၆၀၀ ဒီဂရီဖယ်ရင်ဟိုက်ထိရှိရာ ရေဓာတ်ကိုထိန်းထားနိုင်သည့် အခြေအနေတွင်ရှိပြီး နာဆာ သိပ္ပံပညာရှင်များသည် တက်စ်ဂြိုဟ်တု၏ အကူအညီဖြင့် TOI-1846 b ဂြိုဟ်ကို ရှာဖွေတွေ့ရှိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

၂၀၁၈ ခုနှစ်တွင် လွှတ်တင်ခဲ့သော တက်စ်ဂြိုဟ်တုသည် လက်ရှိအချိန်ထိ နေအဖွဲ့အစည်းပြင်ပဂြိုဟ်ပေါင်း ၆၃၀ ထိ ရှာဖွေတွေ့ရှိထားပြီးဖြစ်ကြောင်း သိရသည်။

Ref : Russia Today

Trs : KKO

# HEALTH

## အဆစ်အမျက်ရောင်ရမ်းမှု၊ နာကျင်ကိုက်ခဲမှုကို လျှော့ချနိုင်မည့် လေ့ကျင့်ခန်းပြုလုပ်မှုပုံစံတစ်မျိုး သုတေသနပညာရှင်များ ဖော်ထုတ်ထား

လန်ဒန် ဇူလိုင် ၁၆

အဆစ်အမျက် ရောင်ရမ်းမှု၊ နာကျင်ကိုက်ခဲမှုများကို နှစ်လအတွင်း လျှော့ချပေးနိုင်မည့် လေ့ကျင့်ခန်းပြုလုပ်မှုပုံစံတစ်မျိုးကို သုတေသနပညာရှင်များက ဖော်ထုတ်ထားကြောင်း ဇူလိုင် ၁၅ ရက် သတင်းများအရ သိရသည်။

အထက်ပါလေ့ကျင့်ခန်း ပြုလုပ်မှုပုံစံကို သွေးလေးဖက်နာရောဂါလူနာများအတွက် ရည်ရွယ်၍ ဖော်ထုတ်ထားခြင်းဖြစ်ကြောင်း ဗြိတိန်နိုင်ငံ လန်ဒန်ဘုရင့်ကောလိပ်မှ သုတေသနပညာရှင်များက ပြောကြားသည်။

အဆစ်အမျက် ရောင်ရမ်းမှုရောဂါလူနာများနှင့်သွေးလေးဖက်နာရောဂါ လူနာများအနေဖြင့် ကြွက်သားသန်မာရေး လေ့ကျင့်ခန်းများကို သီတင်းတစ်ပတ်လျှင် နှစ်ကြိမ်ထိ အချိန်ပေးလုပ်ခဲ့ပါက နှစ်လအတွင်း နာကျင်ကိုက်ခဲမှုပြဿနာကို လျှော့ချနိုင်ကြောင်း သိရသည်။

လက်ရှိတွင် ဗြိတိန်သုတေသနပညာရှင်များသည် သွေးလေးဖက်နာရောဂါလူနာများနှင့် အဆစ်အမျက်ရောင်ရမ်းမှုရောဂါ လူနာများကို အထက်ပါလေ့ကျင့်ခန်းပြုလုပ်မှုပုံစံနှင့် ဆေးဝါးများတွဲဖက်၍ စမ်းသပ်ကုသရန်စီစဉ်ထားကြောင်း သိရသည်။

သွေးလေးဖက်နာရောဂါသည် ကျန်းမာသည့်အရိုးအဆစ်တစ်ရှူးများကို ခုခံအားစနစ်က မှားယွင်းတိုက်ခိုက်ချိန်တွင် ဖြစ်ပွားတတ်သည့် ရောဂါဖြစ်ကြောင်း သိရသည်။

Ref : Russia Today

Trs : KKO

## သက်ကြီးပိုင်းများ တစ်ပတ်လျှင် ကြက်ဥနှစ်လုံး စားပါက အယ်ဇိုင်းမားဖြစ်နိုင်ခြေ လျှော့ချနိုင်

နယူးယောက် ဇူလိုင် ၁၆

သက်ကြီးပိုင်းများအနေဖြင့် သီတင်းတစ်ပတ်လျှင် ကြက်ဥနှစ်လုံး စားသုံးပေးပါက အယ်ဇိုင်းမားရောဂါဖြစ်နိုင်ခြေ လျှော့ချနိုင်ဖွယ်ရှိကြောင်း သုတေသနပညာရှင်များက ဇူလိုင် ၁၅ ရက်တွင် ပြောကြားသည်။

အမေရိကန်သုတေသနပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ ကြက်ဥတွင်ပါဝင်သည့် အာဟာရဓာတ်များအနက် Choline ခေါ် အာဟာရဓာတ်တစ်မျိုးမှာ အယ်ဇိုင်းမားရောဂါဖြစ်နိုင်ခြေကို လျှော့ချရာတွင် အထောက်အကူပြုနိုင်ကြောင်း သိရသည်။

Choline သည် အသည်းနှင့် ဦးနှောက်ဖွံ့ဖြိုးရေးအတွက် အရေးပါသည့်အာဟာရဓာတ်တစ်မျိုးဖြစ်ပြီး အာရုံနှာဗ်ဆဲလ်စနစ်ကျန်းမာရေးကိုထိန်းပေးနိုင်ကြောင်း အမေရိကန်သုတေသနပညာရှင်များက ပြောကြားသည်။

အမေရိကန်သုတေသနပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ သက်ကြီးပိုင်းများအနေဖြင့် သီတင်းတစ်ပတ်လျှင် ကြက်ဥနှစ်လုံးထိ စားပေးပါက အယ်ဇိုင်းမားရောဂါဖြစ်နိုင်ခြေကို ၄၀ ရာခိုင်နှုန်းလျှော့ချနိုင်ကြောင်း သိရသည်။

အယ်ဇိုင်းမားရောဂါသည် ဦးနှောက်ဆဲလ်များကို ဖျက်ဆီးတတ်သည့် အဆိပ်အတောက်ရှိ ပရိုတင်းများ ဦးနှောက်အတွင်း စုစည်းမှုကြောင့် ဖြစ်ပွားရဖွယ်ရှိကြောင်း သိရသည်။

Ref : Sputnik News

Trs : KKO



## နိုင်ငံတကာ အားကစားသတင်းများ

# ဘိုတာဖိုဂိုကစားသမား အယ်မာဒါကို အေတီကိုအသင်း ယူရို သန်း ၂၀ ဖြင့်ခေါ်ယူ

**မက်ဒရစ် ဇူလိုင် ၁၆**

အေတီကို အသင်းသည် ဘရာဇီးကလပ် ဘိုတာဖိုဂိုအသင်းတွင် ခြေစွမ်းပြသနေသည့် ကွင်းလယ်တိုက်စစ် ကစားသမား အယ်မာဒါကို ပြောင်းရွှေ့ကြေး ယူရို သန်း ၂၀ ဖြင့် ခေါ်ယူရန် သဘောတူညီမှုရရှိခဲ့ပြီး လာမည့် ၂၀၂၉ ခုနှစ်ထိ လေးနှစ်စာချုပ် ချုပ်ဆိုမည်ဖြစ်ကြောင်း သိရသည်။

အေတီကိုအသင်းသည် ယခု အပြောင်းအရွှေ့ကာလ စတင်ချိန်တွင် အသင်းတိုက်စစ်ပိုင်းမှ ကော်ရီယာကို မက္ကဆီကိုကလပ် တီဂရီအသင်းသို့ ပြောင်းရွှေ့ခွင့်ပြုခဲ့ပြီးနောက် တိုက်စစ်ပိုင်း ဖြည့်တင်းရန်အတွက် ယခုလအစကတည်းက ဘိုတာဖိုဂိုအသင်းမှ တိုက်စစ်ကစားသမား အယ်မာဒါကိုခေါ်ယူရန် ကြိုးပမ်းခဲ့ရာ လက်ရှိတွင် ယူရို သန်း ၂၀ ဖြင့် ခေါ်ယူရန် သဘောတူညီမှု ရရှိခဲ့ခြင်းဖြစ်သည်။

အသက် ၂၄ နှစ်ရှိ အယ်မာဒါသည် ကွင်းလယ်ပိုင်းတွင်သာမက တောင်ပံတိုက်စစ်ပိုင်းတွင်လည်း လိုက်ပါ ကစားနိုင်သည့်အတွက် နည်းပြဆီမြွန်နီက ဗီလာရီးရဲလ်အသင်းမှ ခေါ်ယူထားသည့် ဘေနာနှင့် တွဲဖက်အသုံးပြု၍ ကွင်းလယ် တိုက်စစ်ပိုင်းကို အကောင်းဆုံး တည်ဆောက်မည်ဖြစ်ပြီး တိုက်စစ်မှူး ဂရစ်ဇ်မန်းကို ပံ့ပိုးမှုများပြုလုပ်ကာ တိုက်စစ်ပိုင်းစွမ်းဆောင်ရည်ကို မြှင့်တင်သွားမည်ဖြစ်ကြောင်း သိရသည်။

အယ်မာဒါသည် ယခုနှစ်အတွင်း ပြင်သစ်ကလပ် လိုင်ယွန်အသင်းတွင် ကစားခဲ့စဉ်က ခြေစွမ်းပြသနိုင်ခဲ့ပြီး ဥရောပအတွေ့အကြုံကောင်းများရှိသည့် ကစားသမားတစ်ဦးဖြစ်ကာ မေဂျာလိဂ်ကလပ်တွင်လည်း ကစားသမားဘဝ အောင်မြင်မှု ရခဲ့သောကြောင့် နည်းပြဆီမြွန်နီက ကော်ရီယာ၏ နေရာကို အစားထိုးနိုင်မည်ဟု ယုံကြည်နေကြောင်း သိရသည်။

Ref : Fotmob

Trs : ML



# ဆလားဗီးယား ခံစစ်ကစားသမား မာလစ်ဒီယော့ကို ဝက်စ်ဟမ်းအသင်း ခေါ်ယူ




**လန်ဒန် ဇူလိုင် ၁၆**

ဝက်စ်ဟမ်း အသင်းသည် ယခုနွေရာသီ အပြောင်းအရွှေ့ကာလတွင် နိုက်အသင်းမှ တော့တီဘိုအား အပြီးသတ်ခေါ်ယူခဲ့ပြီးနောက် ချက်ကလပ် ဆလားဗီးယားအသင်းမှ ခံစစ်ကစားသမား မာလစ်ဒီယော့ကို ဒုတိယမြောက် ကစားသမားအဖြစ် ခေါ်ယူခဲ့ကြောင်း သိရသည်။

ဝက်စ်ဟမ်း အသင်းသည် အသက် ၂၀ ရှိ လူငယ်ခံစစ်ကစားသမားကို ပြောင်းရွှေ့ကြေး စတာလင်ပေါင် ၁၉ သန်းဖြင့် ခေါ်ယူနိုင်ခဲ့ပြီး ၂၀၃၀ ပြည့်နှစ်ထိ စာချုပ်ချုပ်ဆိုရန် သဘောတူညီမှုရရှိခဲ့ခြင်း ဖြစ်သည်။

မာလစ်ဒီယော့သည် ၂၀၂၄-၂၀၂၅ ဘောလုံးရာသီက အမှတ်ပေးပြိုင်ပွဲတွင် ဆလားဗီးယားအသင်းအတွက် ၂၇ ပွဲထိ ပါဝင်ကစားခဲ့ရာ clean sheet ရှစ်ပွဲထိ ရရှိအောင်စွမ်းဆောင်နိုင်ခဲ့ပြီး အသင်းအနေဖြင့်လည်း အမှတ်ပေးဇယားတွင် ရမှတ် ၉၀ ရရှိ၍ အဆင့်(၁)နေရာတွင် ရပ်တည်နိုင်ခဲ့သောကြောင့် ချန်ပီယံဆုဖလား ဆွတ်ခူးနိုင်ခဲ့ကြောင်း သိရသည်။

မာလစ်ဒီယော့က "အခုအပြောင်းအရွှေ့မှာ ကျွန်တော့်ကို ကမ်းလှမ်းလာတဲ့ အသင်းတွေရှိပေမဲ့ ကျွန်တော် နည်းပြဂရာဟမ်ပေါ်တာနဲ့ ဆွေးနွေးပြီးချိန်မှာ ဝက်စ်ဟမ်းအသင်းကို ပြောင်းရွှေ့ဖို့ဆုံးဖြတ်ခဲ့တာပါ။ ဝက်စ်ဟမ်းအသင်းဟာ အနာဂတ်အစီအစဉ်ကောင်းတွေရှိတာကြောင့် ရွေးချယ်ခဲ့တာပါ"ဟု ပြောကြားခဲ့သည်။

ဝက်စ်ဟမ်း အသင်းသည် ယခုအပြောင်းအရွှေ့ ကာလတွင် ခံစစ်ပိုင်းမှ ကူဘယ်၊ ဇူးမား၊ ခရက်စဝဲလ်နှင့် အန်တိုနီယို၊ ဒန်နီအင့်၊ ဖေဘီယန်စကီးတို့ကို အလွတ်ပြောင်းရွှေ့ကြေးများဖြင့် လက်လွှတ်ခဲ့သည့်အပြင် တောင်ပံကစားသမား ကူဒက်ကိုလည်း စတာလင်ပေါင် ၅၅ သန်းဖြင့် စပါးအသင်းကို ရောင်းချခဲ့ကြောင်း သိရသည်။

Ref : Fotmob

Trs : ML

# အေစီမီလန်က ခေါ်ယူရန်ကြိုးပမ်းနေသည့် ဖရန်စစ်ကိုဂါစီယာအတွက် ယူရို သန်း ၂၀ အလိုရှိကြောင်း ရီးရဲလ်ထုတ်ပြန်

**မီလန် ဇူလိုင် ၁၆**

အေစီမီလန် အသင်းသည် လက်ရှိ အပြောင်းအရွှေ့ကာလတွင် အယ်ဟိုင်လာအသင်းသို့ ပြောင်းရွှေ့သွားသည့် ခံစစ်ကစားသမား သီအိုဟာနန်ဒက်ဇ်နေရာတွင် အစားထိုးရန်အတွက် ရီးရဲလ်မက်ဒရစ်အသင်း ခံစစ်ကစားသမား ဖရန်စစ်ကိုဂါစီယာကိုခေါ်ယူရန် ပစ်မှတ်ထားခဲ့ရာ ရီးရဲလ်မက်ဒရစ်တာဝန်ရှိသူများက ကစားသမားအတွက် ယူရို သန်း ၂၀ အလိုရှိကြောင်း ထုတ်ပြန်ခဲ့သည်။

အသက် ၂၅ နှစ်ရှိ ဖရန်စစ်ကိုဂါစီယာသည် ဖီဖာကလပ်ကမ္ဘာ့ဖလားပြိုင်ပွဲတွင် ရီးရဲလ်မက်ဒရစ်အသင်းနှင့် အကောင်းဆုံးခြေစွမ်းပြသနိုင်ခဲ့ပြီးနောက် အေစီမီလန်အသင်းက သီယိုဟာနန်ဒက်ဇ်နေရာတွင် အစားထိုးရန်ဆုံးဖြတ်ခဲ့ပြီး လက်ရှိတွင် အေစီမီလန်အသင်း အားကစားဒါရိုက်တာက ရီးရဲလ်တာဝန်ရှိသူများနှင့် ဆွေးနွေးရန် ပြင်ဆင်ခဲ့သောကြောင့် ရီးရဲလ်မက်ဒရစ်အသင်းက ကလပ်အသင်းနှစ်ခုကြား ဆက်ဆံရေး ပိုမိုခိုင်မာလိုသဖြင့် ဖရန်စစ်ကိုဂါစီယာကို ယူရိုသန်း ၂၀ ပေးချေပါက လက်လွှတ်သွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ဖရန်စစ်ကိုဂါစီယာသည် ရီးရဲလ်မက်ဒရစ်အကယ်ဒမီထွက် ကစားသမားတစ်ဦးဖြစ်ပြီး ၂၀၂၃ ခုနှစ်က အသင်းကြီးသို့ စတင်ခေါ်ယူခံရသော်လည်း ဖာလန်းမန်ဒီနောက်တွင်ကစားနေရပြီး ပွဲကစားခွင့်မပေးနိုင်သောကြောင့် ဗယ်လ်ကာနိုအသင်းသို့ ပြန်လည်ခေါ်ယူခွင့်ပါသည့်စာချုပ်ဖြင့် စေလွှတ်ခဲ့ပြီးနောက် အသင်းနှင့် ပြန်လည်ပူးပေါင်းချိန်တွင် ပုံစံကောင်းပြသနိုင်ခဲ့သူဖြစ်သည်။

လက်ရှိတွင် ရီးရဲလ်မက်ဒရစ်အသင်းသည် ဘယ်တောင်ပံခံစစ်ပိုင်းအတွက် အသက် ၂၂ နှစ်ရှိ ဘင်ဖီကာအသင်းမှ ကာရီးရက်စ်ကို ခေါ်ယူနိုင်ခဲ့သောကြောင့် ဖရန်စစ်ကိုဂါစီယာကို ပထမဦးစားပေး ကစားသမားအဖြစ် အသုံးပြုနိုင်မည်မဟုတ်သဖြင့် ဖရန်စစ်ကိုဂါစီယာအနေဖြင့် အနာဂတ်အတွက် ဆုံးဖြတ်ချက်ချ၍ ပုံမှန်ပွဲကစားခွင့်ရရှိမည့် အသင်းသို့ ပြောင်းရွှေ့နိုင်ကြောင်း သိရသည်။

Ref : Goal.com

Trs : ML

# မိသားစုအရေးကိစ္စ ထိခိုက်လာပါက ကစားသမားဘဝကို စွန့်လွှတ်မည်ဟု ကမ္ဘာ့အဆင့်(၁)ဂေါက်သီးရိုက်ကစားသမား စကော့တီရှက်ဖလာပြောကြား

**ဝါရှင်တန် ဇူလိုင် ၁၆**

ကမ္ဘာ့အဆင့်(၁) နေရာတွင် ရပ်တည်နေသည့် အမေရိကန် ဂေါက်သီးရိုက်ကစားသမား စကော့တီရှက်ဖလာက မိသားစုအရေးကိစ္စကို ထိခိုက်မှုရှိလာပါက ဂေါက်သီးရိုက် ကစားသမားဘဝကို စွန့်လွှတ်မည်ဖြစ်ကြောင်း ယနေ့တွင် ထုတ်ပြန်ကြေညာခဲ့သည်။

စကော့တီရှက်ဖလာ သည် လက်ရှိ အအောင်မြင်ဆုံးသော ဂေါက်သီးရိုက်ကစားသမားတစ်ဦးဖြစ်ပြီး ဂေါက်သီးရိုက်အားကစားကို ချစ်မြတ်နိုးသော်လည်း ၎င်း၏ ဦးစားပေးကိစ္စမှာ မိသားစုအရေးသာဖြစ်ကြောင်း ပြောကြားခဲ့သည်။

စကော့တီရှက်ဖလာ သည် မိသားစုကိုသာ ပို၍အချိန်ပေးလိုပြီး ဂေါက်သီးရိုက်အားကစားသမားဘဝတွင် ကျင်လည်စဉ် မိသားစုအား အချိန်ပေးနိုင်မှု လျော့နည်းလာပါက မိသားစုကိုသာ ရွေးချယ်မည်ဖြစ်ကြောင်းလည်း ပြောကြားခဲ့သည်။

စကော့တီရှက်ဖလာ သည် The Open Championship ဂေါက်သီးရိုက်ပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ရန်ပြင်ဆင်နေပြီး The Open Championship ဂေါက်သီးရိုက်ပြိုင်ပွဲသည် ဂေါက်သီးရိုက်လောက၏ အထင်ကရပြိုင်ပွဲဖြစ်သည့်အတွက် ပြိုင်ပွဲအတွက် အကောင်းဆုံး ပြင်ဆင်နေကြောင်း ပြောကြားခဲ့သည်။

စကော့တီရှက်ဖလာက "ဂေါက်သီးရိုက်အားကစားကို ချစ်မြတ်နိုးပါတယ်။ ပြိုင်ပွဲတွေဝင်နေရတာကိုလဲသဘောကျတယ်။ ကျွန်တော့်ရဲ့အိပ်မက်ဖြစ်တဲ့ ဂေါက်သီးရိုက်လောကမှာ ကျင်လည်နေရတာကို အရမ်းသဘောကျပါတယ်။ ဒါပေမဲ့လဲ ကျွန်တော့်ဘဝရဲ့ ဦးစားပေးကဏ္ဍကတော့ မိသားစုပါပဲ။ မိသားစုကိုပဲ အချိန်ပေးဖို့အတွက် ဦးစားပေး စဉ်းစားပါတယ်။ ဂေါက်သီးရိုက် အားကစားကြောင့်



မိသားစုကို အချိန်အနည်းငယ်သာ ပေးနိုင်တော့တဲ့ အခြေအနေရောက်လာရင်တော့ ကစားသမားဘဝကို ကျွန်တော်စွန့်လွှတ်မှာပါ"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

Ref : RT

Trs : AZL

## အားကစားသတင်းအတိုအထွာများ

- ခံစစ်ကစားသမား ဂျွန်စတုန်းအပါအဝင် နွေရာသီအပြောင်းအရွှေ့ကာလတွင် ကစားသမားခြောက်ဦးထိ ရောင်းချမည်ဖြစ်ကြောင်း မန်စီးတီးအသင်းက ထုတ်ပြန်ခဲ့သည်။
- အေဗီလာအသင်းကခေါ်ယူရန် ပစ်မှတ်ထားနေသည့် လိုက်ပ်ဇစ်ခံစစ်ကစားသမား ကော့စတာသည် အသင်းနှင့် နောက်ထပ်တစ်နှစ်သက်တမ်းတိုးခဲ့သောကြောင့် ခေါ်ယူရန် လက်လျှော့ခဲ့ရကြောင်း သိရသည်။
- ဘုန်းမောက်အသင်းက ချဲလ်ဆီးအသင်းဂိုးသမား ပက်ထရိုဗစ်အား ပြောင်းရွှေ့ကြေး စတာလင်ပေါင် ၂၅ သန်းဖြင့်ခေါ်ယူခဲ့ပြီး ငါးနှစ်စာချုပ် ချုပ်ဆိုခဲ့သည်။
- ယူအီးအက်ဖ်အေက မွန်တီနီဂရိုးကလပ် အာဆင်နယ်တိဗက်အသင်းကို ၂၀၂၃ ခုနှစ် ယူရိုပါကွန်ဖရင့်လိဂ်ခြေစစ်ပွဲတွင် လုပ်ပွဲကစားမှုကြောင့် ၁၀ နှစ်ပွဲပယ်ပြစ်ဒဏ်ချမှတ်ခဲ့သည်။

ML

# IBO အပြည်ပြည်ဆိုင်ရာ စူပါဖယ်သာဝိတ်တန်း ချန်ပီယံကာကွယ်ပွဲအဖြစ် ဘယ်မီဒီနှင့် ထိုးသတ်မည်ဟု တရုတ်လက်ဝှေ့သမား ရှုကန်ပြောကြား



ပေကျင်း ဇူလိုင် ၁၆

IBO အပြည်ပြည်ဆိုင်ရာ စူပါဖယ်သာဝိတ်တန်း ချန်ပီယံ တရုတ်လက်ဝှေ့သမား ရှုကန်သည် ချန်ပီယံ ကာကွယ်ပွဲစဉ်အဖြစ် ပြင်သစ်လက်ဝှေ့သမား ဘယ်မီဒီနှင့် ဩဂုတ် ၁၅ ရက်တွင် တရုတ်နိုင်ငံ ပေကျင်းမြို့၌ ထိုးသတ်သွားမည်ဖြစ်ကြောင်း ယနေ့တွင် ထုတ်ပြန်ခဲ့သည်။

ရှုကန်၏ Promotion ကုမ္ပဏီဖြစ်သည့် M23 က ပွဲစီစဉ်ပေးခဲ့ခြင်းဖြစ်ပြီး ရှုကန်အတွက် IBO အပြည်ပြည်ဆိုင်ရာ စူပါဖယ်သာဝိတ်တန်း ချန်ပီယံခါးပတ်အား ဆွတ်ခူးခဲ့ပြီးနောက် ပထမဆုံးအကြိမ် လက်ရှိချန်ပီယံကို ကာကွယ်ထိုးသတ်သွားမည်လည်းဖြစ်သည်။

ရှုကန်သည် လက်ဝှေ့လောကတွင် စိန်ခေါ်ပွဲပေါင်း ၂၄ ပွဲ ထိုးသတ်ထားပြီး လေးပွဲရှုံးထားကာ စိန်ခေါ်သူ ဘယ်မီဒီက စိန်ခေါ်ပွဲပေါင်း ၂၇ ပွဲထိုးသတ်ကာ တစ်ပွဲရှုံးနိမ့်ထားသည်။

အသက် ၃၁ နှစ်အရွယ် ရှုကန်အနေဖြင့် အသက် ၂၇ နှစ်အရွယ် ဘယ်မီဒီထက် ပွဲအရေအတွက် နည်းသော်လည်း အတွေ့အကြုံပိုင်း ကွာဟမှုမရှိသည့်အတွက် ပွဲကောင်းတစ်ပွဲဖြစ်လာနိုင်သည်။

ရှုကန်က "လက်ဝှေ့လောကမှာ ကျွန်တော့်အနေနဲ့ ရှုံးပွဲတွေနဲ့ ရင်ဆိုင်ခဲ့ရဖူးသလို ခက်ခဲတဲ့ အခြေအနေတွေနဲ့ ရင်ဆိုင်ခဲ့ရဖူးတယ်။ ဒါတွေအားလုံးကိုလဲ ကျော်ဖြတ်နိုင်လာခဲ့ပါပြီ။ ကျွန်တော့် ပရိသတ်တွေရဲ့ အားပေးမှုကြောင့် ကျွန်တော့်မှာ ခွန်အားတွေရှိလာပြီးတော့ နောက်ထပ်အောင်မြင်မှု ဆွတ်ခူးနိုင်ဖို့အတွက် တက်ကြွနေပါတယ်။ လက်ဝှေ့လောကမှာ ဖြတ်သန်းခဲ့တဲ့ ၁၀ နှစ်တာ ကာလအတွင်း ပရိသတ်တွေရဲ့အားပေးမှုက အဓိကကျခဲ့ပါတယ်။ အခု လက်ရှိချန်ပီယံ ကာကွယ်ပွဲစဉ်ကို ကိုယ့်နိုင်ငံမှာ ထိုးသတ်ခွင့်ရမှာဖြစ်လို့လဲ စိတ်ခံစားပိုင်းဆိုင်ရာမှာ တော်တော်လေးကို ကောင်းမွန်နေတယ်။ အခုကျွန်တော်ရင်ဆိုင်ရမဲ့ ပြိုင်ဘက်က ခက်ခဲတဲ့ပြိုင်ဘက်တစ်ယောက်ပါ။ သူ့ရဲ့မှတ်တမ်းတွေကလဲ အထင်ကြီးစရာကောင်းပါတယ်" ဟု ပြောကြားခဲ့ကြောင်း သိရသည်။

Ref : Xinhua

Trs : AZL

# ဖြိုတိန်ကြယ်ပွင့်တင်းနစ်မယ် တာရာမိုးတားမြစ်ဆေး သုံးစွဲမှုကြောင့် လေးနှစ်ပွဲပယ်ပြစ်ဒဏ်ချမှတ်ခံရ

လန်ဒန် ဇူလိုင် ၁၆

ဖြိုတိန်ကြယ်ပွင့် တင်းနစ်မယ်ဖြစ်သည့် တာရာမိုးသည် တားမြစ်ဆေးသုံးစွဲထားကြောင်း စစ်ဆေးတွေ့ရှိရမှုအတွက် Court of Arbi– tration for Sport (Cas)က တာရာမိုးအား လေးနှစ်ပွဲပယ်ပြစ်ဒဏ် ချမှတ်ကြောင်း ယနေ့တွင် ထုတ်ပြန်ကြေညာခဲ့သည်။

တာရာမိုးသည် ၂၀၂၃ ခုနှစ် ဒီဇင်ဘာလက တားမြစ်ဆေး သုံးစွဲထားကြောင်း စစ်ဆေးတွေ့ရှိခဲ့ရပြီးနောက် တာရာမိုး၏အမှုကို စစ်ဆေးမှုပြုလုပ်ခဲ့ပြီး ၁၉ လ အကြာ တင်းနစ်အားကစားဖြင့် ကင်းကွာခဲ့ရသည်။

တာရာမိုးအနေဖြင့် တားမြစ်ဆေးအား ရည်ရွယ်ချက်ရှိရှိ သုံးစွဲခဲ့ခြင်း မဟုတ်ကြောင်းကို International Tennis Integrity Agency (ITIA)က Court of Arbi– tration for Sport (Cas)ထံသို့ အယူခံဝင်ပေးခဲ့သော်လည်း ပယ်ချခံခဲ့ရပြီးနောက် ဇူလိုင် ၁၅ ရက်တွင် တာရာမိုးအား လေးနှစ်ပွဲပယ်ပြစ်ဒဏ်ချမှတ်ကြောင်း Cas က တရားဝင်ထုတ်ပြန်လာခဲ့သည်။

တာရာမိုးသည် Nandrolone ဆေးအမျိုးအစားကို အသုံးပြုခဲ့ခြင်းဖြစ်ပြီး သွေးနမူနာကိုစစ်ဆေးခဲ့ရာတွင် တားမြစ်ဆေးပမာဏမှာ မြင့်မားနေကြောင်းလည်း သိရသည်။

Ref : RT

Trs : AZL



# AFC Challenge League ပြိုင်ပွဲ Play-off ပွဲစဉ်အဖြစ် ရန်ကုန်ယူနိုက်တက်အသင်းနှင့် Ezra အသင်းတို့ပွဲစဉ်ကို မြန်မာနိုင်ငံက အိမ်ရှင်အဖြစ်လက်ခံကျင်းပမည်

ရန်ကုန် ဇူလိုင် ၁၆

AFC Challenge Leagueပြိုင်ပွဲ Play–off ပွဲစဉ်အဖြစ် ကစားမည့် ရန်ကုန်ယူနိုက်တက် အသင်းနှင့် လာအိုကလပ် Ezra အသင်းတို့ ပွဲစဉ်ကို မြန်မာနိုင်ငံက အိမ်ရှင် အဖြစ် လက်ခံကျင်းပမည်ဖြစ်ကြောင်း သိရသည်။

AFC Challenge Leagueပြိုင်ပွဲ Play–off ပွဲစဉ်အဖြစ် ကစားမည့် ရန်ကုန်ယူနိုက်တက် အသင်းနှင့် Ezra အသင်းတို့ပွဲစဉ်ကို အစောပိုင်းက လာအိုနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပခွင့်ရရှိထားသော်လည်း Ezra အသင်းက အိမ်ရှင်အဖြစ် လက်ခံကျင်းပနိုင်ခြင်းမရှိသည့်အတွက် မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပသွားမည်ဖြစ်သည်။

ရန်ကုန်ယူနိုက်တက် အသင်းသည် ပြီးခဲ့သည့် မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲတွင် အမှတ်ပေးဇယားအဆင့်(၂)နေရာတွင် ရပ်တည်နိုင်ခဲ့သည့်အတွက် AFC Challenge League ပြိုင်ပွဲကို Play–off အဆင့်မှစတင်ကစားခဲ့ရခြင်းဖြစ်သည်။

AFC Challenge League ပြိုင်ပွဲ Play–off ပွဲစဉ်အဖြစ်ကစားမည့် ရန်ကုန်ယူနိုက်တက် အသင်းနှင့် လာအိုကလပ် Ezra အသင်းတို့ ပွဲစဉ်ကို အိမ်ရှင်နိုင်ငံအပြောင်းအလဲ လုပ်ဆောင်ခဲ့သော်လည်း ပွဲကစားမည့်ရက်ကို အပြောင်းအလဲ လုပ်ဆောင်သွားမည်မဟုတ်ဘဲ မူလအတိုင်း ဩဂုတ် ၁၂ ရက် ညနေ ၄ နာရီတွင် ရန်ကုန်မြို့ သုဝဏ္ဏ အားကစားကွင်း၌ ကျင်းပသွားမည် ဖြစ်ကြောင်း သိရသည်။

STA

# ဘယ်လင်ဟမ်အနေဖြင့် ကာလရှည်ခံစားနေရသည့် ပခုံးဒဏ်ရာခွဲစိတ်ကုသမှုကြောင့် အောက်တိုဘာလထိ အနားယူရမည်ဟုဆို



မက်ဒရစ် ဇူလိုင် ၁၆

ရီးရဲလ်မက်ဒရစ် အသင်း အဓိက ကွင်းလယ်ကစားသမားတစ်ဦးဖြစ်သည့် ဘယ်လင်ဟမ်သည် ကာလရှည်ခံစားနေရသည့် ပခုံးဒဏ်ရာကို ခွဲစိတ်ကုသမှုခံယူခဲ့ပြီးနောက် အောက်တိုဘာလထိ အနားယူရဖွယ်ရှိနေကြောင်း သိရသည်။

ဘယ်လင်ဟမ်သည် ပခုံးဒဏ်ရာကို ကာလရှည်ခံစားနေခဲ့ရသော်လည်း အသင်းနှင့်အတူ အဓိကပြိုင်ပွဲများကို မလွဲချော်လိုနေသည့်အတွက် အကာအကွယ်ပစ္စည်းများအသုံးပြုပြီး ကစားခဲ့ရကာ အစောပိုင်းက ယခုနှစ်ဘောလုံးရာသီအကုန်တွင် ခွဲစိတ်ကုသမှုခံယူရန် ဆုံးဖြတ်ထားသော်လည်း ဖီဖာကလပ်ကမ္ဘာ့ဖလားပြိုင်ပွဲကို ကစားလိုသည့်အတွက် ရွှေ့ဆိုင်းခဲ့ပြီး ဖီဖာကလပ်ကမ္ဘာ့ဖလားပြိုင်ပွဲ အပြီးတွင် ခွဲစိတ်ကုသမှုခံယူခဲ့ခြင်းဖြစ်သည်။

ဘယ်လင်ဟမ်သည် ပခုံးဒဏ်ရာကို အင်္ဂလန်နိုင်ငံတွင် ခွဲစိတ်ကုသမှု ခံယူခဲ့ခြင်းဖြစ်ပြီး ခွဲစိတ်ကုသမှု အောင်မြင်ခဲ့သော်လည်း ကြံ့ခိုင်မှုပြန်လည်ပြည့်ဝရန်အတွက် လာမည့် အောက်တိုဘာလကုန်ထိ အနားယူရမည်ဖြစ်ကြောင်း သိရသည်။

အစောပိုင်းက ဘယ်လင်ဟမ်အနေဖြင့် ပခုံးဒဏ်ရာခွဲစိတ်ကုသမှု ခံယူရမည်ဖြစ်သည့်အတွက် လာမည့် ဘောလုံးရာသီတစ်ခုလုံးနီးပါးလွဲချော်ရမည်ဟု ခန့်မှန်းထားသော်လည်း ယခုအခါ ဘယ်လင်ဟမ်ကို ခွဲစိတ်ကုသမှုလုပ်ဆောင်ခဲ့သည့် ဆေးအဖွဲ့၏ထုတ်ပြန်ချက်အရ ဘယ်လင်ဟမ်အနေဖြင့် ကြံ့ခိုင်မှု ပြန်လည်ပြည့်ဝရန်အတွက် အောက်တိုဘာလကုန်ထိ အနားယူရဖွယ်ရှိသည်ဟု ထုတ်ပြန်ခဲ့ကြောင်း သိရသည်။

Ref : Fabrizio Romano

Trs : STA

# လီဗာပူးအသင်းက လက်ရှိအပြောင်းအရွှေ့ကာလတွင် ကွန်နာတီကို ရောင်းချရန်ပြင်ဆင်

လန်ဒန် ဇူလိုင် ၁၆

လီဗာပူးအသင်းက အသင်းမှ အဓိက ဗဟိုခံစစ်ကစားသမား တစ်ဦးဖြစ်သည့် ကွန်နာတီသည် အသင်း၏ သက်တမ်းတိုး စာချုပ်အတွက် ကမ်းလှမ်းမှုကို အကြိမ်ကြိမ် ငြင်းပယ်ခဲ့ပြီး ရီးရဲလ်မက်ဒရစ် အသင်းသို့ အလွတ် ပြောင်းရွှေ့ကြေးဖြင့် ပြောင်းရွှေ့လိုနေသောကြောင့် လက်ရှိ အပြောင်းအရွှေ့ကာလတွင် ရောင်းချရန်ပြင်ဆင်နေကြောင်း သိရသည်။

အသက် ၂၆ နှစ်ရှိ ကွန်နာတီသည် ပြီးခဲ့သည့် ၂၀၁၇ ခုနှစ်က လိုက်ပ်ဇစ်အသင်းမှ လီဗာပူးအသင်းသို့ ပြောင်းရွှေ့ကစားခဲ့သူဖြစ်ပြီး အစောပိုင်းနှစ်များက ဒဏ်ရာ ပြဿနာများကြောင့် ရုန်းကန်ခဲ့ရသော်လည်း နောက်ပိုင်းနှစ်များတွင် အကောင်းဆုံးခြေစွမ်းပြသနိုင်ခဲ့ပြီး အဓိက ကစားသမားတစ်ဦးအဖြစ် ပါဝင်ခဲ့သူဖြစ်သည်။

ကွန်နာတီနှင့် လီဗာပူးအသင်းတို့စာချုပ်သက်တမ်းမှာ တစ်နှစ်သာ ကျန်ရှိတော့သည့်အတွက် လီဗာပူးအသင်းက သက်တမ်းတိုးစာချုပ် ချုပ်ဆိုရန် အကြိမ်ကြိမ် ကမ်းလှမ်းခဲ့သော်လည်း ကွန်နာတီကိုယ်တိုင်က အသင်းဖော်ဟောင်း အာနိုးကဲ့သို့ အသင်းနှင့်စာချုပ်သက်တမ်း ကုန်ဆုံးချိန်တွင် ရီးရဲလ်မက်ဒရစ်အသင်းသို့ အလွတ်ပြောင်းရွှေ့ကစားရန်ဆုံးဖြတ်ခဲ့ပြီး ရီးရဲလ်မက်ဒရစ်အသင်းကလည်း လာမည့်နှစ်နွေရာသီ ကစားသမားအပြောင်းအရွှေ့ ကာလမှသာ ကွန်နာတီကို အလွတ်ပြောင်းရွှေ့ကြေးဖြင့် ခေါ်ယူရန်ပစ်မှတ်ထားနေခြင်းဖြစ်သည်။

လီဗာပူး အသင်းကလည်း လက်ရှိနွေရာသီ အပြောင်းအရွှေ့ကာလတွင် အာနိုးကို ရီးရဲလ်မက်ဒရစ်အသင်းထံ အလွတ်ပြောင်းရွှေ့ကြေးဖြင့် လက်လွှတ်ထားရသည့်အတွက် နောက်ထပ်အဓိက ကစားသမားတစ်ဦးကို အလွတ်ပြောင်းရွှေ့ကြေးဖြင့် လက်မလွှတ်လိုသောကြောင့်ကွန်နာတီအနေဖြင့် ထပ်မံ ငြင်းဆိုနေမည်ဆိုပါက လက်ရှိ အပြောင်းအရွှေ့ကာလတွင်ပင် ရောင်းချရန်ပြင်ဆင်နေကြောင်း သိရသည်။

Ref : Fabrizio Romano

Trs : STA

# ပယင်းကျောက်သားနှင့် အင်းဆက်များ

မန်းတင့်မော်



၂၀၂၅ ခုနှစ် ဇွန် ၂၈ ရက်ထုတ် ရတနာပုံနေ့စဉ်သတင်းစာတွင် "မြန်မာနိုင်ငံမှရရှိသော ပယင်းကျောက်သားထဲ၌ နှစ်ပေါင်း ၉၉ သန်းကျော် သက်တမ်းရှိ ယင်ကောင်နှင့် ပုရွက်ဆိတ်တစ်ကောင်တို့၏ ကျောက်ဖြစ်ရုပ်ကြွင်းများကို တွေ့ရှိထား" ခေါင်းစဉ်ပါ သတင်းတစ်ပုဒ်ကို ဖတ်ရှုရပါသည်။ မြန်မာပယင်းကျောက်နှင့်အတူ ကျောက်ဖြစ်ရုပ်ကြွင်းအင်းဆက်များကို မကြာခဏတွေ့ရလေ့ရှိပြီး ယင်ကောင်နှင့် ပုရွက်ဆိတ်တို့တွင် မှိုများစွဲကပ်လျက်ရှိသည်မှာ ထူးခြားပါသည်။ ရှေးဦးစွာ ပယင်းကျောက်သားဆိုင်ရာလေ့လာမှတ်သားသည်များကို ဖော်ပြပါသည်။

**မြန်မာအဘိဓာန်တွင် ပယင်းကို "ပယင်း-န၊ ပယင်း၊ အများအားဖြင့် ဝါညိုရောင်ရှိ၍ ကြည်လင်းသော အစေးမှ ပြောင်းလဲသည့်ကျောက်ဖြစ်ရတနာတစ်မျိုး"ဟု အဓိပ္ပာယ်ဖွင့်ပါသည်။** မြန်မာ့ကျောက်မျက်ပညာရှင် ဆရာဦးဉာဏ်သင်း၏ ဖွင့်ဆိုချက်တွင်မူ "ပယင်းသည် ကျောက်မျက်ရတနာတစ်ပါးဖြစ်သော်လည်း အခြားသော ကျောက်မျက်ရတနာများကဲ့သို့ အင်းအော်ဂဲနစ်ကျောက်မျက်မဟုတ်ပဲ တိရစ္ဆာန်သစ်ပင်စသည့်တို့မှရသည့် ကျောက်မျက်ဖြစ်သည်။ ယင်းသည် ကြွပ်ဆတ်သည်။ ယေဘုယျအားဖြင့် ဝါညိုရောင်ရှိပြီး အလင်းပေါက်သည်"ဟု ဖော်ပြခဲ့ပါသည်။

မြန်မာပယင်းကျောက်များကို အေဒီ ၁ ရာစုက တရုတ်ပြည် ဟန်မင်းဆက်တွင် သမိုင်းမှတ်တမ်းအဖြစ် အစောဆုံးတွေ့ရသည်ဟု ဆိုပါသည်။ မြန်မာနိုင်ငံအကြောင်းကို တရုတ်စာပေမှတ်တမ်းများတွင် ရေးသားထားရာ ပယင်းကျောက်အကြောင်းပါလေ့ရှိသည်။ ဟူးကောင်းချိုင့်ဝှမ်းတွင် ပယင်းကျောက်များ အများအပြားထွက်ရှိကြောင်းလည်း သိရှိရပါသည်။ ပယင်းကျောက်များကို ဟူးကောင်းချိုင့်ဝှမ်းအပြင် ပခုက္ကူခရိုင် ရေနံချပ်ဒေသ၊ ရွှေဘိုခရိုင် မိုင်းသာနှင့် သရက်ခရိုင် ရှားစီးပုံချောင်းတို့တွင်လည်း တွေ့ခဲ့ရသော မှတ်တမ်းများရှိပါသည်။

ဟူးကောင်းချိုင့်ဝှမ်းရှိ ပယင်းကျောက်များကို ဘူမိဗေဒပညာရှင် ဟာန်နေ(၁၈၃၆ ခုနှစ်)နှင့် ဂရစ်ဖစ်(၁၈၃၇ ခုနှစ်)တို့က တွေ့ရှိချက်များကို ရေးသားဖော်ပြခဲ့သည်။ ဆက်လက်၍ ဘူမိဗေဒပညာရှင် နိုဝက်လင်က(၁၈၉၂ ခုနှစ်)နှင့် (၁၈၉၃ ခုနှစ်)တွင် ပယင်းကျောက်ဆိုင်ရာ စာတမ်း နှစ်စောင်တင်ပြခဲ့ရာ ဟာန်နေးနှင့် ဂရပ်ဖစ်တို့တွေ့ရှိချက်များနှင့် တူညီသည်ဟု ဆိုပါသည်။ ပယင်းတွေ့ရှိရသော ကျောက်လွှာများသည် တတိယကပ်ကျောက် လွှာစုတွင်ပါဝင်ပြီး မိုင်အိုဆင်းရှေ့ပိုင်းသက်တမ်းရှိကြောင်း ဘူမိဗေဒပညာရှင်များက ဖော်ပြခဲ့ပါသည်။ ပယင်းကျောက်၏ပုံဆောင်ခဲစနစ်မှာ ပုံဆောင်မဲ့ သို့မဟုတ် ပုံမဲ့အော်ဂဲနစ်ကျောက်မျက်အမျိုးအစားဖြစ်သည်။

ပယင်းကျောက်၏ ဓာတုဖွဲ့စည်းပုံမှာ ဟိုက်ဒရိုကာဗွန်ဒြပ်ပေါင်းကို အခြေခံထားသည်။ ဟိုက်ဒရိုဂျင်ဆာလ်ဖိုက်ပါဝင်လျက်ရှိသဖြင့် မီးရှို့လျှင် စူးရှသော အနံ့ထွက်သည်။ ပယင်းကျောက်ထွက်ရှိရာ ဒေသကိုလိုက်၍ အရောင်အမျိုးမျိုးကွဲပြားတတ်သည်။ အဝါရောင်၊ အညိုရောင်၊ ဝါညိုနီဝါရောနှောသော အရောင်များဖြစ်သည်။ ပယင်းဖြူ၊ ပယင်းပြာနှင့် ပယင်းနက်တို့ရှိသော်လည်း အနည်းငယ်သာတွေ့ရလေ့ရှိသည်။ မြန်မာတို့နှစ်သက်သော ပျားရည်ရောင်ပယင်းက ထွက်ရှိမှုနည်း၍ ရှားပါးသည်ဟု သိရပါသည်။ ပယင်းကျောက်သည် ကျောက်ဖြစ်ရုပ်ကြွင်းဖြစ်သော်လည်း မာကျောမှုအဆင့်မှာ နိမ့်သည်။ ထို့ကြောင့် အလွယ်တကူဖဲ့နိုင်၊ ခြစ်နိုင်သည်။ ပယင်း၏ သိပ်သည်းဆမှာ ၁ ဒသမ ဝ၅ ဖြစ်သည်။ ပယင်းကျောက်များမှာ အလင်းဖောက်နိုင်သဖြင့် အလင်းပေါက်မှ အလင်းမှုန်အထိ တွေ့ရသည်။ အလင်းပိတ်ရှိကြောင်းလည်း သိရသည်။ ပယင်းကျောက်တွင် လျှပ်စစ်ဂုဏ်သတ္တိရှိကြောင်းလည်း သိရသည်။

နှစ်သန်းပေါင်းများစွာက ကျောက်သားအတွင်း ဝင်ရောက်လျက် ကျောက်ဖြစ်ရုပ်ကြွင်းအဖြစ်တည်ရှိခဲ့ကြသည်။ ဒိုင်နိုဆောရုပ်ကြွင်းများ၊ ရှေးဟောင်းဆင်ရုပ်ကြွင်းများမှာ ထင်ရှားပါသည်။ မြန်မာ့ဘူမိဗေဒပညာရှင် ဆရာဦးဘမော်(မန္တလေးတက္ကသိုလ်) တွေ့ရှိခဲ့သော် လူတူပရိုင်းမိတ်ရုပ်ကြွင်းမှာ ဘူမိဗေဒနယ်ပယ်အတွက် အသစ်တွေ့ရှိမှုဖြစ်၍ ကျော်ကြားထင်ရှားပါသည်။ ပယင်းကျောက်သားသည် အော်ဂဲနစ်ကျောက်သားဖြစ်သည့်နည်းတူ ပယင်းကျောက်တွင်းသို့ သက်ရှိသတ္တဝါဖြစ်ခဲ့သော ပိုးမွှားငယ်များ၏ ရုပ်ကြွင်းနှင့် အပင်၏အစအနများ ဝင်ရောက်နေသည်ကိုတွေ့ရသည်။ ထိုအချက်ကို "အောင်းဝင်"ဟု ခေါ်သည်။ ခိုအောင်းဝင်ရောက်သည်ဟုဆိုလိုပါသည်။ ကြည်လင်၍ အလင်းဖောက်ဝင်ရောက်နိုင်သော ပယင်းကျောက်အတွင်း အောင်းဝင်များတွေ့ရပါက ပယင်းအစစ်ဖြစ်သည်ဟု အခြေခံအားဖြင့်ယူဆနိုင်သည်။ ဘူမိဗေဒနှင့် ဇီဝဗေဒနယ်ပယ်အတွက်လည်း သုတေသနလုပ်ငန်းများအတွက် များစွာအထောက်အကူဖြစ်စေပါသည်။

နိဒါန်းပါ သတင်းဖော်ပြချက်အရ ပုရွက်ဆိတ်နှင့် ယင်ကောင်တွင် စွဲကပ်ခဲ့သော မှိုမျိုးစိတ်မှာ Ophiocordyceps ဖြစ်ကြောင်း သိရပါသည်။ ယင်းအတွင်းမှ မှိုကိုလည်း အဆိုပါမျိုးစုဝင် မျိုးစိတ်တစ်ခုဖြစ်ကြောင်း သိရပါသည်။ ထိုမှိုမျိုးစိတ်ပေါင်း ၁၄၀ ခန့်ရှိသဖြင့် ကျယ်ပြန့်သောအနေအထားရှိပါသည်။ ဤမှိုမျိုးစိတ်ဖြစ်ကြောင်းကို ၁၉၃၁ ခုနှစ်တွင် ဗြိတိသျှမှိုပညာရှင် Tom Petch က သိပ္ပံနည်းကျစတင်ဖော်ထုတ်တင်ပြနိုင်ခဲ့ပါသည်။ ပုရွက်ဆိတ်အပါအဝင်အင်းဆက်ပိုးများကို မှိုရောဂါကျရောက်စွဲကပ်ခဲ့ကြောင်းကို ယခုတွေ့ရှိရသော ပယင်းကျောက်က သက်သေခံလျက်ရှိသည်။ ထို့ကြောင့် ၎င်းမှိုသည်လည်း ဘူမိဗေဒဆိုင်ရာ "ခရီတေးစီးယပ်(စ)" ခေတ်ဦးပိုင်းကပင် ပေါ်ပေါက်ခဲ့သည်ဟု ပညာရှင်များက ခန့်မှန်းခဲ့ကြပါသည်။ လွန်ခဲ့သော နှစ်သန်းပေါင်း ၉၉ ခန့်က ဖြစ်ပါသည်။

မှိုဟူသည်မှာ ကပ်ပါးအုပ်စုဝင်များဖြစ်၍ ၎င်းတို့ ရှင်သန်မျိုးဆက်ပွားနိုင်ရန် လက်ခံပင် သို့မဟုတ် လက်ခံသတ္တဝါရှိရန် လိုအပ်ပါသည်။ ကမ္ဘာဦးမှိုက စွဲကပ်မည့် ပုရွက်ဆိတ်၏ခန္ဓာကိုယ်ပေါ်သို့ မျိုးစေ့ (မျိုးအောင်ဆဲလ်ပိုး)ကို ကြဲချ၍ကပ်ထားသည်။ ထို့နောက် မှိုမျှင်ငယ်များထုတ်၍ လိင်မဲ့နည်းဖြင့် မှိုပွားသည်။ ပင်ပိုင်းမျိုးပွားခြင်းဟုလည်း ခေါ်သည်။ ထို့ကြောင့် ပုရွက်ဆိတ်၏ကိုယ်ပေါ်တွင် မှိုအစုအဝေးဖြစ်လာသည်။

ကိမိလဗေဒ(အင်းဆက်အထူးပြုလေ့လာသော ဘာသာရပ်)ပညာရှင်များက လက်ရှိပြင်ပတွင် တွေ့ရသော မှိုစွဲကပ်ခံရသည့် ပုရွက်ဆိတ်များ၏ ခံစားရပုံနှင့် အပြုအမူများကို လေ့လာဖော်ထုတ်လျက်ရှိသည်။ ပုရွက်ဆိတ်တွင် မှိုများစွဲကပ်ခြင်းကြောင့် ဦးနှောက်နှင့်အာရုံကြောကို ထိခိုက်စေကြောင်း သိလာရသည်။ ပုရွက်ဆိတ်များ၏ သဘာဝမှာ မျိုးတူအချင်းချင်းစုပေါင်းလျက် အစုအဝေးဖြင့် နေလေ့ရှိကြသည်။ သို့သော် မှိုစွဲသော ပုရွက်ဆိတ်က အစုအဖွဲ့မှခွဲထွက်လျက် အခြားမျိုးတူပုရွက်ဆိတ်များနှင့် အဆက်အသွယ်ပြတ်တောက်နေတတ်သည်။ သွားလာမှုဟန်ချက်များမမှန်ဘဲ ပျက်ယွင်းလာလေ့ရှိသည်။ ပုံမှန်လှုပ်ရှားမှုမဟုတ်တော့။ ကယောင်ကတမ်းဖြစ်နေပုံမျိုးကိုလည်း တွေ့ရတတ်သည်။

Ophiocordyceps မှိုများက ပုရွက်ဆိတ်များ၏ အပြုအမူများကို ပြောင်းလဲစေရာတွင် အမြင့်(သစ်ပင်ထိပ်ဖျား)သို့ တက်ရောက်စေပြီး အပင်များပေါ်တွင် သေဆုံးသွားတတ်သည်။ ထူးဆန်းသော သဘာဝဖြစ်စဉ်တစ်ရပ်ဟု ဘူမိဗေဒပညာရှင်များက ဆိုပါသည်။ မှိုစွဲပုရွက်ဆိတ်များ အမြင့်သို့တက်ရောက်စေခြင်းသည် မှိုမျိုးစေ့များ ပိုမိုကျယ်ပြန့်စွာ ပျံ့နှံ့စေရန် အခွင့်သာစေသည်။ ပုရွက်ဆိတ်တစ်ကောင် သေဆုံးသွားသော်လည်း မှိုမျိုးပွားမှုက ဆက်လက်တည်ရှိနေပြီး အခြားပုရွက်ဆိတ်များကိုလည်း ဆက်လက်ကူးစက်နေနိုင်သည်။ ကပ်ပါးမှိုနှင့် ၎င်းမှိုကိုလက်ခံသော ပုရွက်ဆိတ်များ၊ ယင်ကောင်များနှင့် ဆက်စပ်မှုများကို ဇီဝမျိုးစုံမျိုးကွဲများက ထိန်းညှိပေးသည့် သဘာဝဖြစ်ရပ်ဟုလည်း သတ်မှတ်ကြသည်။ ဇီဝဗေဒနယ်ပယ်အတွက် သုတေသနလုပ်ငန်းများ ဆက်လက်လုပ်ဆောင်ရန် တွန်းအားပေးလျက်ရှိပါသည်။ မှိုရောဂါကာကွယ်ရေး လုပ်ဆောင်ချက်များကိုလည်း ပုရွက်ဆိတ်များတွင် တွေ့ရတတ်သေးသည်။ မှိုမစွဲကပ်ရန် အချင်းချင်းပွတ်တိုက်ခြင်း၊ မှိုကူးစက်ခံထားရသော ပုရွက်ဆိတ်ကို အသိုက်တွင်းမှ ဖယ်ထုတ်ပစ်တတ်ခြင်းတို့ကိုလည်း ပြုမူဆောင်ရွက်တတ်ကြောင်း လေ့လာတွေ့ရှိရပြန်သည်။

သတင်းဖော်ပြပါ အမည်များမှာ စွဲကပ်မှို၏အမည်ကို ရှေ့တွင်ထား၍ နောက်အမည်များမှာ မျိုးရင်းအမည်များဟု မှတ်ယူနိုင်ပါသည်။ ပုရွက်ဆိတ်၏ မျိုးစုအမည်မှာ Gerontoformiea ဟု မှတ်ခေါ်၍ ယင်ကောင်၏မျိုးစုအမည်မှာ Ironomyia ဖြစ်ကြောင်း မှတ်သားမိသည်။ ယခု ပယင်းကျောက်သားထဲတွင် တွေ့ရှိရသော ယင်ကောင်မှာထိုခေတ်အခါက အပွင့်ဆောင်အပင်များ ပေါ်ပေါက်ချိန်နှင့်တစ်ချိန်တည်းဖြစ်၍ ဝတ်မှုန်ကူးရာတွင် တူညီကြောင်း ဖော်ပြချက်များလည်း ရှိပါသည်။ မြန်မာ့ပယင်းကျောက်များကို လေ့လာရာမှာ အင်းဆက်များက ကျောက်သားအတွင် "အောင်းဝင်" အဖြစ်တွေ့ရှိခဲ့ကြသည်။ ခရီးတေးဆီးယပ်စ ဘူမိခေတ်အတွင်းတွင် အများသိ ဒိုင်နိုဆောများဖွံ့ဖြိုးစည်ပင်ရာမှ ပျောက်ကွယ်ခဲ့သော ကာလလည်းဖြစ်နေပြန်ပါသည်။ ဆင့်ကဲဖြစ်စဉ်သဘောတရားကို လေ့လာကြရာတွင် ဘူမိဗေဒ၊ ဇီဝဗေဒ၊ ဓာတုဗေဒနှင့်အခြားဆက်နွယ်သော ဘာသာရပ်များနှင့်ဆက်စပ်ရှာဖွေစမ်းသပ်ရခြင်းဖြစ်ပါသည်။ ဆင့်ကဲဖြစ်စဉ်လမ်းကြောင်းတွင် အင်းဆက်များကလည်း အရေးပါလျက်ရှိသည်။ အစာကွင်းဆက်ကဏ္ဍတွင် အဓိကပါဝင်နေပါသေးသည်။

ယနေ့လူသားနှင့် အင်းဆက်အတူယှဉ်တွဲနေထိုင်ရလျက်ရှိရာ လူ့အကျိုးပြုအင်းဆက်များရှိသကဲ့သို့ အကျိုးမဲ့အင်းဆက်များလည်း များစွာရှိပါသည်။ လူကိုရောဂါကူးစက်စေသော အင်းဆက်များနှင့်သီးနှံဖျက်အင်းဆက်များက ထင်ရှားပါသည်။ အင်းဆက်များက ဘူမိခေတ်များစွာကို ဖြတ်သန်းလျက် ယနေ့တိုင် တည်ရှိနေကြသည်။ ပုရွက်ဆိတ်ကဲ့သို့သော အင်းဆက်များသည် ဒိုင်နိုဆောများနှင့် အပြိုင်တည်ရှိခဲ့ရာမှာ မျိုးသုဉ်းမည့်ဖြစ်စဉ်ကို ကျော်လွှားလျက်တည်ရှိနေခြင်းကလည်း ဆင့်ကဲဖြစ်စဉ်လမ်းကြောင်းကို အထောက်အကူဖြစ်စေသည်။

**❖ ပယင်းကျောက်သားသည် အော်ဂဲနစ်ကျောက်သားဖြစ်သည့်နည်းတူ ပယင်းကျောက်တွင်းသို့ သက်ရှိသတ္တဝါဖြစ်ခဲ့သော ပိုးမွှားငယ်များ၏ရုပ်ကြွင်းနှင့် အပင်၏အစအနများဝင်ရောက်နေသည်ကို တွေ့ရသည်။ ထိုအချက်ကို "အောင်းဝင်"ဟု ခေါ်သည်။ ခိုအောင်းဝင်ရောက်သည်ဟုဆိုလိုပါသည်။ ကြည်လင်၍ အလင်းဖောက်ဝင်ရောက်နိုင်သော ပယင်းကျောက်အတွင်း အောင်းဝင်များတွေ့ရပါက ပယင်းအစစ်ဖြစ်သည်ဟု အခြေခံအားဖြင့်ယူဆနိုင်သည်။ ဘူမိဗေဒနှင့် ဇီဝဗေဒနယ်ပယ်အတွက်လည်း သုတေသနလုပ်ငန်းများအတွက် များစွာအထောက်အကူဖြစ်စေပါသည်။❖**

မှိုတက်နေသော အင်းဆက်များနှင့်စပ်လျဉ်း၍ အချိန်တိုအတွင်း ရှာဖွေဖတ်ရှုသိရှိသမျှကို မျှဝေလိုရင်းဖြစ်ပါသည်။ ဖြည့်စွက်နုတ်ပယ်စရာများလည်းရှိနိုင်ပါသည်။ မှို အင်းဆက်နှင့်ပယင်းကျောက်တို့၏ သုံးပွင့်ဆိုင်ယှက်နွယ်မှုများကိုလည်း ဆက်လက်လေ့လာဖော်ထုတ်နေဦးမည်ဖြစ်ရာ မြန်မာ့မြေမှ ထွက်ပေါ်လာမည့် ဘူမိဗေဒ၊ ဇီဝဗေဒဆိုင်ရာ အတွေ့သစ်၊ အမြင်သစ်များစွာကို ဗဟုသုတများ တိုးပွားကြရဦးမည်မှာလည်း သေချာလှပါသည်။

**ကိုးကား**

၁။ Species New to Science http : // no vata xa.blog.spot.com

၂။ ကျောက်မျက်ပညာ-ဒုတိယတွဲ(ဦးဉာဏ်သင်း)

# Mahar Application တွင် မူပိုင်ဇာတ်လမ်းတွဲအဖြစ် ထုတ်လွှင့်မည့် ဂေါ်သဇင်ဇာတ်လမ်းတွဲကို ဩဂုတ်လပထမပတ်တွင် စတင်ရိုက်ကူးမည်ဖြစ်




ရန်ကုန် ဇူလိုင် ၁၆

ဘိုဘို ရုပ်ရှင်ထုတ်လုပ်ရေးမှ ရိုက်ကူးထုတ်လုပ်ပြီး Mahar Application တွင် မူပိုင်ဇာတ်လမ်းတွဲအဖြစ် ထုတ်လွှင့်မည့် ဂေါ်သဇင် ဇာတ်လမ်းတွဲကို ဩဂုတ်လ ပထမပတ်တွင် စတင်ရိုက်ကူးမည်ဖြစ်ကြောင်း အဆိုပါ ဂေါ်သဇင် ဇာတ်လမ်းတွဲကို ဖန်တီးပုံဖော် ရိုက်ကူးမည့် ဒါရိုက်တာ ရာဇဝင်ကို ထံမှ သိရသည်။

အဆိုပါ ဂေါ်သဇင် အမည်ရှိ ဇာတ်လမ်းတွဲ၏ ဝတ္ထုဇာတ်လမ်းနှင့် ဇာတ်ညွှန်းကို စာရေးဆရာမ မယ်ခိုင်က ရေးသားထားပြီး ဒါရိုက်တာ ရာဇဝင်ကိုက ဘိုဘို ရုပ်ရှင် ထုတ်လုပ်ရေးအတွက် တာဝန်ယူ ရိုက်ကူးသွားမည်ဖြစ်ကြောင်း သိရသည်။

"ဒီဇာတ်လမ်းတွဲဟာ ပရိသတ် မြင်နေကျ ဇာတ်လမ်းတွေနဲ့ကွဲထွက်တဲ့ ဇာတ်အိမ်ကြီးကြီး၊ ဇာတ်ကောင်များများနဲ့ ဖြိုင်ဖြိုင်ဆိုင်ဆိုင်ကြည့်ရှုရမဲ့ ဇာတ်လမ်းတွဲတစ်ခုဖြစ်ပါတယ်။ ဩဂုတ်လ ပထမပတ်လောက်မှာ စတင်ရိုက်ကူးသွားမှာပါ"ဟု ဒါရိုက်တာ ရာဇဝင်ကိုက ပြောပြသည်။

အဆိုပါ ဂေါ်သဇင် အမည်ရှိ ဇာတ်လမ်းတွဲတွင် သရုပ်ဆောင်များအဖြစ် ကျော်ကျော်ဗို၊ စည်သူလွင်၊ သတ္တိ၊ ဘုန်းရှိန်ခန့်၊ ရဲလွင်ဦး၊ မေမြင့်မိုရ်၊ ချိုမဒီသွင်၊ လှမျိုးသဉ္ဇာနွယ်နှင့် သရုပ်ဆောင်များစွာ ပါဝင်သွားမည် ဖြစ်ကြောင်း သိရသည်။

ASH

# Ghost Eaters ဇာတ်ကားကို ဒါရိုက်တာ မဂ္ဂီလီဗင့်က တာဝန်ယူရိုက်ကူးမည်

နယူးယောက် ဇူလိုင် ၁၆

Screen Gems ရုပ်ရှင်ကုမ္ပဏီအတွက် Ghost Eaters အမည်ရှိ ထိတ်လန့်သည်းဖို ဇာတ်ကားကို Black Phone ဒါရိုက်တာ စကော့ဒါရစ်ဆင်နှင့် ၎င်း၏ဇနီး ဒါရိုက်တာ မဂ္ဂီလီဗင့်တို့ ပူတွဲဖန်တီးမည်ဖြစ်ကြောင်း ဇူလိုင် ၁၅ ရက် သတင်းများအရ သိရသည်။

Ghost Eaters ဇာတ်ကားသည် စာရေးဆရာ ကလေးမက်လီဘော့အက်မင်၏ အမည်တူ ထိတ်လန့်သည်းဖိုဝတ္ထုကို အခြေခံရိုက်ကူးမည့် ဇာတ်ကားဖြစ်သည်။

ထိုဇာတ်ကားကို ဒါရိုက်တာ မဂ္ဂီလီဗင်းက တာဝန်ယူရိုက်ကူးမည်ဖြစ်ပြီး စကော့ဒါရစ်ဆင်က ထုတ်လုပ်သူအဖြစ် တာဝန်ယူမည်ဖြစ်ကြောင်း သိရသည်။


Ghost Eaters ဇာတ်ကားအတွက် ဝတ္ထုဇာတ်ညွှန်းကို ဒါရိုက်တာ မဂ္ဂီလီဗင်းက တာဝန်ယူရေးသားမည်ဖြစ်ကြောင်း သိရသည်။

Ghost Eaters ဇာတ်ကားသည် သေလွန်သွားသူများကို ပြန်တွေ့နိုင်သည့် Ghost အမည်ရှိ ဆေးဝါးတစ်မျိုးကို သောက်သုံးမိခဲ့သော လူငယ်တစ်စု၏ အဖြစ်ကိုဇာတ်အိမ်ဖွဲ့ရိုက်ကူးမည့် ဇာတ်ကားဖြစ်သည်။

Ghost Eaters ဇာတ်ကားရိုက်ကူးမည့်နေ့နှင့် ရုံတင်ပြသမည့်အချိန်တို့ကို Screen Gems ကုမ္ပဏီက ပြောကြားခြင်းမရှိသေးကြောင်း သိရသည်။

Ref : Sputnik News
Trs : KKO








# တေးသံရှင် မိစန္ဒီ၏ ဈေးဗန်းခင်းကြမယ် One lady Show တစ်ကိုယ်တော် တေးဂီတဖျော်ဖြေပွဲကို Diamond Bar တွင် ဖျော်ဖြေတင်ဆက်သွားမည်




ရန်ကုန် ဇူလိုင် ၁၆

တေးသံရှင် မိစန္ဒီ၏ ဈေးဗန်းခင်းကြမယ် အမည်ရှိ One lady Show တစ်ကိုယ်တော် တေးဂီတဖျော်ဖြေပွဲကို ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ်ရှိ Diamond Bar တွင် ဖျော်ဖြေတင်ဆက်သွားမည်ဖြစ်ကြောင်း တေးသံရှင် မိစန္ဒီထံမှ သိရသည်။

တေးသံရှင် မိစန္ဒီ၏ One lady Show တစ်ကိုယ်တော် တေးဂီတဖျော်ဖြေပွဲကို ဇူလိုင် ၁၉ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ်ရှိ Diamond Bar တွင် ဖျော်ဖြေသွားမည်ဖြစ်ပြီး တေးသံရှင် မိစန္ဒီ၏ သီဆိုဖျော်ဖြေမှုများကို Diamond Bar ၏ ပင်တိုင် တေးဂီတအဖွဲ့က အကောင်းဆုံး ပံ့ပိုးတီးခတ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

"ဇူလိုင် ၁၉ ရက်မှာ လှိုင်သာယာမှာ ဈေးဗန်းခင်းဖို့ရှိပါတယ်။ အဲဒီနေ့လေးမှာ မိစန္ဒီနဲ့အတူ Dj AIBAM၊ Dj Gin A၊ Dj Ki Ki တို့က လုံးဝအပြတ်ကဲလို့ရမဲ့ Dj သံစဉ်တွေနဲ့ ဖျော်ဖြေတီးခတ်သွားမှာဖြစ်ပါတယ်။ ဒါကြောင့် ဘော်ဒါတို့တွေ ဘာမှတွေဝေမနေကြဘဲ မြန်မြန်သာ ဈေးဗန်းလာခင်းဖို့ လမ်းရှင်းထားလိုက်တော့" ဟု တေးသံရှင် မိစန္ဒီက ပြောပြ၍ သိရသည်။

အဆိုပါ တေးသံရှင် မိစန္ဒီ၏ ဈေးဗန်းခင်းကြမယ် တစ်ကိုယ်တော် တေးဂီတဖျော်ဖြေပွဲကို ဇူလိုင် ၁၉ ရက် စနေနေ့ ည ၇ နာရီတွင် စတင်ဖျော်ဖြေတင်ဆက်ပေးသွားမည် ဖြစ်ကြောင်း သိရသည်။

ASH

# Street Fighters ဇာတ်ကား၌ အိန္ဒိယမင်းသား ဗီယွတ်ဂျမ်ဝဲ ပါဝင်လာ

နယူးယောက် ဇူလိုင် ၁၆

Legendary ရုပ်ရှင်၏ Street Fighters ဇာတ်ကားတွင် အိန္ဒိယမင်းသား ဗီယွတ်ဂျမ်ဝဲပါဝင်မည်ဖြစ်ကြောင်း ဇူလိုင် ၁၅ ရက် သတင်းများအရ သိရသည်။

မင်းသား ဗီယွတ်ဂျမ်ဝဲသည် Dhalsim ဇာတ်ကားအဖြစ် Street Fighters ဇာတ်ကား၌ ပါဝင်ရမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ဇာတ်ကားတွင် မင်းသား ဗီယွတ်ဂျမ်ဝဲသည် မင်းသား အင်ဒရူးကိုဂျီ၊ ဒေးဗစ်ဒက်မယ်ချီအန်၊ ဂျေဆင်မိုမိုအာ၊ အင်ဒရူးရက်တို့နှင့်အတူ သရုပ်ဆောင်ရမည် ဖြစ်ကြောင်း သိရသည်။

Street Fighters ဇာတ်ကားသည် ၁၉၈၀ ပြည့်နှစ်များအတွင်း ထင်ရှားခဲ့သည့် Street Fighters ဗီဒီယိုဂိမ်းကို ရုပ်ရှင်အဖြစ်ပြန်လည်ရိုက်ကူးမည့် ဇာတ်ကားဖြစ်ကြောင်း သိရသည်။

Street Fighters ဇာတ်ကားကို Bad Trip ဒါရိုက်တာ ကီတာအိုဆာကူရိုင်းက တာဝန်ယူရိုက်ကူးမည်ဖြစ်ကြောင်း သိရသည်။

လက်ရှိအချိန်တွင် Street Fighters ဇာတ်ကား၏ ဇာတ်လမ်းဇာတ်အိမ်အသေးစိတ်ကို Legendary ရုပ်ရှင်က ပြောကြားခြင်း မရှိသေးကြောင်းသိရသည်။

Ref : Russia Today
Trs : KKO



# လူပျိုထောင်း ရုပ်ရှင်ဇာတ်ကား Premiere Show ပွဲကို ဒဂုံမြို့နယ်ရှိ သမ္မတရုပ်ရှင်ရုံတွင် ကျင်းပ

ရန်ကုန် ဇူလိုင် ၁၆

ဇူလိုင် ၁၈ ရက်တွင် နိုင်ငံတစ်ဝန်း အဆင့်မြင့်ရုပ်ရှင်ရုံများတွင် ရုံတင်ပြသမည့် လူပျိုထောင်းရုပ်ရှင်ဇာတ်ကား Premiere Show ပွဲအခမ်းအနားကို ဇူလိုင် ၁၅ ရက်က ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့နယ်ရှိ သမ္မတအဆင့်မြင့်ရုပ်ရှင်ရုံတွင် ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

အဆိုပါ လူပျိုထောင်း ရုပ်ရှင်ဇာတ်ကား၏ ဝတ္ထုဇာတ်လမ်းကို အိ (အရုဏ်ဦး) က ရေးသားထားကာ ရာဇဝင်ကိုက ဇာတ်ညွှန်းရေးသားထားပြီး ဒါရိုက်တာ အိ (အရုဏ်ဦး) က TMW Film Production အတွက် တာဝန်ယူ ပုံဖော် ရိုက်ကူးပေးထားကြောင်း သိရသည်။

"ဒီဇာတ်ကားက လူပျိုလေးထောင်းတဲ့ လူပျိုထောင်းကတော့ ထူးအောင်ရဲ့ ခေါင်းဆောင်မင်းသားကားပါ။ ဒီတစ်ကားလုံးကိုတော့ မျိုးတို့ကို ဒါရိုက်တာ အိကနေ ဦးဆောင်ပြီးတော့ ပရိသတ်များ ရယ်မောအောင် စိတ်အပန်းပြေအောင် ရိုက်ကူးပေးထားတာပါ။ မျိုးတို့မွေးကတည်းက အသက်ရှင်ရတဲ့အချိန်မှာ ပျော်ရွှင်ရတာထက် စိတ်ညစ်ရတဲ့ အချိန်က ပိုများပါတယ်။ ဒီအချိန် အခိုက်အတန့်လေးတစ်ခုမှာ ပျော်ရွှင်စေချင်တာပါ" ဟု သရုပ်ဆောင် မယ်လိုဒီက ပြောပြသည်။

လူပျိုထောင်း ရုပ်ရှင်ဇာတ်ကားတွင် သရုပ်ဆောင်များအဖြစ် ထူးအောင်၊ သိန်းလင်းစိုး၊ ခင်လှိုင်၊ သွက်လက်၊ ဖော်ဝင်းနိုင်(မန်း)ဆင်မ၊ ကျော်ထူး၊ KZ၊ ရန်ပြေ၊ မယ်လိုဒီ၊ ယုသန္တာတင်၊ နော်ဖေအယ်ထား၊ မေပန်းချီ၊ တက္ကသိုလ်ဝွမ်းပုံနှင့် သရုပ်ဆောင်များစွာ ပါဝင် သရုပ်ဆောင်ထားကြောင်း သိရသည်။

ASH

# Vice Chairman of State Administration Council Deputy Commander-in-Chief of Defence Services Commander-in-Chief (Army) Vice-Senior General Soe Win receives delegation led by Lieutenant General Shrinjay Pratap Singh, AVSM, YSM, Director General of Military Intelligence of Indian Armed Forces and Vice Chief of Staff (Intelligence)



Vice-Senior General Soe Win receives the delegation led by Lieutenant General Shrinjay Pratap Singh, AVSM, YSM, Director General of Military Intelligence of Indian Armed Forces and Vice Chief of Staff (Intelligence).

**Nay Pyi Taw July 16**

Vice Chairman of State Administration Council Deputy Commander-in-Chief of Defence Services Commander-in-Chief (Army) Vice-Senior General Soe Win received a delegation led by Lieutenant General Shrinjay Pratap Singh, AVSM, YSM, Director General of Military Intelligence of Indian Armed Forces and Vice Chief of Staff (Intelligence), at the palour of Bayintnaung Villa here this afternoon.

Also present at the call together with the Vice-Senior General were General Ye Win Oo and senior military officers from Office of the Commander-in-Chief (Army). The Indian Vice Chief of Staff (Intelligence) was accompanied by Indian Military Attache in Myanmar Colonel Jaswinder Singh Gill and officials of the Indian Armed Forces.

At the call cordial discussions were centred on further promotion of ongoing friendship and cooperation between the two countries and the two Armed Forces, timely arrival of Indian rescue teams and humanitarian aid soon after the Mandalay earthquake jolted, and provision of assistance for rehabilitation, joint operations for peace, stability, rule of law, security and development at the common border, and holding a free and fair multiparty democracy general election in Myanmar with merit.

After the call Vice-Senior General Soe Win and Lieutenant General Shrinjay Pratap Singh exchanged commemorative gifts and posed for documentary photos with the attendees. 100

---

*From Page 13*

reaching as far as Hokho, Thanbo, and Kyaukmelay.

As a result of these attacks, the Tatmadaw quickly deployed Commando units, reinforcement columns, and necessary logistic measures to the Taungkham area. These efforts were supported by coordinated airstrikes and artillery fire, with ground and aerial operations working in close coordination based on ground intelligence. Beginning on 25 August 2024, counter-terrorism operations were launched to reclaim areas under terrorist control. Step-by-step counteroffensives were carried out, and by 28 February 2025, the administrative routes connecting Makyeeyay to Taungkham were successfully regained. Similarly, through counterattacks, control was also reestablished over the area near Thanbo Village from the Kyaukmelay region and the Gangaw–Ummathi junction from the Banbwe area.

The Tatmadaw has successfully crushed the morale of the TNLA and the so-called PDF terrorist groups, gaining full support from the local populace. As a result, Tatmadaw troops, officers, and soldiers, fueled by high morale and fierce combat spirit, have carried out strategic ground and air operations to systematically attack and destroy the temporary defensive positions of the terrorist insurgents. They launched aggressive assaults under the motto "Brave Advance, Brave Attack, Brave Crush" to retake Nawnghkio Town, achieving success in multiple areas. On July 8, 2025, Tatmadaw forces regained control of the area around Namhsaung Hu along the Taungkham-Kangyi-Nawnghkio route. Subsequently, on July 12, they secured the area near Gokhteik along the Taungkham-Shwethun-Gokhteik-Nawnghkio route. Earlier, on June 25, the Pyi-nOoLwin-Nawnghkio Union Highway section from Ummathi junction to Ummakha village was retaken. Finally, on July 15, the Kyaukkyan area was successfully brought under Tatmadaw control.

Advancing step-by-step, Tatmadaw columns dug trenches and engaged in fierce combat to fully recapture Nawnghkio Town and its surroundings. Over 11 months of operations, they fought 20 major battles and 566 skirmishes against terrorist insurgents. Among the most significant clashes were the Ngone Min Zedi Battle, Point (1130) Battle, Zetawun Phayagone Battle, Magyi Yay Monastery Battle, Htone Bo Su Village Battle, Kambawza Monastery Battle, Nar Sho Village Battle, Shwe San Phaw Monastery Battle, Setaungpyae Pagoda Hill Battle, Man Maw Village Battle, Taung Shay Village Battle, Kyaukkyan Battle, Namhsaung Hu Battle, Myet Chin Nu Battle, Shwe Pyi Nyunt Battle, Shwethun Battle, Kone San Battle, Gokhteik Battle, and the Point-1118 Battle. The enemy suffered heavy losses, with 171 bodies recovered and 166 weapons seized. Unable to withstand the Tatmadaw's relentless counteroffensives, the terrorists fled in disarray after sustaining severe casualties. By today, July 16, at around 12:00 noon, the Tatmadaw has fully secured Nawnghkio Town, fulfilling the local ethnic people's desire to return to their homes, live in peace, and rebuild their socioeconomic lives free from the threats of terrorist violence.

Prior to the conflict, some civilians who had opposed the Tatmadaw due to political differences—as well as displaced locals—realized that falling under TNLA and PDF control would lead to human rights abuses and socio-economic decline. As a result, they actively supported the Tatmadaw, providing intelligence and cooperating on the ground.

During their temporary occupation of Nawnghkio, TNLA and PDF terrorists fortified religious buildings, schools, government offices, hospitals, and homes to attack Tatmadaw troops. They also used civilians' homes as defensive shields, looted valuables and supplies, destroyed public roads, and planted mines on critical infrastructure like the Goktwin Bridge.

The Tatmadaw is now prioritizing the safe return of displaced civilians, the swift restoration of government administration, and mine clearance in compliance with the Geneva Convention. Additionally, they are working alongside locals to rebuild schools, hospitals, government buildings, religious structures, and homes damaged by the terrorists.

Myawady TV proudly honors the Tatmadaw officers, other ranks, and soldiers who bravely fought to ensure regional security and the socio-economic stability desired by the people. Similarly, we proudly announce our deepest respect and gratitude to all the military family members—those steadfast supporters who have unwaveringly provided frontline Tatmadaw officers, other ranks, and soldiers with vital assistance, including morale-boosting victory spirit and combat motivation, as well as all those who have steadfastly supported the Tatmadaw. 100

---

## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# Nawnghkio under control of Tatmadaw military columns


Photo documentation of the capture of an enemy camp near Nawnghkio town.


Photo documentation of the capture of an enemy camp near Taungkham.


Photo documentation of the capture of Nawnghkio town police station.


Photo documentation of the seizure of the radio/TV relay station in Nawnghkio town.

**Nay Pyi Taw July 16**

The town Nawnghkio is located at an altitude of 2,759 feet, in Kyaukme District of Shan State (North), sharing border with Thabeikkyin Township and Mogok Township in the north, Kyaukme Township in the east, Yaksawk Township in the south and PyinOoLwin Township in the west. It is a city with good transportation connectivity, linked to Mandalay, PyinOoLwin, Kyaukme, Hsipaw, and Lashio via the Mandalay-Lashio Highway and railway sections, and also to Taunggyi via Union Highway No. 43. Moreover, the Mandalay-Muse Highway (Asian Highway No. 14), which is the main trade route of the China-Myanmar border economy, passes through Nawnghkio Township from west to east. Through PyinOoLwin and Mandalay, the city is connected to other towns and cities across Myanmar, as well as to towns in Shan State (North) via Kyaukme.

Nawnghkio Township is home to a majority population of Shan, Danu, and Bamar ethnic groups, who predominantly practise Buddhism and live peacefully and happily in accordance with religious teachings. Agriculture is the primary economic activity of Nawnghkio, while livestock breeding, mining, manufacturing, service industries, tourism, transportation, and trade are also carried out. With its waterfalls, limestone caves, scenic mountain landscapes, diverse ethnic communities, and numerous historical sites, Nawnghkio Township has seen development in the tourism sector, supported by good transportation infrastructure and a growing number of visitors. As a result, the social and economic life of local residents has improved, making it a peaceful and prosperous town.

Despite being a peaceful and rapidly developing town, Nawnghkio came under violent attack starting from 25 June 2024, when members of the TNLA and PDF terrorist groups launched large-scale assaults on Tatmadaw units and headquarters, departments, and security posts stationed in the town. They set fire to and destroyed local residences, forcibly looted civilian property, and attempted to dismantle the governmental administrative system. As a result of these actions, local people—including students, children, and the elderly—faced extreme danger and were forced to flee their homes, leaving behind their dwellings, belongings, and property to seek refuge in nearby towns and villages or temporary displacement camps with their relatives.


Photo documentation of terrorists' defensive positions at Man Maw Pagoda Hill in Nawnghkio Township.

Due to the overwhelming and sudden attacks, the officers, soldiers, and Tatmadaw columns stationed in Nawnghkio bravely and fiercely defended their battalions, headquarters, and the town itself, risking their lives to prevent them from falling into enemy hands. Despite their courageous resistance, the increasing number of casualties and injuries, along with the enemy's vastly superior forces, led to a gradual tactical retreat. They then joined forces with local military units in the Taungkham and PyinOoLwin regions, and continued to mount a defensive operation in the areas bordering Taungkham and the PyinOoLwin-Nawnghkio region to repel the terrorist attacks.

Starting from 10 August 2024, TNLA groups, along with terrorist groups operating under the names MDY-PDF and Danu PDF, who had temporarily taken control of Nawnghkio and intensified their military activities, began launching large-scale attacks on Tatmadaw columns and bases. They occupied villages, schools, and monasteries near the Taungkham area, using local villagers as human shields to launch full-force assaults. In response, government forces were strategically deployed in key locations and prepared defensive positions, making it difficult for the enemy to advance directly. Unable to penetrate easily, the attackers used drones and heavy weapons to target battalion headquarters and Tatmadaw bases. They split into small units to carry out sudden attacks, blocked major administrative and logistical routes such as the Nawnglin-Mepauk-Zaykone road and the Narsho-Zaykone junction, and infiltrated the Yapyin-Inpho-Taungshay route to cut off and attack Taungkham village areas. They also launched assaults on military bases via the Nawnglin-Mepauk-Makyeeyay road. At the same time, they expanded their attacks to areas along the PyinOoLwin-Nawnghkio highway—specifically in Kyaukkyan, Ummakha, Yemaungtan, Ummathi, and Banbwe—as well as along the PyinOoLwin-Mogok road,


Photo documentation of weapons, ammunition, and related materials seized from terrorists.

*See Page 12*

# နိုင်ငံတကာစစ်မှုရေးရာအဖြာဖြာ

## အစ္စရေးက Hypersonic ဒုံးကျည်များကိုတန်ပြန်ရန် Arrow 4 လေကြောင်းရန်ကာကွယ်ရေးစနစ်သစ်ကို တီထွင်ထုတ်လုပ်ခဲ့



အစ္စရေးနိုင်ငံထုတ် နောက်ဆုံးပေါ် Arrow 4 လေကြောင်းရန်ကာကွယ်ရေးစနစ်သည် စစ်ဆင်ရေးတာဝန်ထမ်းဆောင်နိုင်မည့်အဆင့်သို့ တဖြည်းဖြည်းနီးစပ်လာနေပြီဖြစ်ကာ Hyeprsonic ဒုံးကျည်များကို တန်ပြန်ရန်အတွက် တီထွင်ထုတ်လုပ်ခဲ့ကြောင်း အစ္စရေး IAI ကုမ္ပဏီ၏အမှုဆောင်အရာရှိချုပ် ဘိုးအာ့ဇ်လေဗီက အတည်ပြုပြောကြားခဲ့သည်ဟု Army Recognition သတင်းဌာနက ဇူလိုင် ၁၄ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

Arrow 4 လက်နက်စနစ်သည် ကမ္ဘာလုံးဆိုင်ရာ အရေးအကြီးဆုံးခြိမ်းခြောက်မှုများထဲမှ တစ်ခုဖြစ်သည့် Hypersonic ဒုံးကျည်များကို တန်ပြန်ရန် အထူးဒီဇိုင်းထုတ်ထားခြင်းဖြစ်သည်။ ရန်ဘက်နိုင်ငံများ၏ လမ်းကြောင်းပြောင်းလဲပျံသန်းနိုင်သော ပဲ့ထိန်းဒုံးကျည်ထိပ်ဖူးများကို အရှိန်အဟုန်မြှင့်တပ်ဖြန့်နေချိန်တွင် Arrow 4 လက်နက်စနစ်သစ်ကို တီထွင်ထုတ်လုပ်ခဲ့ခြင်းဖြစ်ပြီး သမားရိုးကျဒုံးကျည်ကာကွယ်ရေးစနစ်များ၏ အမြင့်မားဆုံးစွမ်းဆောင်ရည်ကို ပိုင်ဆိုင်ထားနိုင်စေမည်လည်းဖြစ်သည်။

Arrow 4 လက်နက်စနစ်သည် ပြောင်းလဲလာနေသော ပတ်ဝန်းကျင်ခြိမ်းခြောက်မှုအပေါ် တုံ့ပြန်ရန်ဒီဇိုင်းထုတ်ထားသည့် အစ္စရေးနိုင်ငံထုတ် မျိုးဆက်သစ်စနစ်ဖြစ်သည်။ IAI ကုမ္ပဏီနှင့် အမေရိကန်ဒုံးကျည်ကာကွယ်ရေးအေဂျင်စီတို့ ပူးပေါင်းတီထွင်ထားသည့် ဤစနစ်သည် လက်ရှိ Arrow 2 လက်နက်စနစ်ကို အစားထိုးမည်ဖြစ်ပြီး ကမ္ဘာ့လေထုပြင်ပနှင့်အမြင့်မှပျံသန်းလာသောခြိမ်းခြောက်မှုနှစ်မျိုးစလုံးကြားဖြတ်ဟန့်တားနိုင်စွမ်းကို သိသိသာသာမြှင့်တင်ပေးနိုင်လိမ့်မည်ဖြစ်သည်။ Arrow 4 လက်နက်စနစ်သည် လျင်မြန်စွာတုံ့ပြန်တိုက်ခိုက်နိုင်ရန် အကောင်းဆုံးဖြစ်အောင် ပြုလုပ်ထားပြီး အဆင့်မြင့်အာရုံခံကိရိယာနည်းပညာ၊ လှုပ်ရှားစစ်ကစားနိုင်စွမ်းနှင့် ပစ်မှတ်များကို တိကျစွာပစ်မှတ်ထားတိုက်ခိုက်နိုင်ရန် ဒီဇိုင်းထုတ်ထားသည့် ထိပ်ဖူးတို့ပါဝင်သည်။ Arrow 4 လက်နက်စနစ်သည် Hypersonic သို့မဟုတ် ပဲ့ထိန်းဒုံးကျည်တိုက်ခိုက်မှုတစ်ခုအတွင်း ပျံသန်းမှုလမ်းကြောင်းအလယ်တွင် ပြင်ဆင်မှုများပြုလုပ်နိုင်ခြင်းနှင့် အလွှာလိုက်ထိတွေ့တိုက်ခိုက်နိုင်ခြင်းတို့ကို ဆောင်ရွက်စေနိုင်မည်ဖြစ်ကြောင်း သိရသည်။

Arrow 4 လေကြောင်းရန်ကာကွယ်ရေးဒုံးကျည်စနစ်အပေါ် နိုင်ငံတကာစိတ်ဝင်စားမှုလည်း မြင့်တက်လျက်ရှိနေပြီဖြစ်သည်။ လေကြောင်းရန်ကာကွယ်ရေးကို မြှင့်တင်ရန်အတွက် Arrow 3 လက်နက်စနစ်ကိုဝယ်ယူခဲ့သည့် ဂျာမနီနိုင်ငံသည် ပိုမိုမြန်ဆန်၍ ရှောင်တိမ်းရခက်ခဲသော ဒုံးကျည်ခြိမ်းခြောက်မှုများကို ကာကွယ်ရန်အတွက် Arrow 4 လက်နက်စနစ်ကို အရေးပါသော နောက်ထပ်ကာကွယ်ရေးအလွှာတစ်ခုအဖြစ် စီစဉ်နေကြောင်း သိရသည်။

Arrow 4 လက်နက်စနစ်ဖြင့် အစ္စရေးနိုင်ငံသည် Hypersonic ဒုံးကျည်ကာကွယ်ရေးတွင် ရှေ့တန်းကျကျရပ်တည်လျက်ရှိပြီး ခေတ်မီတပ်မတော်များ ရင်ဆိုင်နေရသောအလေးနက်ဆုံး စိန်ခေါ်မှုများထဲမှ တစ်ခုကိုတုံ့ပြန်နိုင်သည့် တိုက်ပွဲဝင်အသင့်ဖြန့်ကြက်နိုင်မည့် လက်နက်စနစ်ကို မကြာမီ ပိုင်ဆိုင်လာနိုင်တော့မည်ဖြစ်သည်။ Hypersonic ဒုံးကျည်ခြိမ်းခြောက်မှုများ ပိုမိုပြန့်ပွားလာသည်နှင့်အမျှ Arrow 4 လက်နက်စနစ်သည် ခေတ်သစ်စစ်မြေပြင်ကို ရင်ဆိုင်နိုင်ရန်၊ လေကြောင်းနှင့် ဒုံးကျည်ကာကွယ်ရေးစွမ်းရည်များကို အားဖြည့်ရန် နည်းလမ်းရှာဖွေနေသည့် မဟာမိတ်နိုင်ငံများအတွက် အဓိကမဟာဗျူဟာမြောက် လက်နက်စနစ်တစ်ခုဖြစ်လာနိုင်ဖွယ်ရှိကြောင်း သိရသည်။

**Technology: New Israeli Arrow 4 air defense system nears operational status to counter global hypersonic missiles. ကို ဘာသာပြန်ဆိုထားပါသည်။**

## ရုရှားနိုင်ငံက Kinzhal ကြားဖြတ်တိုက်ခိုက်ရေး ဒရုန်းသစ်တစ်မျိုးကို တီထွင်နိုင်ခဲ့

ရုရှားနိုင်ငံက ယူကရိန်း၏ ကာမီကာဇီတိုက်ခိုက်ရေးဒရုန်းများဖြင့် အရေးပါသောပစ်မှတ်များကို တိုက်ခိုက်လာခြင်းမှ ကာကွယ်ရန် Kinzhal အမည်ရှိ ကြားဖြတ်တိုက်ခိုက်ရေး ဒရုန်းသစ်တစ်မျိုးကို တီထွင်နိုင်ခဲ့ကြောင်း Army Recognition သတင်းဌာနက ဇူလိုင် ၁၄ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

ရုရှားနိုင်ငံ Innoprom 2025 ပြပွဲတွင် ASF-Innovations ကုမ္ပဏီက တီထွင်ခဲ့သည့် Kinzhal ကြားဖြတ်တိုက်ခိုက်ရေး ဒရုန်းကို ထုတ်ဖော်ပြသခဲ့ခြင်းဖြစ်သည်။ Kinzhal တိုက်ခိုက်ရေးဒရုန်းသည် ရန်သူ့ဒရုန်းများကို တိုက်ရိုက်ဝင်တိုက်ခြင်းဖြင့် ကြားဖြတ်တိုက်ခိုက်ဖျက်ဆီးရန် ဒီဇိုင်းထုတ်ထားပြီး ၎င်း၏ဦးပိုင်းတွင် အပူအာရုံခံလမ်းညွှန်မှုအတွက် အနီအောက်ရောင်ခြည်အာရုံခံကိရိယာတစ်ခုတပ်ဆင်ထားကာ အမြန်ဆုံးအလျင်နှုန်း တစ်နာရီလျှင် ကီလိုမီတာ ၃၀၀ ထိ ပျံသန်းနိုင်စွမ်းရှိသည်။

Kinzhal တိုက်ခိုက်ရေးဒရုန်း၏ သက်ဆိုင်ရာစနစ် အစိတ်အပိုင်းများကို ရုရှားနိုင်ငံ ပြည်တွင်းကုမ္ပဏီများစွာက ပူးပေါင်းထုတ်လုပ်ထားကြသည်။ ကိုယ်ထည်နှင့် ပင်မစနစ်ကို Farmplast ကုမ္ပဏီကလည်းကောင်း၊ လျှပ်စစ်တွန်းကန်အားစနစ်ကို Pro-Technology ကုမ္ပဏီကလည်းကောင်း၊ ပန်ကာများကို Vector ကုမ္ပဏီကလည်းကောင်း၊ လေယာဉ်ထိန်းချုပ်ရေးအီလက်ထရွန်နစ်ပစ္စည်းများကို Krait ကုမ္ပဏီကလည်းကောင်း အသီးသီးထုတ်လုပ်ခဲ့ကြသည်။ ၎င်း၏ ဖွဲ့စည်းပုံဒီဇိုင်းသည် ရုရှားတပ်ဖွဲ့များ ယခင်က အသုံးပြုခဲ့သည့် Yolka FPV ကြားဖြတ်ဒရုန်းနှင့်ဆင်တူသည်။ Kinzhal တိုက်ခိုက်ရေးဒရုန်းကို ရှေ့ပြေးနမူနာပုံစံအဖြစ် ထုတ်ဖော်ပြသခဲ့ပြီး အနိမ့်ပျံ ရန်သူ့မောင်းသူမဲ့လေယာဉ်၊ ဒရုန်းများကို တိုက်ရိုက်ဝင်ရောက်၍ တိုက်ခိုက်ဖျက်ဆီးရန် ရည်ရွယ်ထားသည့် တာတိုအရှေ့စွမ်းအင်သုံး ကြားဖြတ်တိုက်ခိုက်ရေး ဒရုန်းအဖြစ် ထုတ်ဖော်ပြခဲ့ခြင်းဖြစ်သည်။ တစ်ချိန်တည်းမှာပင် ရုရှားနိုင်ငံသည် Yolka၊ Tarantul-Ptitselov နှင့် Kinzhal တိုက်ခိုက်ရေးဒရုန်းအပါအဝင် ကြားဖြတ်တိုက်ခိုက်ရေးဒရုန်းပုံစံအများအပြား တီထွင်ထုတ်လုပ်လျက်ရှိကြောင်း သိရသည်။

ရုရှားနိုင်ငံ၏ ကြားဖြတ်တိုက်ခိုက်ရေးဒရုန်းများသည် ရှေ့ပြေးကနဦးပုံစံနှင့် စစ်မြေပြင်လက်တွေ့စမ်းသပ်အသုံးပြုနေဆဲအဆင့်သို့ ရောက်ရှိနေပြီဖြစ်သည်။ ယခုနှစ် မေလက မိတ်ဆက်ပြသခဲ့သည့် Yolka ဒရုန်းသည်လည်း ရန်သူ့ဒရုန်းများကို ကိုယ်တိုင်အလို အလျောက်တိုက်ခိုက်နိုင်စွမ်းရှိရန် ရည်ရွယ်ထုတ်လုပ်ထားခြင်းဖြစ်သည်။ Tarantul-Ptitselov တိုက်



ခိုက်ရေးဒရုန်းမှာမူ ပိုက်ကွန်ပစ်လွှတ်၍ ရန်သူ့ဒရုန်းများကို အနီးကပ်လက်ရဖမ်းဆီး၊ ကြားဖြတ်ပစ်ချနိုင်မည်ဖြစ်သည်။

ရုရှားစစ်ဘက် သုံးသပ်သူများနှင့် သတင်းမီဒီယာများက ရုရှားနိုင်ငံသည် ကြားဖြတ်တိုက်ခိုက်ရေး ဒရုန်းများကို အရှိန်အဟုန်မြှင့်၍ တီထွင်ထုတ်လုပ်လျက်ရှိကြောင်း ရေးသားဖော်ပြခဲ့ကြပြီး တောင်ပံပုံသေတပ် ထောက်လှမ်းရေးဒရုန်းများနှင့် တာဝေးတိုက်ခိုက်ရေးဒရုန်းများကို ပစ်မှတ်ထားတိုက်ခိုက်နိုင်ကြောင်း ဖော်ပြထားကြသည်။ ယူကရိန်းအထူးစစ်ဆင်ရေးတွင် ကျယ်ကျယ်ပြန့်ပြန့် တပ်ဖြန့်အသုံးပြုနိုင်သည့် မှတ်တမ်းများ မရှိသေးသော်လည်းကြားဖြတ်တိုက်ခိုက်ရေးဒရုန်းများဖွံ့ဖြိုးတိုးတက်မှုသည် ရုရှားစစ်ဘက်စက်မှုလုပ်ငန်း၏ တာတိုပစ်ကြားဖြတ်တိုက်ခိုက်ရေး ဒရုန်းများ တီထွင်ထုတ်လုပ်တပ်ဖြန့်အသုံးပြုနိုင်ရန် ကြိုးပမ်းနေခြင်းကို ညွှန်ပြနေခြင်းဖြစ်သည်။ Kinzhal တိုက်ခိုက်ရေးဒရုန်းကို Innoprom 2025 ပြပွဲတွင် ပြသနိုင်ခဲ့ခြင်းက စမ်းသပ်သုတေသနအဆင့်မှထုတ်လုပ်မှုအကြိုပြသမှုအဆင့်သို့ ကူးပြောင်းမှုကို သတင်းစကားပေးပို့နေခြင်းဖြစ်ပြီး အရေးကြီးစနစ် အစိတ်အပိုင်းများ အားလုံးကို ပြည်တွင်း၌သာ တီထွင်ထုတ်လုပ်နိုင်ရေးအလေးထားမှုအပေါ် သက်သေပြနေခြင်းဖြစ်ကြောင်း သိရသည်။

**Russia creates Kinzhal interceptor to prevent Ukrainian kamikaze drones from hitting key targets. ကို ဘာသာပြန်ဆိုထားပါသည်။**

မင်းမျိုး

# ပွင့်ဖြူမြို့နယ်၌ မိုးကြိုပဲတီစိမ်း ဧက ၃၁၀၀ ထိ ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ၁၉ ဒသမ ၁၂ တင်းထွက်ရှိ



**ပွင့်ဖြူ ဇူလိုင် ၁၆**

မကွေးတိုင်းဒေသကြီးမင်းဘူးခရိုင် ပွင့်ဖြူမြို့နယ်တွင် ယခုနှစ်မိုးကြိုကာလကစိုက်ပျိုးထားသော မိုးကြိုပဲတီစိမ်း ဧက ၃၁၀၀ ထိ ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ၁၉ ဒသမ ၁၂ တင်းထွက်ရှိခဲ့ကြောင်း ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ပွင့်ဖြူမြို့နယ်တွင် ယခုနှစ် မိုးကြိုကာလ၌ ပဲတီစိမ်း ၆၃၉၁ ဧကထိ စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါစိုက်ပျိုးထားသောပဲတီစိမ်းစိုက်ခင်းများကို ယခုနှစ် ဇူလိုင်လပထမပတ်မှ စတင်ရိတ်သိမ်းခဲ့ရာ ယနေ့ထိ ဧက ၃၁၀၀ ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ၁၉ ဒသမ ၁၂ တင်း ထွက်ရှိကြောင်း သိရသည်။

"ဒီနှစ် မိုးကြိုကာလမှာ ပွင့်ဖြူမြို့နယ်အတွင်း ပဲတီစိမ်း ၆၃၉၁ ဧက စိုက်ပျိုးထားပါတယ်။ အဲဒီစိုက်ပျိုးထားတဲ့ ပဲတီစိမ်းစိုက်ခင်းတွေကို ဇူလိုင်လပထမပတ်ကစပြီး ရိတ်သိမ်းနေပါတယ်။ ဒီနေ့ထိ ဧက ၃၁၀၀ ရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ ပဲတီစိမ်းစိုက်ပျိုးမှုနဲ့ပတ်သက်ပြီး တိုးချဲ့စိုက်ပျိုးကြဖို့၊ ဒေသနဲ့ကိုက်ညီတဲ့ အထွက်နှုန်းကောင်းမျိုးတွေကို စိုက်ပျိုးကြဖို့ ပညာပေးတာတွေ ဆောင်ရွက်ခဲ့ပါတယ်"ဟု ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မိုးမိုးဝေက ပြောပြသည်။

ပွင့်ဖြူမြို့နယ်တွင် ယခုနှစ် ပဲတီစိမ်းစိုက် တောင်သူများကို မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက မျိုးကောင်းမျိုးသန့်များ ရရှိရေး၊ စိုက်နည်းစနစ်များ မှန်ကန်ရေး၊ ပိုးမွှားကျရောက်မှု ကင်းရှင်းရေး၊ သီးနှံအချိန်မီ ရိတ်သိမ်းနိုင်ရေးနှင့် ရိတ်သိမ်းပြီးသီးနှံများ စနစ်တကျ သိုလှောင်သိမ်းဆည်းရေး စသည့် အသိပညာပေး လုပ်ငန်းများကို တောင်သူများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ပဲတီစိမ်းကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာလူမှုစီးပွားဘဝများ မြင့်မားလာမည်ဖြစ်သောကြောင့် ပဲတီစိမ်းကိုတိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေးကြိုးပမ်းဆောင်ရွက်သင့်ကြောင်း ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မိုးမိုးဝေက ပြောပြ၍ သိရသည်။

**ရဲဝင်းနိုင်(ညောင်ဦး)**

# ကျိုက်လတ်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇွန်လအတွင်း ငါးပြေမပိဿာချိန် အများအပြား တင်ပို့ရောင်းချနိုင်ခဲ့



**ကျိုက်လတ် ဇူလိုင် ၁၆**

ဧရာဝတီတိုင်းဒေသကြီး ကျိုက်လတ်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇွန်လအတွင်း ငါးပြေမပိဿာချိန် အများအပြား တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ကျိုက်လတ်မြို့နယ် ငါးမျိုးစုံရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်မိုးမိုးမြင့်က ပြောပြ၍ သိရသည်။

ကျိုက်လတ်မြို့နယ်မှ ငါးမျိုးစုံရောင်းဝယ်ရေး ပွဲရုံပိုင်ရှင်များသည် ရေထွက်ကုန်အမျိုးမျိုးကို ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချလျက်ရှိပြီး မေလအတွင်းက ငါးပြေမပိဿာချိန် ၄၅၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဇွန်လအတွင်း ငါးပြေမပိဿာချိန် ၇၀၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

"ဒေသထွက် ငါးပြေမတွေကို ရန်ကုန်ဈေးကွက်က ဝယ်ယူမှု အားကောင်းနေပါတယ်။ ပြီးခဲ့တဲ့ တစ်လအတွင်း ငါးပြေမပိဿာချိန် အများအပြား တင်ပို့ရောင်းချခဲ့ရပါတယ်။ ကျိုက်လတ်မြို့နယ်ကနေ ငါးပြေမတွေအပါအဝင် ရေထွက်ကုန်မျိုးစုံကို ရန်ကုန်ဈေးကွက်ကိုပဲ အများဆုံးတင်ပို့ရောင်းချနေတာ ဖြစ်ပါတယ်"ဟု ကျိုက်လတ်မြို့နယ် ငါးမျိုးစုံရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်မိုးမိုးမြင့်က ပြောပြသည်။

ကျိုက်လတ်မြို့နယ်တွင် လယ်ငါးပြေမနှင့် မွေးမြူရေး ငါးပြေမ နှစ်မျိုးထွက်ရှိပြီး ထွက်ရှိလာသည့် ငါးပြေမများကို ရန်ကုန်ဈေးကွက်သို့ အဓိကတင်ပို့ရောင်းချလျက်ရှိကြောင်း၊ အဆိုပါ ငါးပြေမ ၁၀ ပိဿာလျှင် ငွေကျပ် ၁၆၅၀၀၀ ထိ ပေါက်ဈေးရှိကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# ပုဗ္ဗသီရိမြို့နယ် ဇလုပ်ကြီးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**နေပြည်တော် ဇူလိုင် ၁၆**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဇေယျာသီရိခရိုင် ပုဗ္ဗသီရိမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းနှင့် မိသားစုဝင်ငွေတိုးပွားလာစေရန်၊ တိုးပွားလာသောရန်ပုံငွေဖြင့် ကျေးရွာတွင်း ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန်ရည်ရွယ်၍ လယ်သာကျေးရွာအုပ်စု ဇလုပ်ကြီးကျေးရွာ၌ သတ္တမအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေးခြင်းကို ဇူလိုင် ၁၅ ရက်က အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ဇေယျာသီရိခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်စိုးစိုးဦးက စီမံကိန်းရန်ပုံငွေထုတ်ချေးပေးရခြင်း၏ရည်ရွယ်ချက်၊ အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ပုဗ္ဗသီရိမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကိုကိုကချေးငွေထုတ်ချေးရာတွင်လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် ၄၉ သန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် ခရိုင်၊ မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန၏ အနီးကပ်ကြီးကြပ်မှုဖြင့် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက ဇလုပ်ကြီးကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၅၆ဦးကို ငွေကျပ်၂၉ ဒသမ၃၅သန်း၊မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၆၉ ဦးကို ငွေကျပ် ၁၅ သန်း၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ၁၀ ဦးကို ငွေကျပ် ၄ ဒသမ ၆၅ သန်း စုစုပေါင်းအသင်းသား၊ အသင်းသူ ၁၃၅ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကျပ် ၄၉ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**နော်လူး**




# ပဲခူးမြို့နယ် ဈေးညောင်ပင်ကြီးကျေးရွာ၌ ဂဝံလမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှု စစ်ဆေး



**ပဲခူး ဇူလိုင် ၁၆**


ပဲခူးတိုင်းဒေသကြီး ပဲခူးခရိုင် ပဲခူးမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဈေးညောင်ပင်ကြီးကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း(VDP)ရန်ပုံငွေဖြင့် ကျေးရွာတွင်းလမ်း ဂဝံခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ဇူလိုင် ၁၅ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ပဲခူးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဆန်းမင်း၊ ပဲခူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမင်းမင်းသိမ်းနှင့် ဝန်ထမ်းများက ဈေးညောင်ပင်ကြီးကျေးရွာ၌ ကျေးရွာတွင်းလမ်း ဂဝံခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များနှင့် တွေ့ဆုံကာ လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

အဆိုပါကျေးရွာ၌ အရှည်ပေ ၁၂၄၀၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မရှိ ကျေးရွာတွင်းလမ်း ဂဝံခင်းခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း(VDP) ရန်ပုံငွေကျပ် ၁၅ သန်း၊ ပြည်သူထည့်ဝင်ငွေ ၃ ဒသမ ၁ သန်း အသုံးပြု၍ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၏ နည်းပညာကူညီပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် မေလစတုတ္ထပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၈၀ ရာခိုင်နှုန်းခန့် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

အဆိုပါကျေးရွာတွင် ဂဝံလမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးပါက ကျေးရွာနေပြည်သူများ လမ်းပန်းဆက်သွယ်ရေး ပိုမိုကောင်းမွန်လာပြီး ကျေးရွာမှ ထွက်ရှိလာသော ထုတ်ကုန်၊ ထွက်ကုန်များကို ဈေးကွက်သို့ အချိန်နှင့်တစ်ပြေးညီ တင်ပို့နိုင်တော့မည်ဖြစ်ကြောင်း သိရသည်။

**သုတ**

ရှေ့ဖုံးမှအဆက်

မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံ စစ်သံမှူး Colonel Jaswinder Singh Gill နှင့် အိန္ဒိယတပ်မတော်မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ထိုသို့တွေ့ဆုံရာတွင် နှစ်နိုင်ငံနှင့် နှစ်နိုင်ငံတပ်မတော်နှစ်ရပ်အကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများကို ဆက်လက်တိုးမြှင့်ဆောင်ရွက်နိုင်မည့်ကိစ္စရပ်များ၊မြန်မာနိုင်ငံတွင် မန္တလေးငလျင်ကြီးဖြစ်ပေါ်ကြုံတွေ့ခဲ့ရချိန်၌ အိန္ဒိယနိုင်ငံမှ ကူညီကယ်ဆယ်ရေးအဖွဲ့များ၊ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာအကူအညီများ အချိန်နှင့်တစ်ပြေးညီကူညီပေးအပ်ခဲ့မှုနှင့် ပြန်လည်ထူထောင်ရေး ဆိုင်ရာများတွင်လည်း ဆက်လက်ကူညီပေးသွားမည့် ကိစ္စရပ်များ၊ နှစ်နိုင်ငံနယ်စပ်ဒေသတည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေး၊ လုံခြုံရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပူးပေါင်းဆောင်ရွက်သွားမည့်ကိစ္စရပ်များ၊ မြန်မာနိုင်ငံတွင် လွတ်လပ်၍တရားမျှတသည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတစ်ရပ်ကို အနှစ်သာရရှိစွာဖြင့် ကျင်းပသွားမည်ဖြစ်သည့်ကိစ္စရပ်များနှင့်ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)နှင့် အိန္ဒိယတပ်မတော်ကာကွယ်ရေးဆိုင်ရာ ထောက်လှမ်းရေးညွှန်ကြားရေးမှူးချုပ်နှင့် ဒုတိယစစ်ဦးစီးချုပ်(ထောက်လှမ်းရေး)တို့သည် အမှတ်တရလက်ဆောင်ပစ္စည်းများအပြန်အလှန်လဲလှယ်ကြကာ တက်ရောက်လာကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ခဲ့ကြကြောင်း သတင်းရရှိသည်။ (၅၀၁)



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့် အိန္ဒိယတပ်မတော်ကာကွယ်ရေးဆိုင်ရာ ထောက်လှမ်းရေးညွှန်ကြားရေးမှူးချုပ်နှင့် ဒုတိယစစ်ဦးစီးချုပ်(ထောက်လှမ်းရေး) Lieutenant General Shrinjay Pratap Singh, AVSM, YSM ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့တို့ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။

# အမှတ်(၂)သံမဏိစက်ရုံ(ပင်းပက်) စီမံကိန်းသည် ရုရှား-မြန်မာ နှစ်နိုင်ငံလုံး၏ အရေးကြီးသောစီမံကိန်းဖြစ်သည့်အတွက် အောင်မြင်စွာဆောင်ရွက်သွားမည့်နည်းလမ်းများ ဆွေးနွေး



**နေပြည်တော် ဇူလိုင် ၁၆**

စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းသည် ယမန်နေ့မွန်းလွဲပိုင်းတွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံအမတ်ကြီး H.E.Mr.Iskander Azizov ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ကို စက်မှုဝန်ကြီးဌာန ရုံးအမှတ်(၃၀)ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် အမှတ်(၂)သံမဏိစက်ရုံ(ပင်းပက်) စီမံကိန်းဆက်လက်အကောင်အထည်ဖော်နေမှုနှင့်စပ်လျဉ်း၍ လေသန့်စင်အလုပ်ရုံစမ်းသပ်လည်ပတ်နိုင်ရေးအတွက် ရုရှားပညာရှင်များမှ စက်ပစ္စည်းကိရိယာများကို စစ်ဆေးပြုပြင်တပ်ဆင်ခြင်းလုပ်ငန်းများဆောင်ရွက်နေမှု၊ သံမြေမှ Romelt နည်းပညာဖြင့် သံစိမ်းများထုတ်လုပ်နိုင်ရေးအတွက် National University of Science and Technology (MiSiS)မှ နည်းပညာဆိုင်ရာပံ့ပိုးပေးရေးကိစ္စရပ်များ၊ စီမံကိန်းလုပ်ငန်းများ ဆက်လက်ဆောင်ရွက်နိုင်ရေးအတွက် ဖြေရှင်းသဘောတူညီချက်စာချုပ်ကို TPE ကုမ္ပဏီလီမိတက်မှ သဘောတူလက်မှတ်ရေးထိုးရေးကိစ္စရပ်များ၊စီမံကိန်းလုပ်ငန်းများ ထိရောက်စွာဆောင်ရွက်နိုင်ရေးအတွက် TPE ကုမ္ပဏီလီမိတက်နှင့် စဉ်ဆက်မပြတ် ချိတ်ဆက်ဆောင်ရွက်နေမှု၊ အမှတ်(၂)သံမဏိစက်ရုံ(ပင်းပက်) စီမံကိန်းသည် ရုရှား-မြန်မာနှစ်နိုင်ငံလုံး၏အရေးကြီးသောစီမံကိန်းဖြစ်သည့်အတွက် အောင်မြင်စွာဆောင်ရွက်သွားမည့် နည်းလမ်းများကို အမြင်ချင်းဖလှယ်၍ ရင်းနှီးပွင့်လင်းစွာဆွေးနွေးသည်။

အဆိုပါ တွေ့ဆုံပွဲသို့စက်မှုဝန်ကြီးဌာနမှတာဝန်ရှိသူများ၊ မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံသံရုံးမှ စီးပွားရေးသံမှူး Mr. Andrei Iunak၊ တတိယအတွင်းဝန် Mr. Vladislav Zaitaev၊ သံအရာရှိ Ms. Anastasia Solovievaတို့ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

**ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန**
**ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန**
**ရုံးအမှတ်(၂) နေပြည်တော်**

၁။ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနသည် ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းလိုင်စင်ရရှိသူများက ဆက်သွယ်ရေးဥပဒေ၊ နည်းဥပဒေများ၊ လိုင်စင်ပါစည်းကမ်းချက်များ၊ ညွှန်ကြားချက်များကို လိုက်နာဆောင်ရွက်မှုမရှိခြင်းအပေါ် ဥပဒေ၊ နည်းဥပဒေပါပြဋ္ဌာန်းချက်များနှင့်အညီ အရေးယူမှုများပြုလုပ်သွားမည်ဖြစ်ပါသည်။

၂။ အောက်ဖော်ပြပါကုမ္ပဏီများသည် ဆက်သွယ်ရေးဥပဒေပုဒ်မ ၁၅ အရ လိုင်စင်ရရှိသူများလိုက်နာဆောင်ရွက်ရမည့်တာဝန်များအား လိုက်နာရန်ပျက်ကွက်ခြင်း၊ လိုင်စင်စည်းကမ်းချက်များအရပေးပို့တင်ပြရမည့် လုပ်ငန်းဆောင်ရွက်ထားရှိမှု သုံးလပတ်အစီရင်ခံစာပေးပို့တင်ပြမှုမရှိခြင်း၊ လိုင်စင်ထုတ်ပေးခြင်းဆိုင်ရာ နည်းဥပဒေအပိုဒ် ၂၄(က) (၃)အရ ပေးဆောင်ရမည့် သက်ဆိုင်သောဝင်ငွေ၏ ရာခိုင်နှုန်းကိုအခြေခံသည့် နှစ်စဉ်ကြေးများအားပေးဆောင်မှုမရှိခြင်းတို့အတွက် လိုင်စင်ထုတ်ပေးခြင်းဆိုင်ရာနည်းဥပဒေများအပိုဒ် ၄၁(၄) နှင့်အညီ လိုင်စင်ကိုပယ်ဖျက်သွားမည်ဖြစ်ပါ၍ လိုင်စင်ထုတ်ပေးခြင်းဆိုင်ရာနည်းဥပဒေများ အပိုဒ် ၃၉(က) (၂) အရ ထိုက်သင့်သောအခွင့်အရေးပေးသည့်အနေဖြင့် ဇူလိုင် ၂၅ ရက်နောက်ဆုံးထား၍ ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနသို့ ဖြေရှင်းချက်နှင့်အတူ ပေးဆောင်ရမည့် သက်ဆိုင်ရာအခကြေးငွေများကိုလာရောက်ပေးသွင်းပါရန်နှင့် သတ်မှတ်ကာလထိ ဖြေရှင်းတင်ပြလာခြင်းမရှိပါက လိုင်စင်ထုတ်ပေးခြင်းဆိုင်ရာနည်းဥပဒေများအပိုဒ် ၄၁(၄)နှင့်အညီ လိုင်စင်ကိုပယ်ဖျက်သွားမည်ဖြစ်ပါကြောင်း အသိပေးအကြောင်းကြားပါသည်-

| စဉ် | ကုမ္ပဏီအမည် | လိုင်စင်အမျိုးအစား | လိုင်စင်ရရှိသည့်ရက် |
|---|---|---|---|
| (က) | Everlasting Rainbow Construction Co., Ltd | NFS(I) | ၃-၈-၂၀၁၈ |
| (ခ) | Myanmar Golden 11 Investment International Co., Ltd | NFS(C) နှင့် AS | ၃-၆-၂၀၁၅ နှင့် ၂၄-၁၂-၂၀၁၅ |
| (ဂ) | Tai Telecom Development (TTD) Co., Ltd | NFS(C) နှင့် AS | ၁၈-၅-၂၀၁၆ |
| (ဃ) | VNG Myanmar Co., Ltd | AS | ၂၄-၉-၂၀၁၉ |

၃။ အသေးစိတ်သိရှိလိုပါက ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန ရုံးအမှတ်(၂) နေပြည်တော်သို့ လူကိုယ်တိုင်သော်လည်းကောင်း၊ တယ်လီဖုန်းအမှတ် ၀၆၇-၃၄၀၇၄၇၉သို့လည်းကောင်း စုံစမ်းမေးမြန်းနိုင်ပါသည်။

## အသိပေးနှိုးဆော်ချက်

၁။ ၂၀၂၅ ခုနှစ် ဇူလိုင် ၁၉ ရက်တွင် ၇၈ နှစ်မြောက် အာဇာနည်နေ့အခမ်းအနားကို ဗဟန်းမြို့နယ်ရှိ အာဇာနည်ဗိမာန်တွင်ကျင်းပပြုလုပ်မည်ဖြစ်ရာ အခမ်းအနားကျင်းပမည့် နံနက် ၄ နာရီမှ အခမ်းအနားပြီးစီးသည်ထိ အနောက်ရွှေဂုံတိုင်လမ်းကို ရေတာရှည်လမ်းဟောင်းမှလည်းကောင်း၊ ရွှေဂုံလမ်းအား ဓမ္မစေတီ-ရွှေဂုံလမ်းဆုံမှလည်းကောင်း၊အာဇာနည်လမ်းအား အနောက်ရွှေဂုံတိုင်လမ်းမှ ဦးထောင်ဘိုလမ်းထိလည်းကောင်း၊ ဦးဝိစာရလမ်းအား ဦးဝိစာရအဝိုင်းမှ ဦးဝိစာရ-ဓမ္မစေတီလမ်းဆုံထိလည်းကောင်း လမ်းပိတ်၊ လမ်းလွှဲဆောင်ရွက်သွားပါမည်။

၂။ ဗိုလ်ချုပ်အောင်ဆန်းနေအိမ်ပြတိုက်ဖွင့်လှစ်ပြသမည့် ဇူလိုင် ၁၉ ရက် နံနက် ၅ နာရီမှ ညနေ ၆ နာရီထိ နတ်မောက်လမ်းအား ဝက်ဘာလမ်းဆုံမှ ဖိုးစိန်လမ်းဆုံထိလည်းကောင်း၊ ဗိုလ်ချုပ်ပြတိုက်လမ်းအား ငါးထပ်ကြီးဘုရားလမ်းဆုံနှင့် စောမဟာလမ်းဆုံမှလည်းကောင်း၊ ဗိုလ်ချိုလမ်းအားရွှေကြက်ယက်လမ်းဆုံမှလည်းကောင်း လမ်းပိတ်၊ လမ်းလွှဲဆောင်ရွက်သွားပါမည်။

၃။ အတွင်းဝန်ရုံးတွင် အလံတင်အခမ်းအနားကျင်းပမည့် ဇူလိုင် ၁၉ ရက် နံနက် ၅ နာရီ မှ ညနေ ၆ နာရီထိ သိမ်ဖြူလမ်းအား ဗိုလ်ချုပ်လမ်းဆုံမှ ကုန်သည်လမ်းဆုံထိလည်းကောင်း၊ အနော်ရထာလမ်းအား ဗိုလ်မြတ်ထွန်းလမ်းဆုံမှလည်းကောင်း၊ မဟာဗန္ဓုလလမ်းအား ပန်းဆိုးတန်းလမ်းဆုံမှလည်းကောင်း၊ဗိုလ်အောင်ကျော်လမ်းအား ကုန်သည်လမ်းဆုံမှလည်းကောင်း လမ်းပိတ်၊ လမ်းလွှဲဆောင်ရွက်သွားပါမည်။

၄။ သို့ဖြစ်ပါ၍ ယာဉ်မောင်းသူပြည်သူများအနေဖြင့် အခမ်းအနားကျင်းပစဉ် လမ်းပိတ်၊ လမ်းလွှဲဆောင်ရွက်နေသည့်အချိန်တွင် အခြားသင့်လျော်သောလမ်းများမှ မောင်းနှင်သွားလာကြပါရန် ကြိုတင်အသိပေးနှိုးဆော်အပ်ပါသည်။

**ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့**

# ပြန်ကြားရေးဝန်ကြီးဌာန ၂၀၂၅ ခုနှစ် မိုးရာသီ ငါးမျိုးစိုက်ထည့်ပွဲကျင်းပ

**နေပြည်တော် ဇူလိုင် ၁၆**

ပြည်ထောင်စုနယ်မြေအတွင်းရှိ မြစ်၊ ချောင်း၊ ဆည်တမံများအတွင်း ငါးသယံဇာတများတိုးပွားလာစေရေး၊ ငါးမျိုးပြုန်းတီးမှု မဖြစ်ပေါ်စေရေး၊ သဘာဝရေပြင်နှင့် ကန်များတွင် ငါးမျိုးများရေရှည်စဉ်ဆက်မပြတ် တည်တံ့ခိုင်မြဲပြီး ငါးသယံဇာတပေါကြွယ်ဝစေရေး၊ နိုင်ငံတော်၏ငါးထုတ်လုပ်မှုတိုးတက်မြင့်မားလာစေရေး တစ်ဖက်တစ်လမ်းမှ ပံ့ပိုးပေးနိုင်ရန်ရည်ရွယ်၍ ပြန်ကြားရေးဝန်ကြီးဌာန၏ ၂၀၂၅ ခုနှစ် မိုးရာသီငါးမျိုးစိုက်ထည့်ပွဲကို ယနေ့ညနေပိုင်းတွင် နေပြည်တော် ဇမ္ဗူသီရိမြို့နယ် ပျဉ်းမနား-တောင်ညိုလမ်းဘေးရှိ မင်္ဂလာကန်၌ ကျင်းပသည်။

ငါးမျိုးစိုက်ထည့်ပွဲသို့ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း၊ အမြဲတမ်းအတွင်းဝန်၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် အရာထမ်း၊ အမှုထမ်းများ တက်ရောက်ကြသည်။




ငါးမျိုးစိုက်ထည့်ပွဲတွင် ပြည်ထောင်စုဝန်ကြီးက ငါးသားပေါက်များကို မင်္ဂလာကန်အတွင်း စတင်စိုက်ထည့်ပေးပြီး တာဝန်ရှိသူများနှင့် အရာထမ်း၊ အမှုထမ်းများက ငါးလုပ်ငန်းဦးစီးဌာနမှ ပံ့ပိုးပေးသည့် ငါးမြစ်ချင်းနှင့် ငါးခုံးမငါးသားပေါက်များကို ကန်အတွင်း စိုက်ထည့်ပေးနေမှုကို ကြည့်ရှုအားပေးသည်။

ပြန်ကြားရေးဝန်ကြီးဌာနအနေဖြင့် ဇွန် ၂၃ ရက်က နေပြည်တော် တပ်ကုန်းမြို့ရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားဝင်းအတွင်းရှိ သတ်မှတ်ကန်အတွင်း ငါးမြစ်ချင်းအကောင် ၂၅၀၀ နှင့် ထိုင်းငါးခုံးမအကောင် ၂၅၀၀ စုစုပေါင်းအကောင် ၅၀၀၀ စိုက်ထည့်ပေးခဲ့ပြီး ယနေ့အခမ်းအနားတွင် ငါးမြစ်ချင်းနှင့် ငါးခုံးမငါးသားပေါက်အကောင် ၂၀၀၀ ကျော် စိုက်ထည့်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# ဝဏ္ဏသိဒ္ဓိအားကစားကွင်းအတွင်းရှိ အားကစားကွင်း၊ အားကစားရုံများနှင့် ရေကူးကန် ပြုပြင်ရေးလုပ်ငန်းအခြေအနေများကို ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင် ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဇူလိုင် ၁၆**

အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်သည် ဒုတိယဝန်ကြီး ဦးထိန်လင်း၊ အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့်အတူ ယနေ့နံနက်ပိုင်းတွင် ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် နေပြည်တော်ဝဏ္ဏသိဒ္ဓိအားကစားကွင်းအတွင်းရှိ ဝဏ္ဏသိဒ္ဓိဘောလုံးကွင်း ပျက်စီးမှုများ ပြုပြင်ရေးလုပ်ငန်းများ၊ လေ့ကျင့်ရေး ရေကူးကန်ပြင်ဆင်ခြင်း လုပ်ငန်းဆောင် ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် Max MyanmarCo.,Ltdမှတာဝန်ယူဆောင်ရွက်လျက်ရှိသည့် နေပြည်တော်ဝဏ္ဏသိဒ္ဓိအားကစားကွင်းအတွင်း ပြုပြင်ဆောင်ရွက်လျက်ရှိသည့်လုပ်ငန်းများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

ယင်းနောက် မော်တော်ယာဉ်ပတ်လမ်းများတွင် မြေကျွံပျက်စီးနေမှုများပြုပြင်ရေး လုပ်ငန်းဆောင်ရွက်နေမှု၊ လေ့ကျင့်ရေး ရေကူးကန်ကြမ်းခင်းကွဲကျနေမှု၊ အုတ်နံရံပြိုကျနေမှုနှင့် ရေသန့်စင်ခြင်းလုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကိုလိုက်လံကြည့်ရှုစစ်ဆေးပြီး ၃၃ ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲသို့ဝင်ရောက်ယှဉ်ပြိုင်ရန်အတွက် စခန်းသွင်းလေ့ကျင့်လျက်ရှိသည့် အားကစားသမားများရေကူးလေ့ကျင့်ခန်းများပြုလုပ်နိုင်စေရန်နှင့် ရေကူးသင်တန်းများ ပြန်လည်ဖွင့်လှစ်သင်ကြားပေးနိုင်ရန် ရေကူးကန်အား အမြန်ဆုံးဦးစားပေးပြုပြင်ဆောင်ရွက်သွားရန် တာဝန်ရှိသူများကို မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)



# မိုင်းဆတ်မြို့နယ်နှင့် မိုင်းတုံမြို့နယ်တို့၌ မြန်မာအီလက်ထရောနစ်မဲပေးစက်(MEVM) တပ်ဆင်ကိုင်တွယ်အသုံးပြုခြင်းဆိုင်ရာ သင်တန်းများဖွင့်လှစ်




**နေပြည်တော် ဇူလိုင် ၁၆**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ပါတီစုံအထွေထွေရွေးကောက်ပွဲတွင် မြန်မာအီလက်ထရောနစ်မဲပေးစက်(MEVM)ဖြင့် ဆန္ဒမဲပေးနိုင်ရေးစီစဉ်ဆောင်ရွက်လျက်ရှိရာ မြို့နယ်အဆင့်လုပ်ငန်းအဖွဲ့ မြန်မာအီလက်ထရောနစ်မဲပေးစက် (MEVM) တပ်ဆင်ကိုင်တွယ် အသုံးပြုခြင်းဆိုင်ရာ သင်တန်းများကို မြို့နယ်အသီးသီး၌ ဖွင့်လှစ်လျက်ရှိသည်။

> **မြန်မာအီလက်ထရောနစ်မဲပေးစက် (MEVM) တပ်ဆင်ကိုင်တွယ် အသုံးပြုခြင်းဆိုင်ရာသင်တန်း လက်တွေ့သရုပ်ပြ လေ့ကျင့်နေမှုကို တွေ့ရစဉ်။**

ထို့အတူ ရှမ်းပြည်နယ်(အရှေ့ပိုင်း) အတွင်းရှိ မြို့နယ်များတွင်လည်း မြန်မာအီလက်ထရောနစ်မဲပေးစက် (MEVM) တပ်ဆင်ကိုင်တွယ် အသုံးပြုခြင်းဆိုင်ရာ သင်တန်းများဖွင့်လှစ်လျက်ရှိရာ ဇူလိုင် ၁၄ ရက်တွင် တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးလှိုင်နှင့် အဖွဲ့ဝင်များသည် မိုင်းဆတ်ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲမှ လက်ထောက်ညွှန်ကြားရေးမှူး အပါအဝင် ခရိုင်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများလိုက်ပါလျက် မိုင်းဆတ်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး၌ ဖွင့်လှစ်လျက်ရှိသော သင်တန်းသို့သွားရောက်၍ သင်တန်းဖွင့်လှစ်သင်ကြားနေမှု၊ လက်တွေ့သရုပ်ပြလေ့ကျင့်နေမှုများကို ကြည့်ရှုအားပေးပြီး ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်သည်။

အလားတူ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ဇူလိုင် ၁၅ ရက်တွင် မိုင်းတုံမြို့နယ် ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး၌ ဖွင့်လှစ်လျက်ရှိသော သင်တန်းသို့သွားရောက်၍ သင်တန်းဖွင့်လှစ်သင်ကြားနေမှု၊ လက်တွေ့သရုပ်ပြလေ့ကျင့်နေမှုများကို သွားရောက်ကြည့်ရှုအားပေးပြီး သင်တန်းသားများအား ရင်းရင်းနှီးနှီး တွေ့ဆုံအားပေးစကားပြောကြားကာ ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

(၅၀၁)

**တစ်အိမ်လုံးတွင် မည်သူမျှ မရှိနေချိန်၌ မလိုအပ်သော လျှပ်စစ်အသုံးပြုမှုအားလုံးကို ပိတ်ခြင်းဖြင့် လျှပ်စစ်ကို ချွေတာသုံးစွဲပါ။**

# အမျိုးသားညီညွတ်ရေး

အမျိုးသားညီညွတ်ရေးဆိုတာ ဘယ်ကဲ့သို့သောညီညွတ်ရေးကို ခေါ်ပါသနည်းဟု မေးရပါလိမ့်မယ်။ အမျိုးသားညီညွတ်ရေးဆိုတာ ခေါင်းဆောင်များသာ ညီညွတ်ခြင်းကို မဆိုလို။ လူမျိုး၊ ဘာသာ၊ ယောက်ျား၊ မိန်းမ၊ ဂိုဏ်းဂဏမရွေး တစ်နိုင်ငံလုံး ပြည်သူပြည်သား၊ လူထုတစ်ခုလုံး အပြောသာမဟုတ် အလုပ်နှင့်တကွ အမျိုးသားတို့၏ အလိုဆန္ဒများကို ပြည့်ဝနိုင်ရန် အမျိုးသားတို့၏ လုပ်ငန်းများတွင် သောင်းသောင်းဖြဖြ စိတ်ရောကိုယ်ပါ ညီညွတ်ကြသည်ကို ဆိုလိုပါတယ်။

၁၉၄၆ခုနှစ် ဇန်နဝါရီ ၂၀ရက်တွင် ဖက်ဆစ်တိုက်ဖျက်ရေးနှင့် ပြည်သူ့လွတ်လပ်ရေးအဖွဲ့ချုပ်ကြီး(ဖဆပလ)၏ နိုင်ငံလုံးဆိုင်ရာညီလာခံ၌ ပြောကြားခဲ့သည့် မိန့်ခွန်းမှ ကောက်နုတ်ချက်



## မြန်မာနိုင်ငံပြန်တမ်း

**ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ခန့်ထားခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် စိုက်ပျိုးရေး၊မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ငါးလုပ်ငန်းဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမြင့်ဇင်ထူးအား ယင်းဦးစီးဌာန၏ ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။

## ၂၀၂၅ ခုနှစ် ဇူလိုင် ၁၆ ရက် ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ် / ကုဗစင်တီမီတာနှင့် အထက်ရှိ စံချိန်မီရွှေ တစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ ဈေးနှုန်း ၅၈၉၀၀၀၀ ကျပ်။

**ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ**

## နိုင်ငံရေးပါတီတည်ထောင်ခွင့်လျှောက်ထားခြင်းများကို စိစစ်ခွင့်ပြုပေးလျက်ရှိ

**နေပြည်တော် ဇူလိုင် ၁၆**

နိုင်ငံရေးပါတီတည်ထောင်လိုသူများက ယင်းတို့တည်ထောင်လိုသောပါတီအမည်ကို ဖော်ပြ၍ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ လျှောက်ထားလျက်ရှိကြရာ ယနေ့အထိ ပါတီတည်ထောင်ခွင့်လျှောက်ထားလာသည့်အဖွဲ့ ၂၇ ဖွဲ့ရှိပြီး ယင်းသို့လျှောက်ထားသည့်အဖွဲ့များအနက် **ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးရေးပါတီနှင့်မျိုးဆက်သစ်ဝံသာနုပါတီ**တို့သည် နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေ၊နည်းဥပဒေများနှင့် ညီညွတ်ကြောင်းစိစစ်တွေ့ရှိရသဖြင့် ကော်မရှင်က ယနေ့တွင် နိုင်ငံရေးပါတီတည်ထောင်ခွင့်လျှောက်ထားချက်များကို ခွင့်ပြုလိုက်ကြောင်း သိရှိရသည်။

**ပြည်သူ့အင်အားဒီမိုကရေစီပါတီ** [People Power For Democracy Party (PPD)]၏ လျှောက်ထားချက်အပေါ် သက်ဆိုင်ရာဝန်ကြီးဌာနများ၏ စိစစ်ပြန်ကြားချက်များအရ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၄ ပါ ပြဋ္ဌာန်းချက်များနှင့် ညီညွတ်ခြင်းမရှိသောကြောင့်လည်းကောင်း၊ **လီရှော အမျိုးသားပါတီ**၏ လျှောက်ထားချက်အပေါ် သက်ဆိုင်ရာဝန်ကြီးဌာနများ၏ စိစစ်ပြန်ကြားချက်များအရ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၆ ပါ ပြဋ္ဌာန်းချက်များနှင့်ညီညွတ်ခြင်းမရှိသောကြောင့်လည်းကောင်း ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် စုံညီအစည်းအဝေးအမှတ်စဉ်(၃၀/၂၀၂၅)ဆုံးဖြတ်ချက်အရ ယင်းပါတီများ၏ ပါတီတည်ထောင်ခွင့်လျှောက်ထားချက်များကို ကော်မရှင်က ယနေ့တွင် နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းနည်းဥပဒေပါ ပုံစံ(ဂ)ဖြင့် ငြင်းပယ်လိုက်ရာ ယနေ့အထိ နိုင်ငံရေးပါတီ ၂၁ ပါတီကို တည်ထောင်ခွင့်ပြုပြီးဖြစ်ကြောင်းနှင့် နိုင်ငံရေးပါတီ ငါးပါတီကို ငြင်းပယ်ပြီးဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

## ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့် သတင်းပို့တိုင်ကြားရန်တို့အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌရုံး (နေပြည်တော်)**
- (၁) ၀၆၇-၃၄၀၄၉၁၁၊ ၀၆၇-၃၄၀၄၉၂၂၊ ၀၆၇-၃၄၀၄၉၃၃၊ ၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၁

(ခ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)**
- (၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၂

(ဂ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကချင်ပြည်နယ်)**
- (၁) ၀၉-၃၄၉၀၃၅၅၃၄၊ ၀၉-၃၄၉၀၃၈၃၇၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၃၄၉၀၃၈၃၇၆

(ဃ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကယားပြည်နယ်)**
- (၁) ၀၉-၃၄၉၀၁၅၈၄၇၊ ၀၉-၃၄၉၀၁၄၄၈၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၁၀၀၆၆၃၈

(င) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကရင်ပြည်နယ်)**
- (၁) ၀၅၈-၂၀၂၄၅၃၀၊ ၀၅၈-၂၀၂၃၅၃၁
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၆၉၁၁၁၉၁၀

(စ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ချင်းပြည်နယ်)**
- (၁) ၀၇၀-၂၀၂၂၃၆၈၊ ၀၇၀-၂၀၂၂၅၉၉
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၈၉၀၉၃၇၅၇၄

(ဆ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)**
- (၁) ၀၇၁-၂၀၃၂၀၉၁၊ ၀၇၁-၂၀၃၂၀၉၂
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၇

(ဇ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)**
- (၁) ၀၅၉-၂၀၂၄၀၃၇၊ ၀၅၉-၂၀၂၄၀၃၈
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၈

(ဈ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)**
- (၁) ၀၅၂-၂၂၀၁၉၃၉၊ ၀၅၂-၂၂၀၁၉၄၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၉

(ည) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)**
- (၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃-၂၀၂၈၈၇၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၀

(ဋ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)**
- (၁) ၀၂-၄၀၂၁၂၄၅၊ ၀၂-၄၀၂၁၂၄၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၁

(ဌ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)**
- (၁) ၀၅၇-၂၀၂၇၉၃၅၊ ၀၅၇-၂၀၂၇၉၃၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၂

(ဍ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)**
- (၁) ၀၉-၂၅၅၀၀၂၅၁၇၊ ၀၉-၂၅၅၀၀၂၅၁၈
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၃

(ဎ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)**
- (၁) ၀၁-၈၃၀၀၀၁၆၊ ၀၁-၈၃၀၀၀၁၇
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၄

(ဏ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)**
- (၁) ၀၈၁-၂၁၂၄၅၄၀၊ ၀၈၁-၂၁၂၄၉၉၅
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၅

(တ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)**
- (၁) ၀၄၂-၂၀၂၅၉၉၃၊ ၀၄၂-၂၀၂၅၉၉၄
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၆

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ စုံစမ်းမေးမြန်းခြင်း၊ မသမာမှုများနှင့်ပတ်သက်၍ တိုင်ကြားခြင်းများကို တိကျစွာဆက်သွယ်သတင်းပို့နိုင်ပါကြောင်းနှင့် မမှန်မကန်သတင်းပို့ခြင်း၊ တိုင်ကြားခြင်းများပြုလုပ်ပါကဖော်ထုတ်၍ တည်ဆဲဥပဒေများနှင့်အညီ အရေးယူသွားမည်ဖြစ်ပါကြောင်းအသိပေးအပ်ပါသည်။

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့**

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကို သတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။



နမ့်ဆောင်ဟူးကျောင်းတိုက်အား သိမ်းပိုက်ရရှိမှု မှတ်တမ်းဓာတ်ပုံ။



နောင်ချိုမြို့မဈေးအား သိမ်းပိုက်ရရှိမှုမှတ်တမ်းဓာတ်ပုံ။



နောင်ချိုမြို့နယ် တရားရုံးအား သိမ်းပိုက်ရရှိမှုမှတ်တမ်းဓာတ်ပုံ။







အကြမ်းဖက်သောင်းကျန်းသူများထံမှ သိမ်းဆည်းရမိသည့် ခဲယမ်းနှင့် ဆက်စပ်ပစ္စည်းများ မှတ်တမ်းဓာတ်ပုံ။

☆ ကျောဖုံးမှအဆက်

မန္တလေး- မူဆယ်လမ်းမကြီး (အမှတ် ၁၄ အာရှလမ်းမကြီး)သည် နောင်ချိုမြို့နယ် အတွင်း အနောက်မှ အရှေ့သို့ ဖြတ်သန်းပြီး ပြင်ဦးလွင် - မန္တလေးမှတစ်ဆင့် မြန်မာ နိုင်ငံတစ်ဝန်းရှိ အခြားမြို့ရွာများ နှင့် ကျောက်မဲမြို့မှတစ်ဆင့် ရှမ်းပြည်နယ် (မြောက်ပိုင်း)ရှိ မြို့ရွာများသို့လည်း ဆက်သွယ်သွားလာနိုင်သည့်မြို့ဖြစ်သည်။

ရှမ်း၊ ဓနုနှင့် ဗမာလူမျိုးများ အများဆုံး နေထိုင်ကြကာ ဗုဒ္ဓဘာသာကို အဓိက ကိုးကွယ်ကြပြီး ဘာသာတရားအဆုံးအမနှင့်အညီ အေးချမ်းပျော်ရွှင်စွာ နေထိုင်လျက်ရှိကြသည်။ စိုက်ပျိုးရေးလုပ်ငန်းသည် နောင်ချိုမြို့၏ အဓိကစီးပွားရေးလုပ်ငန်းဖြစ်ပြီး မွေးမြူရေး၊ ဓာတ်သတ္တုကုန်ထုတ်လုပ်ငန်း၊ ဝန်ဆောင်မှုလုပ်ငန်း၊ ခရီးသွားလုပ်ငန်း၊ သယ်ယူပို့ဆောင်ရေးနှင့် ကုန်သွယ်ရေး လုပ်ငန်းများကိုလည်း လုပ်ကိုင်ကြသည်။ ရေတံခွန်များ၊ ထုံးကျောက်ဂူများ၊ တောတောင်ရှုခင်းအလှများ၊ မတူကွဲပြားသောလူမျိုးစုများ၊ သမိုင်းဝင်နေရာများစွာရှိနေသော နောင်ချိုမြို့နယ်သည် လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်မှု၊ ခရီးသွားများ များစွာဝင်ရောက်မှုတို့နှင့်အတူ ခရီးသွားလုပ်ငန်း ကဏ္ဍဖွံ့ဖြိုးတိုးတက်လာပြီး ဒေသခံများ၏ လူမှုစီးပွားလည်း တိုးတက်စည်ပင်သာယာသည့် အေးချမ်းသည့်မြို့တစ်မြို့ဖြစ်သည်။

ထိုသို့အေးချမ်းသာယာပြီး တိုးတက်မှုအဟုန်မြင့်မားနေသည့် နောင်ချိုမြို့သို့ TNLA အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူများသည် ၂၀၂၄ ခုနှစ် ဇွန် ၂၅ ရက်မှစတင်၍ မြို့နှင့်မြို့လုံခြုံရေးဆောင်ရွက်နေသည့် တပ်ရင်း၊ တပ်ဖွဲ့၊ ဌာနချုပ်များအား အင်အားအလုံးအရင်းဖြင့် ဝင်ရောက်တိုက်ခိုက်ခဲ့ကြပြီး ဒေသခံပြည်သူများ၏နေအိမ်များကို မီးရှို့ဖျက်ဆီးခြင်း၊ ပြည်သူများပိုင်ဆိုင်သည့်ပစ္စည်းများအား အတင်းအဓမ္မလုယက်ယူဆောင်ခြင်း၊ အစိုးရအုပ်ချုပ်မှုယန္တရားပျက်ပြားအောင် လုပ်ဆောင်ခဲ့ခြင်းများကြောင့် ကျောင်းသား၊ ကျောင်းသူ၊ ကလေးသူငယ်များ၊ သက်ကြီးရွယ်အိုများအပါအဝင် ဒေသခံပြည်သူများသည် ဘေးဒုက္ခကြီးစွာဖြင့် နီးစပ်ရာမြို့ရွာများရှိ ဆွေမျိုးများ၏ နေအိမ်များ၊ ယာယီတိုက်ပွဲရှောင်စခန်းများသို့ မိမိတို့၏တိုက်တာအိုးအိမ် အဆောက်အအုံများ၊ ဥစ္စာပစ္စည်းများကို စွန့်ခွာ၍ ဘေးလွတ်ရာသို့ ထွက်ပြေးတိမ်းရှောင်ခဲ့ရသည်။

ထိုသို့သာလွန်အင်အားဖြင့် အလစ်အငိုက် လာရောက်တိုက်ခိုက်မှုကြောင့် နောင်ချိုမြို့ရှိ တပ်ရင်း၊ တပ်ဖွဲ့များမှ အရာရှိ၊ စစ်သည်များနှင့် တပ်မတော်စစ်ကြောင်းများသည် နောင်ချိုမြို့နှင့်မိမိတို့၏တပ်ရင်းဌာနချုပ်များ၊ ရန်သူ့လက်တွင်းသို့မကျဆုံးစေရေးအတွက် မိမိတို့၏ အသက်ကိုပဓာနမထားဘဲ ရဲဝံ့စွန့်စားစွာဖြင့်အပြင်းအထန်ခုခံခဲ့သော်လည်း ထိခိုက်၊ ကျဆုံး၊ဒဏ်ရာရရှိမှု များပြားလာခြင်းနှင့် ရန်သူမှ အင်အားအဆမတန်များပြားလာခြင်းတို့ကြောင့် ကြားခံစစ် အဆင့်ဆင့်ဖြင့် ခံစစ်ဆင်ဆုတ်ခွာခဲ့ကာ တောင်ခမ်းတပ်နယ်နှင့် ပြင်ဦးလွင်တပ်နယ်တို့ရှိ နယ်မြေခံတပ်များနှင့် ပူးပေါင်း၍ တောင်ခမ်းနှင့် ပြင်ဦးလွင်-နောင်ချိုမြို့နယ်ထိစပ်နေသည့် ဒေသတို့၌ ယာယီခံစစ်ဆင်ကာ အကြမ်းဖက်အဖွဲ့များ၏ တိုက်ခိုက်မှုများကို ပြန်လည်ခုခံခဲ့သည်။

နောင်ချိုမြို့အား ယာယီထိန်းချုပ်ထားရှိပြီး စစ်ရေးလှုပ်ရှားမှု အရှိန်မြှင့်တင်လာသည့် TNLA အဖွဲ့၊ MDY-PDF နှင့် ဓနု PDFအမည်ခံ အကြမ်းဖက်သောင်းကျန်းသူများသည် ၂၀၂၄ ခုနှစ် ဩဂုတ် ၁၀ ရက်မှ စတင်၍ တောင်ခမ်းတပ်နယ်အနီးတစ်ဝိုက်ရှိ ကျေးရွာများ၊ စာသင်ကျောင်းများ၊ ဘုန်းတော်ကြီးကျောင်းများအတွင်း ဝင်ရောက်နေရာယူပြီး ရွာသူ၊ရွာသားများအား လူသားတံတိုင်းသဖွယ်အသုံးပြု၍ တပ်မတော်စစ်ကြောင်းများနှင့် တပ်စခန်းများအား အင်အားအလုံးအရင်းဖြင့် စတင်တိုက်ခိုက်ခဲ့ကြရာ မိမိတပ်များက စစ်ဗျူဟာအရေးကြီးမြေများတွင်ဖြန့်ခွဲ၍ အသင့်ခံစစ်ပြင်ဆင် ခုခံတိုက်ခိုက်မှုများကြောင့် အလွယ်တကူထိုးဖောက်တိုက်ခိုက်နိုင်ခြင်း မရှိဘဲ Drone များ၊ လက်နက်ကြီးများ အသုံးပြု၍ တပ်ရင်းဌာနချုပ်များနှင့် တပ်စခန်းများကို တိုက်ခိုက်ခဲ့ပြီး အဖွဲ့ငယ်များခွဲကာ အလစ်အငိုက်တိုက်ခိုက်ခြင်းများ၊ အဓိကအုပ်ချုပ်ထောက်ပံ့မှုများ ဆောင်ရွက်နေသည့် နောင်လင်း-မဲပုတ်-ဈေးကုန်းလမ်း၊ နားရှီး-ဈေးကုန်းလမ်းဆုံတို့အား ဖြတ်တောက်ပိတ်ဆို့ခြင်း၊ ယာပြင်-အင်းဖို-တောင်ရှည်လမ်းကြောင်းအားထိုးဖောက်ဝင်ရောက်၍ တောင်ခမ်းရွာနေရာများကို ဖြတ်တောက်ပိတ်ဆို့တိုက်ခိုက်ခြင်း၊နောင်လင်း-မဲပုတ်-မကျည်းရေလမ်းကြောင်းမှတစ်ဆင့် တပ်မတော်စခန်းများအား တိုက်ခိုက်ခြင်း များပြုလုပ်ခဲ့သည်။ တစ်ချိန်တည်းမှာပင် ပြင်ဦးလွင်-နောင်ချိုဆက်သွယ်ရေးလမ်းမကြီးပေါ်ရှိ ကျောက်ကြမ်း၊ အုမ္မခါး၊ ရေမောင်းတန်း၊ အုမ္မသီး၊

စာမျက်နှာ ၂၀ သို့




နောင်ချိုမြို့ ပြည်သူ့ဆေးရုံအား သိမ်းပိုက်ရရှိမှုမှတ်တမ်းဓာတ်ပုံ။



အကြမ်းဖက်သောင်းကျန်းသူများက နောင်ချိုမြို့ ပြည်သူ့ဆေးရုံခွဲစိတ်ခန်းအတွင်းရှိ ပစ္စည်းများအား ဖျက်ဆီးထားရှိမှု မှတ်တမ်းဓာတ်ပုံ။

**စာမျက်နှာ ၁၉ မှအဆက်**

ဘန့်ဘွေးဒေသနှင့် ပြင်ဦးလွင်-မိုးကုတ် လမ်းကြောင်းပေါ်ရှိ ဟိုခို၊ သံဘို၊ ကျောက်မဲ လေးဒေသထိ တိုးချဲ့တိုက်ခိုက်လာခဲ့သည်။

ထိုသို့ တိုက်ခိုက်ခြင်းများကြောင့် တောင်ခမ်းဒေသသို့တပ်မတော်မှ ကွန်မန်ဒို အဖွဲ့များ၊ စစ်ကူစစ်ကြောင်းများနှင့် လိုအပ်သည့် အုပ်ချုပ်ထောက်ပံ့မှုများကို အမြန်ဆုံး ဖြည့်တင်းဆောင်ရွက်ခဲ့ပြီး လေကြောင်းပစ်ကူ၊ လက်နက်ကြီးပစ်ကူများပူးပေါင်းကာ မြေပြင်၊ဝေဟင်ဟန်ချက်ညီပေါင်းစပ်ပြီး မြေပြင်သတင်းဖော်ထုတ်၍ ၂၀၂၄ ခုနှစ် ဩဂုတ် ၂၅ ရက်မှစ၍ အကြမ်းဖက်သောင်းကျန်းသူများထိန်းချုပ်ထားသည့်နေရာများသို့ အကြမ်းဖက်ချေမှုန်းရေးစစ်ဆင်ရေး (Counter- Terrorism Operation)ဖြင့် တန်ပြန်တိုက်စစ်များ အဆင့်ဆင့်တိုက်ခိုက်ခဲ့ရာ ၂၀၂၅ ခုနှစ် ဖေဖော်ဝါရီ ၂၈ ရက်တွင် မကျည်းရေမှတစ်ဆင့် တောင်ခမ်းသို့ဆက်သွယ်သည့် အုပ်ချုပ်မှုလမ်းကြောင်းများကို ပြန်လည်ထိန်းချုပ်နိုင်ခဲ့သည်။ အလားတူ ကျောက်မဲလေးဒေသမှ သံဘိုကျေးရွာအနီးနှင့် ဘန့်ဘွေးဒေသမှ ဂန့်ဂေါ်-အုမ္မသီးလမ်းခွဲတို့အား တန်ပြန်တိုက်စစ်ဖြင့် ထိန်းချုပ်နိုင်ခဲ့သည်။

တပ်မတော်အနေဖြင့် TNLA အဖွဲ့နှင့် PDF အမည်ခံအကြမ်းဖက်အဖွဲ့များ၏ စိတ်ဓာတ်ရေးရာကို ပြင်းထန်စွာရိုက်ချိုးနိုင်ခဲ့ပြီး ဒေသခံပြည်သူများ၏ အားပေးထောက်ခံမှုကို အပြည့်အဝရရှိလာသည့်အတွက် တပ်မတော်စစ်ကြောင်းများမှ တိုက်ပွဲဝင် အရာရှိ၊ စစ်သည်များသည် စိတ်ဓာတ်ခွန်အားတက်ကြွမှု၊ တိုက်လိုခိုက်လိုစိတ်ပြင်းပြမှုတို့ဖြင့် အောင်မြေချဲ့ထွင်မှုများကို မြေပြင်၊ ဝေဟင်စစ်နည်းဗျူဟာမြောက်အဆင့်ဆင့် ပေါင်းစပ်၍ အကြမ်းဖက်သောင်းကျန်းသူများ ယာယီခံစစ်စခန်းတည်ဆောက်ထားသည့်နေရာများကို အဆင့်ဆင့်လိုက်လံတိုက်ခိုက်ချေမှုန်းခဲ့ပြီး နောင်ချိုမြို့အား ပြန်လည်သိမ်းပိုက်ရရှိရေး စစ်ကြောင်းများခွဲ၍ "ရဲရဲတက်၊ရဲရဲတိုက်၊ရဲရဲချေမှုန်း"တိုက်ခိုက်ခဲ့ရာ တောင်ခမ်း-ကံကြီး-နောင်ချိုလမ်းကြောင်းရှိ နမ့်ဆောင်ဟူးတစ်ဝိုက်အား ၂၀၂၅ ခုနှစ် ဇူလိုင် ၈ ရက်တွင် လည်းကောင်း၊ တောင်ခမ်း-ရွှေသွန်း-ဂုတ်ထိပ်-နောင်ချိုလမ်းကြောင်းရှိဂုတ်ထိပ်အနီးတစ်ဝိုက်အား ဇူလိုင် ၁၂ ရက်တွင် လည်းကောင်း၊ ပြင်ဦးလွင်-နောင်ချိုပြည်ထောင်စုလမ်းမကြီး တစ်လျှောက်ရှိ အုမ္မသီးလမ်းခွဲမှ အုမ္မခါးကျေးရွာထိအား ဇွန် ၂၅ ရက်တွင်လည်းကောင်း၊ ကျောက်ကြမ်းနေရာတစ်ဝိုက်အား ဇူလိုင် ၁၅ ရက်တွင်လည်းကောင်း၊ တိုက်ပွဲများပြင်းထန်စွာဖြစ်ပွားခဲ့ပြီး အောင်မြင်စွာပြန်လည်ထိန်းချုပ်နိုင်ခဲ့သည်။

ဆက်လက်၍ တပ်မတော်စစ်ကြောင်းများက နောင်ချိုမြို့နှင့်အဆိုပါဒေသတစ်ဝိုက်အား ပြန်လည်သိမ်းပိုက်ရရှိရေး အဆင့်ဆင့်ပစ်ကျင်းများတူး၍ ချဉ်းကပ်ခဲ့ပြီးအသက်ကိုပဓာနမထားဘဲ ရှပ်ရှပ်ချွံချွံ တိုက်ခိုက်ချေမှုန်းခဲ့ရာ စစ်ဆင်ရေးကာလ ၁၁ လ အတွင်း အကြမ်းဖက်သောင်းကျန်းသူများနှင့် တိုက်ပွဲကြီး အကြိမ်၂၀၊ ထိတွေ့မှုပေါင်း ၅၆၆ ကြိမ် ဖြစ်ပွားခဲ့ပြီး ထင်ရှားသည့် တိုက်ပွဲများအနေဖြင့် ငုံးမင်းစေတီတိုက်ပွဲ၊ ပွိုင့် ၁၁၃၀ တိုက်ပွဲ၊ ဇေတဝန်ဘုရားကုန်းတိုက်ပွဲ၊မန်ကျည်းရေဘုန်းကြီးကျောင်းတိုက်ပွဲ၊ ထုံးဖိုစုကျေးရွာတိုက်ပွဲ၊ ကမ္ဘောဇဘုန်းကြီးကျောင်းတိုက်ပွဲ၊ နားရှိုးကျေးရွာတိုက်ပွဲ၊ ရွှေစံဖော်ဘုန်းကြီးကျောင်းတိုက်ပွဲ၊ ဆယ်တောင်ပြည့်ဘုရားကုန်းတိုက်ပွဲ၊ မန်မောကျေးရွာတိုက်ပွဲ၊ တောင်ရှည်ကျေးရွာတိုက်ပွဲ၊ ကျောက်ကြမ်းတိုက်ပွဲ၊ နမ့်ဆောင်ဟူးတိုက်ပွဲ၊ မျက်ချင်းနုတိုက်ပွဲ၊ ရွှေပြည်ညွှန့်တိုက်ပွဲ၊ ရွှေသွန်းတိုက်ပွဲ၊ ကုန်းစံတိုက်ပွဲ၊ ဂုတ်ထိပ်တိုက်ပွဲ၊ ပွိုင့်-၁၁၁၈ တိုက်ပွဲများဖြစ်ပြီး ရန်သူ့ထံမှအလောင်း ၁၇၁ လောင်းနှင့် လက်နက်မျိုးစုံ ၁၆၆ လက်နှင့် ဆက်စပ်ပစ္စည်းများ သိမ်းပိုက်ရရှိခဲ့ကာ အကြမ်းဖက် သောင်းကျန်းသူများသည် တပ်မတော်စစ်ကြောင်းများ၏ တန်ပြန်ထိုးစစ်အား ဆက်လက်ခုခံနိုင်ခြင်းမရှိတော့ဘဲ ထိခိုက်ကျဆုံးများစွာဖြင့် ကစဉ့်ကလျားဆုတ်ခွာ ထွက်ပြေးသွားခဲ့သဖြင့် ယနေ့ဇူလိုင် ၁၆ ရက် ၁၂ နာရီခန့်တွင် နောင်ချိုမြို့တစ်မြို့လုံးအား တပ်မတော်က အပြီးတိုင် အောင်မြင်စွာသိမ်းပိုက်ခြင်းဖြင့် ဒေသခံတိုင်းရင်းသားပြည်သူများ၏ မိမိအိုးအိမ်နေရာများ၊ မိမိတို့၏ စိတ်အေးချမ်းသာစွာဖြင့်



နောင်ချိုမြို့ မြန်မာ့စီးပွားရေးဘဏ်အား သိမ်းပိုက်ရရှိမှုမှတ်တမ်းဓာတ်ပုံ။

ပြန်လည်နေထိုင်လိုသည့် ဆန္ဒအကြမ်းဖက်သောင်းကျန်းသူများ၏ အသက်အန္တရာယ်ရန်ပြုမှုဘေးမှကင်းဝေးပြီး အေးချမ်းစွာမိမိလူမှုစီးပွားဘဝအတွက် ရှာဖွေစားသောက်လုပ်ကိုင်လိုစိတ်ဆန္ဒများကို ဖြည့်ဆည်းပေးနိုင်ခဲ့ပြီဖြစ်သည်။

တိုက်ပွဲကာလများမတိုင်မီ နိုင်ငံရေးခံယူချက်မတူညီမှုကြောင့် တပ်မတော်အား မထောက်ခံသူလူနည်းစုဖြစ်သောအရပ်သားပြည်သူအချို့နှင့် နေအိမ်၊ ဥစ္စာပစ္စည်းများကို စွန့်ခွာတိမ်းရှောင်နေရသည့် ဒေသခံပြည်သူများသည် ၎င်းတို့ TNLA အဖွဲ့နှင့် PDF အမည်ခံအကြမ်းဖက်အဖွဲ့များ၏လက်အောက်သို့ရောက်ရှိသွားပါက အခြေခံလူ့အခွင့်အရေးဆုံးရှုံးမှုများ၊စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေး၊ ပညာရေးစသည့် အဘက်ဘက်မှနိမ့်ကျသွားနိုင်သည်ကိုလက်တွေ့သဘောပေါက်နားလည်လာသည့်အတွက် တပ်မတော်အား စိတ်အားထက်သန်စွာ အားပေးထောက်ခံလာကြပြီး မြေပြင်သတင်းရရှိမှုများကို နီးစပ်ရာ တပ်မတော်စစ်ကြောင်းများထံသို့ သတင်းပေးပို့ခြင်း၊ တပ်မတော်နှင့်အတူ ပူးပေါင်းဆောင်ရွက်ခြင်းများ ပြုလုပ်လာခဲ့သည်။

TNLA အဖွဲ့နှင့် PDF အမည်ခံအကြမ်းဖက်အဖွဲ့များအနေဖြင့် နောင်ချိုမြို့နှင့် ၎င်းဒေသအား ယာယီသိမ်းပိုက်ထိန်းချုပ်ထားစဉ် မြို့ရွာများအတွင်းရှိ ဘာသာရေးဆိုင်ရာအဆောက်အအုံများ၊စာသင်ကျောင်းများ၊ ဌာနဆိုင်ရာအဆောက်အအုံများ၊ ဆေးရုံများနှင့် လူနေအိမ်များတွင် ဘန်ကာများဆောက်လုပ်ပြီး တပ်မတော်စစ်ကြောင်းများအား ပစ်ခတ်တိုက်ခိုက်ခြင်း၊ ဒေသခံပြည်သူများ၏ အိုးအိမ်များကို ခံစစ်တံတိုင်းအဖြစ် အကာအကွယ်ရယူ၍ ပစ်ခတ်တိုက်ခိုက်ခြင်းများကို လုပ်ဆောင်ခဲ့သည့်အပြင် ဒေသခံပြည်သူများ နေအိမ်များနှင့် ဈေးဆိုင်ခန်းများအားဖောက်ထွင်း၍ တန်ဖိုးကြီးပစ္စည်းများ၊ စားသောက်ကုန်နှင့် အသုံးအဆောင်ပစ္စည်းများကို အဓမ္မယူဆောင်ခြင်း၊ အများပြည်သူသွားလာလျက်ရှိသည့်လမ်းများအား မြေဖြုတ်ခြင်းများပြုလုပ်ဖျက်ဆီးခြင်း၊ လမ်းပန်းဆက်သွယ်ရေးတွင် အဓိကအချက်အချာကျသည့် ဂုတ်တွင်းတံတားအပါအဝင် အခြားလမ်း၊တံတားများအား မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခြင်းစသည့် အဖျက်အမှောင့်လုပ်ငန်းများကို လုပ်ဆောင်ခဲ့ကြောင်း တွေ့ရှိရသည်။

တပ်မတော်စစ်ကြောင်းများအနေဖြင့် နောင်ချိုမြို့အတွင်းသို့ ယာယီနေရပ်စွန့်ခွာနေကြရသည့် ဒေသခံပြည်သူများအား အန္တရာယ်ကင်းရှင်းစွာ ပြန်လည်ဝင်ရောက်နေထိုင်နိုင်ရေးနှင့် အစိုးရအုပ်ချုပ်မှုယန္တရားများ အမြန်ဆုံးလည်ပတ်နိုင်ရေးနှင့် အကြမ်းဖက်သောင်းကျန်းသူများ၏ ယုတ်မာရက်စက်စွာဆောင်ရွက်ခဲ့သည့် မြေမြှုပ်မိုင်းအန္တရာယ်ကင်းရှင်းရေး ဦးစားပေးရှင်းလင်းဖော်ထုတ်ခြင်းအား ဂျီနီဗာကွန်းဗားရှင်းနှင့်အညီ ဆောင်ရွက်လျက်ရှိပြီး အကြမ်းဖက်သောင်းကျန်းသူများဖျက်ဆီးခဲ့သည့် စာသင်ကျောင်းများ၊ ဆေးရုံ၊ ဆေးခန်းများ၊ ရုံး၊ ဌာနအဆောက်အအုံများ၊ ဘာသာရေးဆိုင်ရာအဆောက်အအုံများနှင့် လူနေအိမ်များအား ဒေသခံပြည်သူများနှင့် ပူးပေါင်း၍ အမြန်ဆုံး ပြန်လည်ပြုပြင်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်းနှင့် နယ်မြေလုံခြုံရေးလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

၎င်းကဲ့သို့ နောင်ချိုဒေသ၏ လုံခြုံရေး၊ ဒေသခံပြည်သူလူထု လိုလားတောင့်တလျက်ရှိသည့် ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံခိုင်မာစေရေးကို ရှပ်ရှပ်ချွံချွံ ဆောင်ရွက်ပေးနိုင်ခဲ့သည့် တိုက်ပွဲဝင် တပ်မတော်သား အရာရှိ၊ အရာခံ၊ အကြပ်၊ စစ်သည်များအား မြဝတီရုပ်မြင်သံကြားအဖွဲ့သူ၊ အဖွဲ့သားများအားလုံးက လေးစားစွာဂုဏ်ပြုပါကြောင်းနှင့် အလားတူ ရှေ့တန်းတိုက်ပွဲဝင် တပ်မတော်သား အရာရှိ၊ အရာခံ၊ အကြပ်၊ စစ်သည်များအတွက် အောင်နိုင်စိတ်၊ တိုက်ပွဲဝင်လိုစိတ်စသည့် စိတ်ဓာတ်ခွန်အားအပါအဝင် လိုအပ်သည့် ကူညီထောက်ပံ့မှုများကို မဆုတ်မနစ်သော ယုံကြည်ချက်ဖြင့် ဖြည့်ဆည်းပေးခဲ့သော တပ်မတော်သားမိသားစုပါရမီဖြည့်ဖက်များနှင့် တပ်မတော်ကို အားပေးထောက်ခံခဲ့ကြသူအားလုံးကိုလည်းလေးစားစွာအသိအမှတ်ပြု ကျေးဇူးတင်ရှိပါကြောင်း ဂုဏ်ယူစွာသတင်းထုတ်ပြန်အပ်ပါသည်။ (၅၀၁)

# ဥပဒေဘောင်အတွင်းဝင်ရောက်လာသည့် ပြစ်မှုကျူးလွန်ခြင်းမရှိခဲ့သော PDF အမည်ခံ အဖွဲ့ဝင်များကို ၎င်းတို့၏ မိဘအုပ်ထိန်းသူများထံ ထပ်မံလွှဲပြောင်းပေးအပ်



ဥပဒေဘောင်အတွင်းဝင်ရောက်လာသည့် ပြစ်မှုကျူးလွန်ခြင်းမရှိခဲ့သော PDF အမည်ခံအဖွဲ့ဝင်များကို ၎င်းတို့၏ မိဘအုပ်ထိန်းသူများထံ ထပ်မံလွှဲပြောင်းပေးအပ်ပွဲ ကျင်းပစဉ်။

**နေပြည်တော် ဇူလိုင် ၁၆**

တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့ နယ်မြေများအတွင်း သင်တန်းများ တက်ရောက်ခဲ့ပြီး ပြစ်မှုကျူးလွန်ခြင်းမရှိခဲ့သည့် ဥပဒေဘောင်အတွင်းဝင်ရောက်လာသော PDF အမည်ခံ အဖွဲ့ဝင်များကို ပြန်လည်ကြိုဆိုလက်ခံ၍ မိဘအုပ်ထိန်းသူများထံ လွှဲပြောင်းပေးအပ်ခြင်းကို ယနေ့ မွန်းလွဲပိုင်းတွင် အရှေ့တောင်တိုင်းစစ်ဌာနချုပ် အောင်ဆန်းခန်းမ၌ပြုလုပ်ရာ မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်း၊ တိုင်းမှူး ဗိုလ်ချုပ်ကျော်လင်းမောင်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဥပဒေဘောင်အတွင်းဝင်ရောက်လာသော PDF အဖွဲ့ဝင်များနှင့် ၎င်းတို့၏ မိဘအုပ်ထိန်းသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး တိုင်းမှူးက နယ်မြေဒေသ တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေး... ဥပဒေဆိုင်ရာပုဒ်မများနှင့် ပတ်သက်သည်များကို အသိပညာပေးပြောကြားသည်။ ထို့နောက် ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်ခဲ့သည့် PDF အမည်ခံ အဖွဲ့ဝင် အမျိုးသား ငါးဦးတို့ကို တာဝန်ရှိသူများက ဝန်ခံကတိလက်မှတ်ရေးထိုးစေပြီး ၎င်းတို့၏ မိဘအုပ်ထိန်းသူများထံသို့ လွှဲပြောင်းအပ်နှံကာ ထောက်ပံ့ငွေများနှင့် စားသောက်ဖွယ်ရာများ ပေးအပ်သည်။

PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုးတို့အနေဖြင့် နိုင်ငံတော်၏ ရှေ့လုပ်ငန်းစဉ်များတွင် ပါဝင်ပူးပေါင်းဆောင်ရွက်နိုင်ရေး သတ်မှတ် စည်းကမ်းချက်များနှင့်အညီ ဥပဒေဘောင်အတွင်းသို့ လက်နက်အပ်နှံပြီး ပြည်သူ့ဘဝသို့ ပြန်လည်ဝင်ရောက်ခြင်းပြုမည်ဆိုပါက ကြိုဆိုလက်ခံသွားမည်ဖြစ်ကြောင်း နိုင်ငံတော်အစိုးရက ထုတ်ပြန်ထားပြီးဖြစ်ရာ ပြစ်မှုကျူးလွန်ခဲ့ခြင်းမရှိသော PDF အဖွဲ့ဝင်များက တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီး၌ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လျက်ရှိကြသဖြင့် သက်ဆိုင်ရာ တာဝန်ရှိသူများက ၎င်းတို့၏ မိဘအုပ်ထိန်းသူများထံသို့ လွှဲပြောင်းအပ်နှံပေးလျက်ရှိကြောင်း သတင်းရရှိသည်။ (ဒ၀၁)

# မြန်မာ-ရုရှား နှစ်နိုင်ငံ ကျားထိန်းသိမ်းရေးအထိမ်းအမှတ် Block of Stamp အထူးထုတ် ၂၀၀ ကျပ်တန် သုံးခုပါစာပို့တံဆိပ်ခေါင်းသစ်တစ်မျိုး ရောင်းချပေးမည်

**နေပြည်တော် ဇူလိုင် ၁၆**

ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့စာတိုက်လုပ်ငန်းမှ အပြည်ပြည်ဆိုင်ရာ ကျားကောင်ရေတည်တံ့ရေး ဖိုရမ်အတွက် ထုတ်ဝေခဲ့သော တံဆိပ်ခေါင်းများကို တံဆိပ်ခေါင်းစုဆောင်းသူဝါသနာရှင်များ တစ်စုတစ်စည်းတည်း စုဆောင်းနိုင်ကြရန်ရည်ရွယ်၍ **မြန်မာ-ရုရှား နှစ်နိုင်ငံကျားထိန်းသိမ်းရေးအထိမ်းအမှတ် Block of Stamp** အထူးထုတ် ၂၀၀ ကျပ်တန် သုံးခုပါ စာပို့တံဆိပ်ခေါင်းသစ်တစ်မျိုးကို ၂၀၂၅ ခုနှစ် ဇူလိုင် ၂၀ ရက်၊ မြန်မာသက္ကရာဇ် ၁၃၈၇ ခုနှစ် ဝါဆိုလပြည့်ကျော် ၁၁ ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီခွဲမှစတင်၍ နေပြည်တော်ဗဟိုစာတိုက်ကြီး၊ ရန်ကုန်စာတိုက်ကြီး၊ မန္တလေးစာတိုက်ကြီးတို့နှင့် တိုင်းဒေသကြီး၊ပြည်နယ်များရှိစာတိုက်ကြီးများတွင် တစ်ပြိုင်တည်း ရောင်းချပေးသွားမည်ဖြစ်သည်။

အထူးအစီအစဉ်တစ်ရပ်အနေဖြင့် နေပြည်တော်ဗဟိုစာတိုက်ကြီး၊ ရန်ကုန်စာတိုက်ကြီးနှင့် မန္တလေးစာတိုက်ကြီးတို့တွင် ၂၀၂၅ ခုနှစ် ဇူလိုင် ၂၀ ရက် (တနင်္ဂနွေနေ့)တွင် ဝယ်ယူသော စာပို့တံဆိပ်ခေါင်းများပေါ်တွင် နေ့စွဲအမှတ်အသားတံဆိပ် ရိုက်နှိပ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။ (သတင်းစဉ်)

ကျားသုံးမျိုး




# ရေဝတီမြစ်ရေအခြေအနေ

ယနေ့ နံနက် ၆ နာရီခွဲအချိန် တိုင်းထွာချက်အရ ဧရာဝတီမြစ်ရေသည် ညောင်ဦးမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ တစ်စင်တီမီတာခန့် ကျော်လွန်ရောက်ရှိနေပြီး နောက်တစ်ရက်အတွင်း စိုးရိမ်ရေမှတ်အောက်သို့ ပြန်လည်ကျဆင်းနိုင်သည်။

အလားတူ ဧရာဝတီမြစ်ရေသည် ဆိပ်သာမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ရောက်ရှိနေပြီး နောက်တစ်ရက်အတွင်း ပေဝက်ခန့် မြင့်တက်လာနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ထို့အတူ စစ်တောင်းမြစ်ရေသည် မဒေါက်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ပေဝက်ကျော် ကျော်လွန်နေပြီး နောက်တစ်ရက်အတွင်း သုံးလက်မခန့် မြင့်တက်လာနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ ညောင်ဦးမြို့နယ်၊ ဆိပ်သာမြို့နယ်နှင့် မဒေါက်မြို့အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် ရေဘေးလွတ်ရာနေရာများသို့ ရှောင်ရှားနိုင်ရန် သတိပေးနှိုးဆော်ထားသည်။ (မိုး/ဇလ)

# ၂၀၂၅ ခုနှစ် ကာကွယ်ရေးဦးစီးချုပ်(ရေ) တံခွန်စိုက်ဒိုင်း ဘော်လီဘောပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲပြုလုပ်



၂၀၂၅ ခုနှစ် ကာကွယ်ရေးဦးစီးချုပ်(ရေ) တံခွန်စိုက်ဒိုင်း ဘော်လီဘောပြိုင်ပွဲ ဗိုလ်လုပွဲ ယှဉ်ပြိုင်နေမှုကို တွေ့ရစဉ်။

**နေပြည်တော် ဇူလိုင် ၁၆**

၂၀၂၅ ခုနှစ် ကာကွယ်ရေးဦးစီးချုပ် (ရေ) တံခွန်စိုက်ဒိုင်း ဘော်လီဘောပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲကို ယနေ့ နံနက်ပိုင်းတွင် ဧရာဝတီရေတပ်စခန်းဌာနချုပ် သီဟသူရထွန်းတင်ခန်းမ၌ ပြုလုပ်ရာ နယ်မြေခံ ရေတပ်ကွပ်ကဲမှုဌာနချုပ် ဌာနချုပ်မှူး ဗိုလ်မှူးချုပ်သိန်းထူး၊ အရာရှိ စစ်သည်၊ မိသားစုများ၊ မြန်မာနိုင်ငံ ဘော်လီဘောအဖွဲ့ချုပ်မှ တာဝန်ရှိသူများ၊ ပြိုင်ပွဲဝင် အားကစားသမားများနှင့် အားကစားဝါသနာရှင်များ တက်ရောက်ကြသည်။

ဦးစွာ ကာကွယ်ရေးဦးစီးချုပ်(ရေ) ကိုယ်စား ရေတပ်ကွပ်ကဲမှုဌာနချုပ်မှူးက အမှာစကားပြောကြားပြီး တက်ရောက်လာကြသူများနှင့်အတူ ပြိုင်ပွဲဝင်အသင်းများ၏ ဗိုလ်လုပွဲ ပွဲစဉ် ယှဉ်ပြိုင်ကစားနေမှုများကို ကြည့်ရှုအားပေးကြသည်။

ထို့နောက် ဆုပေးပွဲကို ဆက်လက်ပြုလုပ်ရာ ပြိုင်ပွဲအမျိုးအစားအလိုက် တစ်ဦးချင်းဆုရရှိကြသူများ၊ အသင်းလိုက်ဆုရရှိကြသူများနှင့် တံခွန်စိုက်ဒိုင်းဆုရရှိသော အလယ်ပိုင်း ရေတပ်ကွပ်ကဲမှုဌာနချုပ်အသင်းတို့ကို ကာကွယ်ရေးဦးစီးချုပ်(ရေ) ကိုယ်စား ရေတပ်ကွပ်ကဲမှုဌာနချုပ်မှူးနှင့် အဖွဲ့ဝင်များက တံခွန်စိုက်ဒိုင်းဆုနှင့် ဂုဏ်ပြုဆုများ အသီးသီးပေးအပ်ချီးမြှင့်ကြသည်။

အဆိုပါ ဘော်လီဘောပြိုင်ပွဲကို ကာကွယ်ရေးဦးစီးချုပ်ရုံး(ရေ) ကွပ်ကဲမှုအောက် ရေတပ်စခန်းဌာနချုပ်များမှ ပြိုင်ပွဲဝင်အသင်း ကိုးသင်းဖြင့် ဇူလိုင် ၈ ရက်မှ ယနေ့ထိ ပြုလုပ်ခဲ့ခြင်းဖြစ်ကြောင်း သတင်းရရှိသည်။ (ဒ၀၁)

# အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် ၂၀၂၅ ခုနှစ် တိုင်းမှူးဒိုင်း မြန်မာ့သိုင်းပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲပြုလုပ်

**နေပြည်တော် ဇူလိုင် ၁၆**

အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် ၂၀၂၅ ခုနှစ် တိုင်းမှူးဒိုင်း မြန်မာ့သိုင်းပြိုင်ပွဲကို တိုင်းစစ်ဌာနချုပ် ကွပ်ကဲမှုအောက် တပ်ရင်း၊ တပ်ဖွဲ့များမှ ပြိုင်ပွဲဝင်အသင်း အမျိုးသား၊ အမျိုးသမီး ခုနစ်သင်းဖြင့် ဇူလိုင် ၈ ရက်မှ ယနေ့ထိ ယှဉ်ပြိုင်ကစားခဲ့ကြပြီး ဗထူးတပ်နယ် အမျိုးသားအသင်းနှင့် အမျိုးသမီးအသင်းတို့က ဒိုင်းဆုရရှိကြောင်း သိရသည်။

တိုင်းမှူးဒိုင်း မြန်မာ့သိုင်းပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲကို ယနေ့ နံနက်ပိုင်းတွင် ဗထူးတပ်မြို့ရှိ နယ်မြေခံသင်တန်းကျောင်း အားကစားခန်းမ၌ပြုလုပ်ရာ ဒုတိယတိုင်မှူး ဗိုလ်မှူးချုပ်အောင်ကျော်ဆန်းနှင့်တာဝန်ရှိသူများ အရာရှိ စစ်သည်၊ မိသားစုဝင်များ၊ ဒိုင်အဖွဲ့ဝင်များ၊ အားကစားသမားများနှင့် အားကစားဝါသနာရှင်များ တက်ရောက်ကြသည်။

ဦးစွာ ဒုတိယတိုင်းမှူးနှင့် တက်ရောက်လာကြသူများက ဗိုလ်လုပွဲ ပွဲစဉ်များဖြစ်သည့် ဗန်တိုအတိုက်(ခ)တန်း အမျိုးသား ၄၉-၅၃ ကီလိုတန်း၊ ပန်ကြပ်ဆီလပ်အတိုက် အမျိုးသမီး ၄၅-၅၀ ကီလိုတန်းနှင့် ဓားတစ်လက်အတိုက် အမျိုးသား ၄၅-၅၀ ကီလိုတန်း ယှဉ်ပြိုင်ကစားနေမှုများကို ကြည့်ရှုအားပေးကြသည်။

ထို့နောက် ဆုပေးပွဲကို ဆက်လက်ပြုလုပ်ရာ အသင်းလိုက်ဆုရရှိသူများ၊ တစ်ဦးချင်း ဆုရရှိသူများ၊ ဒိုင်အဖွဲ့ဝင်များနှင့် ဒိုင်းဆုရရှိသော ဗထူးတပ်နယ် အမျိုးသားအသင်းနှင့် အမျိုးသမီးအသင်းတို့ကို ဒုတိယတိုင်းမှူးနှင့် တာဝန်ရှိသူများက ဒိုင်းဆုနှင့် ဂုဏ်ပြုဆုများ အသီးသီးချီးမြှင့်ခဲ့ကြကြောင်း သတင်းရရှိသည်။ (ဒ၀၁)



အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် ၂၀၂၅ ခုနှစ် တိုင်းမှူးဒိုင်း မြန်မာ့သိုင်းပြိုင်ပွဲ ဗိုလ်လုပွဲ ယှဉ်ပြိုင်နေမှုကို တွေ့ရစဉ်။

## ၇၈ နှစ်မြောက် အာဇာနည်နေ့တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အလံ တိုင်ဝက်လွှင့်ထူရန်နှင့် ဥဩဆွဲရန်

**နေပြည်တော် ဇူလိုင် ၁၆**

၂၀၂၅ ခုနှစ် ဇူလိုင် ၁၉ ရက် စနေနေ့ ၇၈ နှစ်မြောက် အာဇာနည်နေ့တွင် ဝမ်းနည်းခြင်းအထိမ်းအမှတ်အနေဖြင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အလံကို နိုင်ငံတစ်ဝန်းလုံး တိုင်ဝက်လွှင့်ထူရေး၊ အာဇာနည်ခေါင်းဆောင်ကြီးများကျဆုံးသည့် နံနက် ၁၀ နာရီ ၃၇ မိနစ်တွင် မြန်မာ့အသံနှင့်ရုပ်မြင်သံကြားက ဥဩဆွဲအချက်ပေးရေးနှင့် ယင်းအချိန်တွင် သွားလာနေသည့်မော်တော်ယာဉ်များ ခေတ္တရပ်ပြီး ဟွန်းတီးစေရေးတို့အတွက် လက်အောက်ဌာန၊ ရုံးအဆင့်ဆင့်သို့ ဆက်လက်အသိပေးညွှန်ကြားရန် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံးက အစိုးရရုံးဌာန အဖွဲ့အစည်းအားလုံးသို့ ညွှန်ကြားထားကြောင်း သိရသည်။ (သတင်းစဉ်)

## ပြည်သူ့စစ်မှုထမ်းနည်းဥပဒေများကို ဖတ်ရှုနိုင်ရန် ဖော်ပြပေးထားသော Website နှင့် Webportal စာရင်း

| | | |
|---|---|---|
| ၁။ | ကာကွယ်ရေးဝန်ကြီးဌာန | (https://www.mod.gov.mm) |
| ၂။ | ဥပဒေရေးရာဝန်ကြီးဌာန | (https://www.mlis.gov.mm) |
| ၃။ | ပြန်ကြားရေးဝန်ကြီးဌာန | (https://www.moi.gov.mm) |
| ၄။ | Myawady Webportal | (https://myawady.net.mm) |
| ၅။ | Myanmar National Portal | (https://myanmar.gov.mm) |

## မြန်မာနိုင်ငံအတွင်းသို့ နယ်စပ်လမ်းကြောင်းများမှတစ်ဆင့် တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား ၂၃ ဦးကို ထပ်မံစစ်ဆေးဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့



မြန်မာနိုင်ငံအတွင်းသို့ နယ်စပ်လမ်းကြောင်းများမှတစ်ဆင့် တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား ၂၃ ဦးကို ထပ်မံစစ်ဆေးဖော်ထုတ် ထိန်းသိမ်းနိုင်ခဲ့မှု မှတ်တမ်းဓာတ်ပုံ။

**နေပြည်တော် ဇူလိုင် ၁၆**

ထိုင်းနိုင်ငံအပါအဝင် အိမ်နီးချင်းနိုင်ငံအချို့ကို တစ်ဆင့်ခံဖြတ်သန်း၍ မြန်မာနိုင်ငံအတွင်းသို့ နယ်စပ်လမ်းကြောင်းများမှတစ်ဆင့် တရားမဝင် ဝင်ရောက်လာပြီး ကရင်ပြည်နယ် မြဝတီမြို့-ရွှေကုက္ကိုလ်မယ်ထော်သလေး(KK Park)နှင့် ကျောက်ခတ်နယ်မြေတို့တွင် အွန်လိုင်းလောင်းကစားမှုများ၊ အွန်လိုင်းလိမ်လည်မှုများ၊ ဒုစရိုက်မှုများကျူးလွန်ခဲ့ကြသည့် ဖိလစ်ပိုင်နိုင်ငံသား ၁၇ ဦး၊ အိန္ဒိယနိုင်ငံသား နှစ်ဦး၊ တရုတ်နိုင်ငံသား နှစ်ဦး၊ မလေးရှားနိုင်ငံသား တစ်ဦးနှင့် အီသီယိုးပီးယားနိုင်ငံသား တစ်ဦး စုစုပေါင်း ၂၃ ဦးကို ယနေ့တွင် ထပ်မံစစ်ဆေး ဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့သည်။

အဆိုပါ စစ်ဆေးဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့သည့် ပြည်ပနိုင်ငံသားများကို သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံး ပြန်လည်လွှဲပြောင်းပေးအပ်နိုင်ရေး ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များက လိုအပ်သည့် ကိုယ်ရေးအချက်အလက်များနှင့် မှတ်တမ်းများ စာရင်းကောက်ယူခြင်းလုပ်ငန်း နေ့ချင်းပြီးဆောင်ရွက်နေမှုကို လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ကရင်ပြည်နယ် ဒုတိယညွှန်ကြားရေးမှူး ဦးမြင့်ဘုန်းနှင့် တာဝန်ရှိသူများက လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဖြည့်စွက်မှာကြားသည်။

ယခုနှစ် ဇန်နဝါရီ ၃၀ ရက်မှ ဇူလိုင် ၁၆ ရက်ထိ မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား စုစုပေါင်း ၉၂၄၇ ဦး စစ်ဆေးဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့ကာ ၎င်းတို့အနက် ၉၀၅၅ ဦးကို ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျပြည်နှင့် လွှဲပြောင်းပေးခဲ့ပြီး ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၁၉၂ ဦးကို သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့် ၎င်းတို့ကို ကောင်းမွန်စွာ ထိန်းသိမ်းစောင့်ရှောက်ထားရှိသည်။

နိုင်ငံတော်အနေဖြင့် Online Scam Center လုပ်ငန်းများတွင် ပါဝင်ပတ်သက်နေသူများနှင့် နောက်ကွယ်မှကြိုးကိုင်သော နိုင်ငံခြားသားများကို ဖော်ထုတ်ဖမ်းဆီးပြီး ထိထိရောက်ရောက် ပြင်းပြင်းထန်ထန် အရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည့်အပြင် အကြောင်းအမျိုးမျိုးကြောင့် ဒုက္ခရောက်နေကြသော နိုင်ငံခြားသားများနှင့် လူကုန်ကူးခံရသည့် နိုင်ငံခြားသားများကို သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံး ပြည်နှင့်လွှဲပြောင်းပေးနိုင်ရေး တက်ကြွစွာ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ (၅၀၁)

## အသက်ရှူလမ်းကြောင်းဆိုင်ရာကူးစက်ရောဂါများဖြစ်သည့် ရာသီတုပ်ကွေးနှင့် ကိုဗစ်-၁၉ ရောဂါများ ကြိုတင်ကာကွယ်ရေး သတိပေးနှိုးဆော်ချက်

မိုးရာသီတွင် ရာသီတုပ်ကွေးရောဂါနှင့် ကိုဗစ်-၁၉ ရောဂါ စသည့်အသက်ရှူလမ်းကြောင်းဆိုင်ရာ ကူးစက်ရောဂါများ ပိုမိုကူးစက်ဖြစ်ပွားနိုင်ပါသည်။ ကိုဗစ်-၁၉ ရောဂါကို ကမ္ဘာ့ကပ်ရောဂါအဖြစ် သတ်မှတ်ထားခြင်းမရှိတော့ဘဲ ရာသီတုပ်ကွေးရောဂါကဲ့သို့ ဒေသတွင်း ပုံမှန်ကူးစက်ဖြစ်ပွားတတ်သည့် ရောဂါအဖြစ်သာ သတ်မှတ်ထားပါသည်။ လတ်တလောတွင် မိမိတို့နိုင်ငံအတွင်း၌ အဆိုပါ ရောဂါများကူးစက်ဖြစ်ပွား၊ သေဆုံးမှုနှင့်စပ်လျဉ်း၍ စိုးရိမ်ဖွယ်ရာအခြေအနေမရှိသော်လည်း အဆိုပါ ရောဂါများဖြစ်ပွားမှုမှ ကြိုတင်ကာကွယ်နိုင်ရန် ပြည်သူလူထုအနေဖြင့် အောက်ပါတို့ကို သတိပြုလိုက်နာဆောင်ရွက်ကြရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

❖ လတ်တလော အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါလက္ခဏာများဖြစ်သော ဖျားခြင်း၊ နှာစေးခြင်း၊ နှာချေခြင်း၊ ချောင်းဆိုးခြင်း၊ လည်ပင်းနာခြင်း စသည့်လက္ခဏာများ ရှိသူများအနေဖြင့် မိမိမှ အခြားသူများသို့ ကူးစက်မှုမရှိစေရေးအတွက်-

(က) လူထူထပ်သောနေရာများသို့ သွားခြင်းမှရှောင်ကြဉ်ခြင်းနှင့် မဖြစ်မနေသွားရောက်ရန်ရှိပါက ပါးစပ်နှင့် နှာခေါင်းစည်း(Mask)ကို စနစ်တကျဝတ်ဆင်ခြင်း၊

(ခ) ပါးစပ်နှင့် နှာခေါင်းစည်းဝတ်ဆင်ထားခြင်းမရှိချိန်၌ နှာချေ၊ ချောင်းဆိုပါက လက်ကိုင်ပဝါ၊ တံတောင်ကွေးဖြင့် လုံအောင်အုပ်၍ နှာချေ၊ ချောင်းဆိုးခြင်း၊

(ဂ) ရောဂါလက္ခဏာပြင်းထန်ပါက နီးစပ်ရာဆေးရုံ၊ ကျန်းမာရေးဌာနသို့ ချက်ချင်းပြသ၍ ဆေးကုသမှုခံယူခြင်း။

❖ တစ်ကိုယ်ရေကာကွယ်ရေးနည်းလမ်းများဖြစ်သည့် လက်ကို ရေနှင့် ဆပ်ပြာ သို့မဟုတ် ရေမလိုလက်သန့်စင်ဆေးရည်(Hand Sanitizer)ဖြင့် မကြာခဏစနစ်တကျဆေးကြောခြင်း၊

❖ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများသည် ကိုဗစ်-၁၉ ရောဂါ မျိုးရိုးဗီဇကွဲများ ကူးစက်ဖြစ်ပွားခြင်းနှင့် ရောဂါလက္ခဏာပြင်းထန်မှုနှင့် အသက်ဆုံးရှုံးမှုတို့မှ ထိရောက်စွာကာကွယ်ပေးသည့်အတွက် ရောဂါကူးစက်ခံရပါက ရောဂါပြင်းထန်နိုင်ခြေနှင့် အသက်ဆုံးရှုံးနိုင်ခြေမြင့်မားသည့် အသက်အရွယ်ကြီးသူများ၊ ဆီးချိုရောဂါ၊ နာတာရှည်အဆုတ်ရောဂါ၊ ကင်ဆာရောဂါရှိသူများ၊ ကိုယ်ဝန်ဆောင်မိခင်များအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ထပ်ဆောင်းကာကွယ်ဆေးထိုးနှံမှုခံယူခြင်း။

**ကျန်းမာရေးဝန်ကြီးဌာန**

## အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊NUG နှင့် ယင်းတို့လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်း ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် ဇူလိုင် ၁၆**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသည့် CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများကို ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများသိရှိနိုင်ရေး အသိပေး သတင်းထုတ်ပြန်ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ဇူလိုင် ၁၅ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့် “@user 662681067808” Tik Tok အကောင့်ပိုင်ရှင်ဖြစ်သူ ပဲခူးတိုင်းဒေသကြီး နတ်တလင်းမြို့နယ် မြေနုသဲကျောကျေးရွာနေ ထွန်းနိုင်(ခ) ကျားကြီး(ခ) ကရင်ကြီး ၄၇ နှစ်အား မွန်းလွဲ ၂ နာရီ ၁၀ မိနစ်တွင် နတ်တလင်းမြို့မရဲစခန်း၌ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၁)

## ကျိုက်ထိုမြို့နယ်တွင် ငွေကျပ် ၁ ဒသမ ၂ ဘီလီယံကျော်တန်ဖိုးရှိ မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

**နေပြည်တော် ဇူလိုင် ၁၆**

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇူလိုင် ၈ ရက် ည ၆ နာရီတွင် သတင်းအရ ကျိုက်ထိုမြို့နယ် မရမ်းချောင်ကျေးရွာအနီးတွင် မန္တလေးမြို့မှ မြဝတီမြို့သို့ အောင်ကျော်ထွန်း မောင်းနှင်ပြီး မကြေးမုံဝင်း၊ ကျော်မျိုးအောင်နှင့် မရွှေရည်တို့ လိုက်ပါလာသော SHN-38 EE-xxxx NISSAN AD VAN မော်တော်ယာဉ်အားရှာဖွေရာ ယာဉ်ပေါ်မှ ၎င်းတို့သယ်ဆောင်လာသည့် ငွေကျပ် ၁ ဒသမ ၂၈၃၆ ဘီလီယံတန်ဖိုးရှိ ဘိန်းဆီခဲ ၁၉ ဒသမ ၅ ကီလို (၎င်းဒေသတန်ဖိုးငွေကျပ် ၃၅၁ သိန်း)၊ စိတ်ပြောင်းဆေးဝါး (Happy Water) ၂၂ ဒသမ ၆ ကီလို (၎င်းဒေသတန်ဖိုးငွေကျပ်သိန်း ၆၇၈၀)၊ အိုက်စ် (မက်သ်အဖက်တမင်း) ၁ ဒသမ ၇ ကီလို (၎င်းဒေသတန်ဖိုးငွေကျပ် ၄၂၅ သိန်း)၊ ကက်တမင်း ၁၄ ကီလို (၎င်းဒေသတန်ဖိုးငွေကျပ် သိန်း ၄၂၀၀)နှင့် စိတ်ကြွရူးသွပ်ဆေးပြား ၃၆၀၀၀ (၎င်းဒေသတန်ဖိုးငွေကျပ် သိန်း ၁၀၈၀)တို့ကို ဖမ်းဆီးရမိခဲ့ကြောင်း၊ ကွင်းဆက်ဖော်ထုတ်ချက်အရ ဖမ်းဆီးရမိ မူးယစ်ဆေးဝါးများကို မိုင်းရယ်မြို့နေ ညီညီထွေး(ခ)Sun မိုင်းရယ်က မြဝတီမြို့နေ မျိုးဇော်ငြိမ်းထံသို့ ပို့ဆောင်ရောင်းချပေးခြင်းဖြစ်ကြောင်းသိရှိရသဖြင့် ၎င်းတို့ကို ဥပဒေအရအရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှုကျူးလွန်သူများကို ဆက်လက်ဖော်ထုတ်လျက်ရှိကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သတင်းရရှိသည်။

(၅၀၁)



ပြစ်မှုကျူးလွန်သူများကို ဖမ်းဆီးရမိမူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရစဉ်။

# သစ်တောဧရိယာကျယ်ပြန့်စွာရှိသောနိုင်ငံများ အပိုင်း (၁)

ခိုင်ဇင်

အအေးပိုင်းသစ်တော၊ ရွက်ပြတ်တော၊ အပူပိုင်းမိုးသစ်တော၊ အမြဲစိမ်းတော၊ ဒီရေတော စတဲ့သစ်တော အမျိုးအစားပေါင်းများစွာဟာ ကမ္ဘာတစ်ဝန်းမှာရှိပါတယ်။ အဲဒီလို ရေ၊ မြေ၊ ဥတုကိုလိုက်ပြီး ပုံစံကွဲပြားစွာနဲ့ ပေါက်တဲ့ သစ်တောတွေဟာ လူသားတွေအပါအဝင် ဇီဝမျိုးစုံမျိုးကွဲတွေအတွက် အင်မတန်အရေးပါပါတယ်။ သစ်တောတွေဟာ ရာသီဥတုနဲ့ဂေဟစနစ်တွေကိုထိန်းညှိပေးသလို ဇီဝမျိုးစုံမျိုးကွဲတွေအတွက် အစားအသောက်အပြင် နေထိုင်ရာနေရာတွေကိုလဲ ဖြည့်ဆည်းပေးနေတာဖြစ်ပါတယ်။ ဒ့ါပြင် လူသန်းပေါင်းများစွာရဲ့ အသက်ရှင်ရပ်တည်မှုအတွက် အဓိကကျတဲ့အောက်ဆီဂျင်ကိုထုတ်ပေးပြီး လေထုညစ်ညမ်းမှုလိုပတ်ဝန်းကျင်ညစ်ညမ်းမှုကိုဖြစ်စေတဲ့ ကာဗွန်ကိုသိုလှောင်ပေးပါတယ်။ ကမ္ဘာ့မြေမျက်နှာပြင်ရဲ့သုံးပုံတစ်ပုံလောက်ကို သစ်တောတွေက လွှမ်းခြုံထားတယ်လို့သိရပါတယ်။ ဒီလိုအဖိုးအနဂ္ဃထိုက်တဲ့ သစ်တောဧရိယာ ကျယ်ကျယ်ပြန့်ပြန့်ရှိတဲ့နိုင်ငံဟာ သဘာဝတရားရဲ့ကောင်းချီးပေးမှုကိုရရှိထားတယ်လို့တောင်ဆိုရမှာဖြစ်ပါတယ်။ ဒါကြောင့် ဒီတစ်ပတ်မှာတော့ အမေရိကန်နိုင်ငံ ဂြိုဟ်တုကနေ ကောက်ယူထားတဲ့ အချက်အလက်တွေကိုအခြေခံပြီး သစ်တောဖုံးလွှမ်းဧရိယာကျယ်ကျယ်ပြန့်ပြန့်ရှိတဲ့ နိုင်ငံတွေကို ဖော်ပြပေးသွားမှာဖြစ်ပါတယ်။

**ရုရှားနိုင်ငံ**



ရုရှားနိုင်ငံဟာ သစ်တောဧရိယာ ဟက်တာ ၈၁၅ သန်းကျော်ကျယ်ဝန်းပြီး ကမ္ဘာပေါ်မှာ သစ်တောဧရိယာအကျယ်ဆုံးရှိတဲ့ နိုင်ငံတွေထဲက တစ်နိုင်ငံဖြစ်ပါတယ်။ နိုင်ငံဧရိယာစုစုပေါင်းရဲ့ ၂၀ ရာခိုင်နှုန်းဟာ သစ်တောဖုံးလွှမ်းဧရိယာတွေဖြစ်ပါတယ်။ ရုရှားနိုင်ငံရဲ့သစ်တောတွေကို အလွန်အေးတဲ့ ဆိုက်ဘေးရီးယားဒေသတစ်လျှောက်မှာတွေ့ရမှာဖြစ်ပါတယ်။ ရုရှားနိုင်ငံဟာ သစ်တောတွေရဲ့တန်ဖိုးကို သိနားလည်တာကြောင့် နိုင်ငံပိုင်သစ်တောတွေကို အရေးတယူ ထိန်းသိမ်းကာကွယ်မှုတွေ ပြုလုပ်လျက်ရှိတဲ့နိုင်ငံလဲဖြစ်ပါတယ်။ ရုရှားနိုင်ငံဟာ ကမ္ဘာ့ရာသီဥတုထိန်းညှိမှုမှာ အရေးပါတဲ့ကာဗွန်စုပ်ခွက်တွေအဖြစ် သစ်တောတွေကိုမှတ်ယူထားကာ ဂေဟစနစ်ဆိုင်ရာအရေးပါမှုတွေရှိတဲ့ သစ်တောတွေကို စနစ်တကျထိန်းသိမ်းနေတာဖြစ်ပါတယ်။ လက်ရှိမှာတော့ ရုရှားနိုင်ငံရဲ့သစ်တောတွေဟာ နှင်းတွေဖုံးလွှမ်းနေတတ်ပြီး ပေါက်ရောက်တဲ့သစ်ပင်မျိုးစိတ်တွေဟာလဲ နှင်းနဲ့အသားကျနေတဲ့မျိုးစိတ်တွေဖြစ်ပါတယ်။ ဒါပေမဲ့လဲ အပူရှိန်မြင့်တက်ပြီး နှင်းခဲတွေ အရည်ပျော်ကျတာတွေကြောင့် သစ်ပင်မျိုးစိတ်တချို့ရဲ့ ဂေဟစနစ်တွေ ကမောက်ကမဖြစ်နေရတဲ့အပြင် စည်းကမ်းမဲ့လူတချို့ရဲ့ တရားမဝင်အလွန်အကျွံသစ်ခုတ်ထွင်တာ၊ တောမီးလောင်ကျွမ်းတာနဲ့ ရာသီဥတုပြောင်းလဲမှုဖြစ်စဉ်တွေကြောင့် သစ်တောပြုန်းတီးမှုတွေ စတင်ဖြစ်ပေါ်နေလို့ သက်ဆိုင်ရာတာဝန်ရှိသူတွေက သစ်တောတွေထိန်းသိမ်းစောင့်ရှောက်ရေးအတွက် ဥပဒေတွေပြဋ္ဌာန်းပြီး ထိန်းသိမ်းမှုတွေဆောင်ရွက်နေပါတယ်။

**ဘရာဇီးနိုင်ငံ**

ဘရာဇီးနိုင်ငံရဲ့သစ်တောဧရိယာဟာ ဟက်တာပေါင်း ၄၉၇ သန်းလောက်ကျယ်ဝန်းပြီး ကမ္ဘာ့အကြီးဆုံး အပူပိုင်းသစ်တောတွေတည်ရှိရာ နိုင်ငံတစ်နိုင်ငံဖြစ်ပါတယ်။ နိုင်ငံရဲ့သစ်တောဧရိယာတော်တော်များများကို အမေဇုန်မိုးသစ်တောက လွှမ်းမိုးထားပါတယ်။ အမေဇုန်မိုးသစ်တောဟာ သတ္တဂေဟစနစ်အတွက် အင်မတန်တန်ဖိုးကြီးပြီး ဇီဝမျိုးစုံမျိုးကွဲပေါင်းများစွာအတွက် အစားအစာနဲ့ နေထိုင်ရာနေရာတွေကို ပံ့ပိုးပေးနိုင်ပါတယ်။ အမေဇုန်မိုးသစ်တောဟာ ဒီနေ့ကမ္ဘာကြီးရဲ့မြင့်တက်လာတဲ့အပူချိန်တွေကိုစုပ်ယူပြီး ဂေဟစနစ်ကြီး သမမျှတအောင် ဆောင်ရွက်ပေးနေတဲ့ အရေးပါတဲ့ကြားခံအရာပဲဖြစ်ပါတယ်။ ဒါကြောင့် ဘရာဇီးနိုင်ငံသူ၊ နိုင်ငံသားတွေဟာ သူတို့နိုင်ငံပိုင်သစ်တောဧရိယာ



တွေကို တန်ဖိုးထားကာ သစ်တောဥပဒေတွေပြဋ္ဌာန်းပြီး ကာကွယ်စောင့်ရှောက်နေပေမဲ့ မျှော်မှန်းလို့မရတဲ့ သဘာဝဘေးဖြစ်တဲ့ ပူပြင်းခြောက်သွေ့မှုနဲ့ တောမီးလောင်ကျွမ်းမှုက သစ်တောတွေပြုန်းတီးမှုကို ဖြစ်စေတဲ့ခြိမ်းခြောက်မှုတစ်ရပ်ဖြစ်နေပါတယ်။ ဒါပေမဲ့လဲ ဘရာဇီးနိုင်ငံအစိုးရနဲ့ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းသူတွေက သစ်တောဧရိယာတွေကို တတ်နိုင်သလောက် ထိန်းသိမ်းနေတာကို တွေ့ရပါတယ်။

**ကနေဒါနိုင်ငံ**

ကနေဒါနိုင်ငံရဲ့သစ်တောဧရိယာဟာ ဟက်တာပေါင်း ၃၄၇ သန်းလောက်ရှိပြီး သစ်တောဧရိယာကျယ်ပြန့်တဲ့နိုင်ငံတစ်နိုင်ငံဖြစ်ပါတယ်။ နိုင်ငံရဲ့ သစ်တောဧရိယာကို ကမ္ဘာတစ်ဝန်းနဲ့နှိုင်းယှဉ်ပြောရမယ်ဆိုရင် ကမ္ဘာ့သစ်တောဧရိယာစုစုပေါင်းရဲ့ ကိုးရာခိုင်နှုန်းလောက်ကို ပိုင်ဆိုင်ထားတဲ့နိုင်ငံဖြစ်ပါတယ်။ ကနေဒါနိုင်ငံရဲ့သစ်တောဧရိယာအများစုဟာ နိုင်ငံရဲ့မြောက်ပိုင်းနဲ့ ကုန်းတွင်းပိုင်းဒေသတွေမှာရှိပြီး နိုင်ငံရဲ့ကုန်းမြေဧရိယာတော်တော်များများကို လွှမ်းခြုံထားတယ်လို့ဆိုရမှာဖြစ်ပါတယ်။ သစ်တောတွေဟာ ကမ္ဘာလုံးဆိုင်ရာကာဗွန်သိုလှောင်မှုအတွက် အဓိကအရေးကြီးတဲ့အခန်းကဏ္ဍကနေ ပါဝင်နေတာကြောင့် ကမ္ဘာလှည့်ခရီးသွားတွေ လာရောက်လည်ပတ်မှုများတဲ့ ကနေဒါနိုင်ငံဟာ သစ်တောကဏ္ဍ ရေရှည်တည်တံ့ခိုင်မြဲမှုကို အလေးထားဆောင်ရွက်လျက်ရှိပါတယ်။ ဒါကြောင့် သစ်တောဧရိယာထိန်းသိမ်းမှုနဲ့ပတ်သက်ပြီး အသိအမှတ်ပြုလက်မှတ်တွေ များစွာရရှိထားတာဖြစ်ပါတယ်။ ဒီလို



သစ်တောဧရိယာထိန်းသိမ်းစောင့်ရှောက်မှုကောင်းတဲ့ ကနေဒါနိုင်ငံဟာ သစ်တောပြုန်းတီးမှုကို ဥပဒေ၊ ပြဋ္ဌာန်းချက်တွေနဲ့ တင်းတင်းကျပ်ကျပ် ကြပ်မတ်ကာကွယ်ထားပေမဲ့လဲ ရာသီဥတုဖောက်ပြန်ပြောင်းလဲမှုဖြစ်စဉ်တွေကြောင့် တောမီးတွေ မကြာခဏလောင်ကျွမ်းနေတယ်လို့ သိရပါတယ်။

**အမေရိကန်နိုင်ငံ**

အမေရိကန်နိုင်ငံဟာ သစ်တော ဟက်တာ သန်း ၃၁၀ လောက်ရှိပြီး နိုင်ငံတွင်းမှာ သစ်တောအမျိုးအစားစုံရှိတဲ့နိုင်ငံဖြစ်ပါတယ်။ နိုင်ငံတွင်းမှာရှိတဲ့ သစ်တောတွေကတော့ သမပိုင်းသစ်တော၊ အမြဲစိမ်းတော၊ အပူပိုင်းသစ်တောတွေဖြစ်ပါတယ်။ ဒီလိုသစ်တောအမျိုးအစားစုံရှိတဲ့အတွက် ဇီဝမျိုးစုံမျိုးကွဲတို့ရဲ့ ဂေဟစနစ်အစုံကို တွေ့မြင်နိုင်ပါတယ်။ နိုင်ငံရဲ့သစ်တောဧရိယာတွေကို အလတ်စကာပြည်နယ်အပါအဝင် ပြည်နယ်တော်တော်များများမှာ တွေ့နိုင်ပါတယ်။ အမေရိကန်နိုင်ငံရဲ့ သစ်တောစီမံခန့်ခွဲမှုဟာ အများပိုင်မြေနဲ့ ပုဂ္ဂလိကပိုင်မြေကို သတ်သတ်မှတ်မှတ်ပိုင်းခြားပေးထားပြီး အမေရိကန်သစ်တောဌာနက စနစ်တကျကြီးကြပ်ပေးကာ နိုင်ငံရဲ့သစ်တောဧရိယာတွေ မဆုံးရှုံးစေဖို့ ထိန်းသိမ်းဆောင်ရွက်ပေးပါတယ်။ အမေရိကန်ဟာ ရာသီဥတုပန်းတိုင်ဖြစ်တဲ့ ကာဗွန်ထုတ်လွှတ်မှုလုံးဝလျှော့ချရေး (Net Zero)အတွက် အရေးပါတဲ့သစ်တောတွေကို ထိန်းသိမ်းကာကွယ်နေပေမဲ့လဲ နိုင်ငံရဲ့စက်မှုလက်မှု၊ ခေတ်မီတိုးတက်မှုက ဖန်လုံအိမ်ဓာတ်ငွေ့ထုတ်လွှတ်မှုကို ဖြစ်စေရာကနေ ပူပြင်းခြောက်သွေ့မှုတွေဖြစ်ပေါ်လာပြီး အဲဒီသစ်ပင်တွေကို ပျက်စီးမှုတွေဖြစ်ပေါ်စေတဲ့အတွက် သစ်တောသစ်ပင်



ထိန်းသိမ်းမှုတွေကို အခုထက်ပိုပြီး ထိန်းသိမ်းကာကွယ်သွားကြဖို့ နိုင်ငံတွင်းရှိ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းသူတွေက နှိုးဆော်ကာဆောင်ရွက်လျက်ရှိပါတယ်။

**တရုတ်နိုင်ငံ**

တရုတ်နိုင်ငံဟာ နယ်မြေဧရိယာကျယ်ပြန့်သလို သစ်တောဧရိယာလဲ ကျယ်ကျယ်ပြန့်ပြန့်ရှိတဲ့နိုင်ငံဖြစ်ပါတယ်။ နိုင်ငံရဲ့သစ်တောဧရိယာဟာ ဟက်တာ သန်း ၂၂၀ လောက်ရှိပါတယ်။ ဒါပေမဲ့ မကြာသေးမီ ဆယ်စုနှစ်များအတွင်းမှာ တရားမဝင်သစ်ပင်ခုတ်လှဲမှု၊



မြေယာချဲ့ထွင်မှုစတဲ့ လူသားတချို့ရဲ့ မဆင်မခြင်လုပ်ရပ်တွေကြောင့် နိုင်ငံအတွင်းမှာ သစ်တောပြုန်းတီးမှုတွေဖြစ်ပေါ်ခဲ့ရပါတယ်။ ဒါကြောင့် နိုင်ငံအာဏာပိုင်တွေက သစ်တောပြုန်းတီးမှုထိန်းသိမ်းကာကွယ်ရေးအစီအစဉ်တွေကို အလေးထားဆောင်ရွက်ခဲ့တာကြောင့် ပြုန်းတီးခဲ့ရတဲ့သစ်တောဧရိယာတွေမှာ သစ်တောဖုံးလွှမ်းမှု ပြန်လည်များပြားလာပါတယ်။ နိုင်ငံအတွင်းရှိ သစ်တောဧရိယာကို သဘာဝအတိုင်းပေါက်ရောက်တဲ့သစ်တောနဲ့ ပြည်သူလူထုစိုက်ပျိုးထားတဲ့ သစ်တောဆိုပြီး ရောနှောနေတာကို တွေ့ရမှာဖြစ်ပါတယ်။ လက်ရှိမှာ နိုင်ငံဟာ အစွန်းရောက်ရာသီဥတုနှစ်မျိုးဖြစ်တဲ့ ရေကြီးရေလျှံမှုနဲ့ အပူချိန်မြင့်တက်မှုတွေကို တစ်ပြိုင်တည်းရင်ဆိုင်နေရပြီး သစ်တောသစ်ပင်တချို့လဲ ပျက်စီးဆုံးရှုံးခဲ့တဲ့အတွက် နိုင်ငံအတွင်းရှိ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းသူတွေက သစ်တောသစ်ပင်တွေ ပြန်လည်ရှင်သန်ကောင်းမွန်ဖို့ကို အလေးထားဆောင်ရွက်ကာ သဘာဝဘေးအန္တရာယ်တွေကို လျှော့ချနိုင်ဖို့ ဆောင်ရွက်နေတယ်လို့ သိရပါတယ်။

သစ်တောသစ်ပင် စိမ်းစိမ်းစိုစိုတွေကို ဓာတ်ပုံအနေနဲ့ပဲဖြစ်ဖြစ်၊ တကယ့်သဘာဝရှုခင်းကိုပဲဖြစ်ဖြစ် မြင်တွေ့ရတာဟာ စိတ်နှလုံးအေးချမ်းမှု၊ မျက်စိပသာဒဖြစ်မှုတွေကို ခံစားရစေနိုင်ပါတယ်။ ဒါကြောင့် အခုလို မြေဆီစိုခိုက်မှာ မိမိပတ်ဝန်းကျင်မှာ နှစ်ရှည်ပင်၊ သီးပင်စားပင်၊ အလှစိုက်ပင်တွေကိုစိုက်ပျိုးပြီး အေးချမ်းတဲ့ပတ်ဝန်းကျင်ကလေးကို ဖန်တီးနိုင်ကြပါစေလို့ ဆန္ဒပြုရေးသားအပ်ပါတယ်။

**ကိုးကား**

– **The countries with the largest forest areas in the world by Karina Acharya.**



ဝတ္ထုတိုကဏ္ဍ

# ရင်ခွင်မဲ့လက်ပံ

မောင်ကြည်လင်(ရွှေကြိုးကြာ)

(၁)

ယနေ့ အံ့ငြိမ်း၏ မင်္ဂလာပွဲနေ့ဖြစ်သည်။ မင်္ဂလာတေးသံက မြရီတို့တစ်ရွာလုံးအနှံ့ပျံ့နေသည်။ ရွာရှိလူပျို အပျိုများအားလုံး မင်္ဂလာမဏ္ဍပ်သို့ ရောက်နေကြသည်။ မင်္ဂလာပွဲသို့ ရောက်မလာသူမှာ မြရီတစ်ယောက်သာဖြစ်သည်။ ရွာဓလေ့နှင့်အညီ ဝိုင်းကူလုပ်ကိုင်ပေးကြသူမှာ များပြားလှသည်။

မင်္ဂလာတေးသံကို မြရီနားထောင်နိုင်စွမ်းမရှိပေ။ မျှော်လင့်ချက်လည်း ပျက်စီးခဲ့ရသည်။ နှလုံးသားလည်း ကြွေမွခဲ့ရပြီ။ အရှက်နှင့် သိက္ခာတရားလည်း လွင့်ပါးရပြန်သည်။ ပတ်ဝန်းကျင်၏ မျက်လုံးများကို အပြင်ထွက်တိုင်း မြရီရင်ဆိုင်ရပေဦးမည်။ အံ့ငြိမ်း မင်္ဂလာဆောင်တော့မည်ဟူသော သတင်းကို ကြားသည့်အချိန်မှစ၍ မြရီ၏စိတ်များသည် ထိန်းချုပ်နိုင်စွမ်းမရှိဘဲ ချောက်ချားနေမိလေသည်။

နေ့နှင့်အတူ တိုက်ခတ်လာသည့် လေရူးကြောင့် မြရီ၏စိတ်သည် ဆောက်တည်ရာမရဘဲဖြစ်နေသည်။ ထို့ကြောင့် မြရီ ရွာအပြင်လက်ပံပင်ကြီးဆီသို့ ထွက်လာခဲ့လေသည်။

(၂)

"အံ့ငြိမ်းရေ လက်ပံပွင့်တွေ ကြွေနေပြီဟေ့"

နီးခြင်းတောင်းကလေးပိုက်လျက် ရောက်လာသည့် မြရီကို မြင်လိုက်ရချိန်တွင် အံ့ငြိမ်းအံ့သြသွားမိသည်။ မြရီနှင့်အံ့ငြိမ်းသည် ငယ်စဉ်ကတည်းက တစ်ရွာတည်းနေသူငယ်ချင်းများဖြစ်သည်။ ကစားဖော်လည်းဖြစ်သည်။ ကျောင်းသွားဖက်လည်းဖြစ်သည်။ စာလည်းအတူကျက်ကြသည်။ ရွာဓလေ့နှင့်အညီ စပါးကောက်သင်းကောက်ချိန်တွင်လည်း လက်တွဲလျက်ပင်ဖြစ်သည်။ ပဲကောက်သင်းကောက်ချိန်တွင်လည်း လက်ညီကြသူများဖြစ်သည်။ လက်ပံပွင့်ချိန်ရောက်တိုင်းလည်း အတူကောက်ခဲ့ကြသည်။

မြို့သို့ အံ့ငြိမ်းကျောင်းသွားတက်ချိန်တွင် မြရီက ရွာတွင်ကျန်ရစ်ခဲ့ရှာသည်။ ယခု အံ့ငြိမ်း ရွာပြန်ရောက်ချိန်တွင် လက်ပံပွင့်ကောက်ထွက်ရန် စီစဉ်ထားကြခြင်းဖြစ်သည်။

"အဆင်သင့်ပါပဲ မြရီ"

"လာကြဟေ့သက်မောင်၊ ရွှေတိုး၊ အေးချို၊ ခင်မေတို့ရေ"

မြရီအသံကြောင့် အံ့ငြိမ်း၏ အိမ်ရှေ့တွင် သူငယ်ချင်းများ စုရုံးရောက်ရှိလာကြသည်။

"သွားကြစို့ဟေ့"

အံ့ငြိမ်း အချက်ပေးလိုက်ချိန်တွင် အားလုံးက တန်းစီကာ ရွာအပြင် လက်ပံပင်ကြီးဆီသို့ ထွက်ခွာသွားကြသည်။

"လာဟေ့ဒွါး၊သွားကောက်ချေစို့ပွင့်ခြောက်ကယ် အနားလန်၊ ဆက်ရက်ကယ်ညံ၊ ပင်လက်ပံကြွေချိန်ကျပြီမို့"

မြရီ၏ ကဗျာတေးသံက ချိုသည်။ ကြည်သည်။ စိတ်ရွှင်မြူးနေမှန်း သိသာလှသည်။

"ဟဲ့ မြရီ ညည်းနဲ့ အံ့ငြိမ်းက ဘယ်လိုလဲ"

မြရီကို အေးချိုက ခပ်တိုးတိုးမေးလိုက်သည်။

"သိပါဘူးတော်။ သိချင်ရင် အံ့ငြိမ်းကို မေးပေါ့ အေးချို"

"အံ့ငြိမ်းက မြို့မှာ အလုပ်လုပ်မှာတဲ့။ မြို့သူတွေပဲ အံ့ငြိမ်းက ကြိုက်မယ်ထင်တာပဲ မြရီ"

အေးချို၏စကားကြောင့် မြရီခြေလှမ်းများ တုံ့ဆိုင်းသွားသည်။

"မြန်မြန်လျှောက်ကြဟေ့။ နင်တို့မိန်းကလေးတွေ အသွားနှေး၊ အစားနှေး၊ ဟိုဒင်းဆိုရှေ့ကပါမဲ့သူတွေ"

ရွှေတိုး၏စကားကြောင့် မြရီတို့မိန်းကလေးအုပ်စု၏ မျက်စောင်းများက ရွှေတိုးထံကျရောက်သွားလေသည်။

(၃)

မြရီနှင့် အံ့ငြိမ်း ချစ်သူဖြစ်သွားကြပြီဟူသော သတင်းက မောင်းခတ်စရာမလိုအောင် တစ်ရွာလုံး သိသွားကြသည်။ အံ့ငြိမ်း မြို့ပြန်သွားတိုင်း မြရီငိုရသည်။ အံ့ငြိမ်းကိုသတိရတိုင်း လက်ပံပင်ကြီးအောက်တွင် သွားထိုင်တတ်သည်။

မြို့တက်သည့် လူကြုံရှိလျှင် မြရီတစ်ယောက် အံ့ငြိမ်းအတွက် မုန့်ဆီကြော်၊ မုန့်လေပွေ၊ ကောက်ညှင်းကွက် စသည်ဖြင့် တောရွာသရေစာမုန့်လေးများကို မမောမပန်း ပြုလုပ်ပေးတတ်သည်။

ယခုတစ်ခေါက် အံ့ငြိမ်း မြို့ပြန်သွားသည်မှာ အချိန်ကြာသည်။ မြရီနှင့် ချစ်သူဖြစ်ပြီး တစ်လတစ်ခေါက် ရွာပြန်ရောက်တတ်သည်။ ယခု ပြန်မလာသည်မှာ သုံးလကျော်ခဲ့လေပြီ။ တစ်ခါတစ်ရံ ဖုန်းဆက်သော်လည်း စကားပြောချိန်မရ၊ အလုပ်မအားကြောင်း၊ ပင်ပန်း၍ နားနေကြောင်းသာ ခပ်မြန်မြန်ပြော၍ ဖုန်းချသွားတတ်သည်။

ပြီးခဲ့သည့်ရက်က အံ့ငြိမ်းမိဘများ မြို့သို့သွားကြသည်။ ရွာပြန်ရောက်လာချိန်တွင် မြရီအပေါ် ဆက်ဆံရေး ပြောင်းလဲလာကြသည်။ မျက်နှာလည်း သိပ်မကောင်းကြ။ မြရီကို မသိစေချင်သည့် ကိစ္စတစ်ခုရှိနေသည်ကို မြရီ နားလည်ခဲ့ပါသည်။ နောက်တော့ အံ့ငြိမ်း လက်ထပ်တော့မည်။ မြို့က အလုပ်တူ၊ ရာထူးတူသည့် မိန်းကလေးဟူသော သတင်းကို အေးချိုက မြရီထံ သယ်ဆောင်လာခဲ့သည်။ ယခုတော့ အံ့ငြိမ်း၏ မင်္ဂလာပွဲပင် ရောက်လာခဲ့သည်။

"လာပါ မြရီရယ် ပြန်ကြရအောင်ပါ"

လက်ပံပင်ကြီးအောက်တွင်ထိုင်လျက် အတိတ်ကွန်ရက်တွင်တိုးဝင်နေမိသော မြရီ၏ နှလုံးသားတို့သည် အေးချိုအသံကြောင့် ပြန်လည်လွတ်မြောက်လာခဲ့သည်။

"ငါ မပြန်ချင်ဘူး အေးချို။ နင်လဲ သိမှာပါဟာ"

"ငါလဲ စိတ်မကောင်းပါဘူး။ မြရီ ငါတို့က နင်နဲ့ အံ့ငြိမ်းကို သဘောတူကြတာ"

"ငါ့နှလုံးသားကို အံ့ငြိမ်းမမြင်တာလား။ မမြင်ချင်ယောင်ဆောင်သွားတာလား အေးချို။ ငါက ပညာမတတ်လို့ တောသူမလို့လား အေးချို။ တစ်နေ့တော့ ငါ့ကို အံ့ငြိမ်းက လက်ထပ်ဖို့ဖွင့်ပြောလိမ့်မယ်လို့ ငါ ယုံကြည်ထားခဲ့တာလေ။ အခုတော့..."

ပြောရင်းဖြင့် မြရီ ရှိုက်ငိုနေသည်။

"ပြန်ကြရအောင် မြရီ မိုးချုပ်တော့မယ်"

"ငါမပြန်ချင်ဘူး အေးချို။ ငါရှက်တယ်။ ငါက ပညာမတတ်လို့၊ ရာထူးမရှိလို့လားဟာ။ ရွာထဲမှာ ငါ ဘယ်လိုမျက်နှာပြရမလဲ အေးချို"

"တဖြည်းဖြည်း အနည်ကျသွားမှာပါဟာ။ ပြန်ကြရအောင်နော်"

အေးချို၏စကားကြောင့် မြရီ တစ်ချက်မဲ့လိုက်သည်။

"နေသားကျဖို့ အချိန်ဘယ်လောက်လိုသလဲ အေးချို။ အဲဒီအချိန်တွေက ငါ့ခံစားချက်ကို တိုက်စားသွားနိုင်ပါ့မလား"

နှစ်ဦးသား ငြိမ်သက်သွားသည်။ ညနေဆည်းဆာနှင့်အတူ ငှက်ကလေးများက အိပ်တန်းရှာနေကြလေပြီ။

(၄)

တစ်မိုးလည်း ပြောင်းခဲ့ပြီ။ တစ်ဆောင်းဝင်ခဲ့ပြန်သည်။ တစ်နွေလည်းဆန်းခဲ့ပြန်သည်။ နွေဆန်းပြီဆိုလျှင် နွေ၏သရုပ်က ဖွင့်လှစ်ပြတော့သည်။ လက်ပံပွင့်များက ဝေ့ကာဝိုက်ကာဖြင့် ကြွေကျနေလေပြီ။ အပင်ခြေရင်းတွင် လက်ပံပွင့်များက ရဲရဲနီအောင် ပြန့်ကျဲလျက်ရှိသည်။ လက်ပံပွင့်တို့ပွင့်ချိန်သည် နွေရောက်ပြီဟူသော နိမိတ်ဖြစ်သည်။ နွေအလှ၏ သင်္ကေတလည်း ဖြစ်သည်။

လက်ပံပင်ကြီးကို အံ့ငြိမ်း မော့ကြည့်လိုက်သည်။ ပင်ယံထက်တွင် ရဲရဲနီနေသည့် လက်ပံပွင့်များက အစီအရီ။ လေတိုက်တိုင်းလှုပ်ခါနေကြသည်မှာ နွေဦး၏ သမီးပျိုယိမ်းမင်းသမီးများနှယ်ရှိနေသည်။ ရိုးတံပြိုင်းပြိုင်းများနှင့်လက်ပံပင်အိုကြီးက အံ့ငြိမ်းတို့ရွာ၏ သင်္ကေတဖြစ်သည်။ နွေ၏ နိမိတ်အဖြစ်လည်း ရှိနေတတ်ပြန်သည်။

"နွေမိန်တပေါင်း နေရှိန်လောင်း ရွက်ဟောင်းကြွေကျမြေခခဲ့ပြီကွယ်။ လေရူးသုန်သုန် မြူမှုန်လွင့်ပါး"

"ကြည့်ပါအုံး အံ့ငြိမ်း၊ ကြည့်ပါအုံးကွာ။ အဲဒါ မင်းကို ချစ်တဲ့မြရီလေ မြရီလေကွာ"

ဦးကြီး မျိုးထူးက စိတ်မကောင်းစွာဖြင့် ပြောနေသည်။ မြရီက ခေါင်းထက်တွင် လက်ပံပွင့်များဝေနေအောင်ပန်ထားသည်။ လက်ပံပွင့်များကို ကြိုးနှင့်သီကုံး၍ လည်ပင်းတွင် ဆွဲထားသည်။ ပါးပြင်ထက်တွင် ရှင်မတောင်သနပ်ခါးကို ဝါထိန်အောင်လိမ်းထားသည်။ လုံချည်ကို ရင်စို့တက်ဝတ်ထားသည်။ အင်္ကျီလက်ရှည်က ကြယ်သီးစုံအောင်မရှိ။ ရှိသော ကြယ်သီးကို တပ်ထားသည်မှာလည်း မညီမညာဖြစ်နေသည်။

"ကစားပြန့်ပြူး ရာသီဦးဝယ် ကြည်နူးစရာတို့ရွာလေးမယ် ကြီးမားပင်စည် ပွင့်နီလက်ပံ ဝဲပျံမြေပေါ်လျောင်းစက်ပျော်တယ် ဟေ့ ဟေ့"

လက်ပံပွင့်များကောက်ကာ ခုန်ပေါက်ကနေသည့် မြရီကိုကြည့်ကာ အံ့ငြိမ်းရင်ထဲတွင် နာကျင်လာရသည်။

"သူအခုလိုဖြစ်တာ ကြာပြီလား ဦးကြီးမျိုးထူး"

"ကြာပေါ့ အံ့ငြိမ်းရာ။ မင်း မင်္ဂလာဆောင်ပြီး ရွာကထွက်သွားကတည်းကဆိုပါတော့"

လက်ပံပွင့်ကောက်သီချင်းကို ထပ်တလဲလဲသီဆိုကာ လက်ပံပင်ကြီးအောက်က မြရီ ထွက်သွားလေသည်။

"မြရီကလေ သူ့ရင်ထဲမှာ မင်းရယ်၊ လက်ပံပင်ကြီးရယ်ကို သိပ်ချစ်ခဲ့တာ။ မင်းရွာကထွက်သွားတော့ လက်ပံပင်ကြီးအောက်မှာ အမြဲရှိနေတတ်တယ်။ လက်ပံပွင့်ချိန်ရောက်တိုင်း လက်ပံပွင့်တွေကြွေကျသလို မြရီရဲ့အချစ်တွေလဲ ပျက်ကြွေခဲ့ရတာပါပဲ မောင်အံ့ငြိမ်းရယ်"

ဦးကြီးမျိုးထူး၏အသံက မြရီအပေါ် သနားကြင်နာမှုအပြည့်ရှိနေသည်။

"ငါ့ကို ခွင့်လွှတ်ပါ မြရီ။ ငါ့အပြစ်တွေက ပြုပြင်လို့မရမှန်းသိပေမဲ့ ငါ့ကြောင့် အခုလောက်ထိ ဖြစ်သွားလိမ့်မယ်လို့ ငါမထင်ခဲ့မိလို့ပါ"

အံ့ငြိမ်း တိုးညင်းစွာ စကားဆိုလိုက်သည်။ မြရီကို ကရုဏာနှလုံးသားဖြင့် အံ့ငြိမ်း ငေးကြည့်နေမိသည်။

(၅)

"ဠသြ ဠသြ"

နွေရောက်တိုင်းကြားနေကျ ငှက်ကလေး၏ တေးချိုသံဖြစ်သည်။ လေအသွဲ့မှာ လက်ပံပွင့်များ တဖွဲဖွဲကျနေသည်။

"ဖေဖေ ဟိုးကခြင်းတောင်းကလေးက ဘာဖြစ်လို့ တင်ထားတာလဲ"

ရေနံ့ဝနေအောင်သုတ်ထားပြီး လက်ပံပင်ကြီးအထက်တွင် ချိတ်ဆွဲထားသည့် နီးခြင်းတောင်းကလေးကို သမီးက ညွှန်ပြလျက်မေးနေသည်။

"လက်ပံပွင့်တွေ ထည့်ထားဖို့ပါသမီးရယ်"

"ဘယ်သူ့အတွက်လဲ ဖေဖေ"

သမီးဖြစ်သူ၏အမေးကို အံ့ငြိမ်း ပြန်ဖြေရန် စကားလုံးရှာမရဖြစ်နေသည်။

"ကဲပါသမီးရယ် ပြန်ကြရအောင် လက်ပံပွင့်တွေလဲ အများကြီးရနေပြီလေ"

အံ့ငြိမ်းလည်း သမီးဖြစ်သူ၏ လက်ကလေးကို ကိုင်ကာ လက်ပံပင်ကြီးကို ကျောခိုင်းထွက်လာခဲ့သည်။

လေပူတစ်ချက် ဝေ့တိုက်သွားသည်။ လေပူနှင့်အတူထွက်ပေါ်လာသော အသံတစ်သံကြောင့် အံ့ငြိမ်း ခြေစုံရပ်ကာ နားစွင့်လိုက်သည်။

"နွေမိန်တပေါင်း နေရှိန်လောင်း ရွက်ဟောင်းကြွေကျမြေခခဲ့ပြီကွယ်။ လေရူးသုန်သုန် မြူမှုန်လွင့်ပါး"

လက်ပံပွင့်ကောက်သီချင်းသံက နားစည်ကိုလာရိုက်ခတ်နေသည်။ ထို့ကြောင့် လက်ပံပင်ကြီးဆီသို့ အံ့ငြိမ်း ပြန်လှည့်ကြည့်လိုက်သည်။

လက်ပံပွင့်လေးများထည့်ထားသည့် နီးခြင်းတောင်းကလေးက လှုပ်ခါနေသည်။ ခြင်းတောင်းကလေးနှုတ်ခမ်းပေါ်တွင် လိပ်ပြာလေးတစ်ကောင်က နားခိုနေသည်။ အံ့ငြိမ်း ရုတ်တရက် ရွတ်ဆိုလိုက်မိသည်။

"မြရီရေ အမျှ အမျှ အမျှ"

# မုံရွာမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲစင်းငုံ ၁၁၅၉၃ ကေထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**မုံရွာ ဇူလိုင် ၁၆**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် မုံရွာမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲစင်းငုံ ၁၁၅၉၃ ကေထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း မုံရွာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မုံရွာမြို့နယ်တွင် ပဲစင်းငုံ ၁၂၃၅၅ ကေ စိုက်ပျိုးရန်လျာထားပြီး မေလ ပထမပတ်မှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၁၁၅၉၃ ကေ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ်မိုးသီးနှံစိုက်ပျိုးရာသီမှာ မုံရွာမြို့နယ်အတွင်း ပဲစင်းငုံ ကေ ၁၂၀၀၀ ကျော်စိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့ထိ ကေ ၁၁၀၀၀ ကျော်စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားကေပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်ပေးနေပါတယ်။ ပဲစင်းငုံစိုက်ပျိုးရာမှာ အထွက်နှုန်းကောင်းမွန်ဖို့ ဆောင်ရွက်ပေးနေပါတယ်။ ပဲစင်းငုံ သီးနှံကို သီးသန့်စိုက်ပျိုးကြသလို သီးထပ်သီးညှပ်အနေနဲ့လဲ စိုက်ပျိုးကြပါတယ်"ဟု မုံရွာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစိုးသက်အောင်က ပြောပြသည်။

မုံရွာမြို့နယ်တွင် ပဲစင်းငုံ စိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက မျိုးကောင်းမျိုးသန့် ရွေးချယ်စိုက်ပျိုးရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားအန္တရာယ် ကင်းရှင်းရေး၊ အထွက်နှုန်းကောင်းမွန်ရေး အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ပဲစင်းငုံကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားသုံးမှု ဖူလုံစေသည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် ပဲစင်းငုံကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းသင့်ကြောင်း မုံရွာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစိုးသက်အောင်က ပြောပြ၍ သိရသည်။

(၂၀၆)

# ဖျာပုံမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇွန်လအတွင်း ငါးစည်ဖောင်းခြောက်ပိဿာချိန်အများအပြား တင်ပို့ရောင်းချနိုင်ခဲ့

**ဖျာပုံ ဇူလိုင် ၁၆**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဖျာပုံမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇွန်လအတွင်း ငါးစည်ဖောင်းခြောက် ပိဿာချိန်အများအပြား တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ဖျာပုံမြို့နယ်ပင်လယ်ငါးခြောက်ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်သီတာက ပြောပြသည်။

ဖျာပုံမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ မေလက ငါးစည်ဖောင်းခြောက်ပိဿာချိန် ၄၅၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဇွန်လအတွင်း ငါးစည်ဖောင်ခြောက် ပိဿာချိန် ၆၆၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

"ငါးစည်ဖောင်းခြောက်က ပင်လယ်ငါးတွေဖြစ်တဲ့ ငါးရွှေ၊ နတ်ကတော်ငါး၊ ငါးရောင်၊ ငါးပုတ်သင် စတဲ့ငါးတွေကို ဝမ်းဗိုက်ခွဲပြီး အတွင်းကရရှိတဲ့စည်ဖောင်းတွေကို စနစ်ကျသန့်စင်နေပူလှန်းအခြောက်ခံပြီး ရရှိခြင်းဖြစ်ပါတယ်။ ငါးစည်ဖောင်းခြောက်တွေကို ရန်ကုန်ဈေးကွက်က ဝယ်ယူမှု အားကောင်းလာတာကြောင့် အရောင်းအဝယ်ကောင်းခဲ့ပါတယ်။ ဒေသထွက် ငါးစည်ဖောင်းခြောက်တွေ အပါအဝင် ဒေသထွက်ကုန်တွေကို ရန်ကုန်ဈေးကွက်ကို အဓိကထား တင်ပို့ရောင်းချတာ ဖြစ်ပါတယ်"ဟု ဖျာပုံမြို့နယ် ပင်လယ်ငါးခြောက်ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်သီတာက ပြောပြသည်။



ဖျာပုံမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချခဲ့သည့် ငါးစည်ဖောင်းခြောက် တစ်ပိဿာချင်းဈေးနှုန်းများမှာ ငါးရွှေစည်ဖောင်းခြောက် တစ်ပိဿာလျှင် ငွေကျပ် ၇၆၀၀၀၊ နတ်ကတော်စည်ဖောင်းခြောက် တစ်ပိဿာလျှင်ငွေကျပ် ၆၅၀၀၀၊ ငါးရောင်စည်ဖောင်းခြောက် တစ်ပိဿာလျှင်ငွေကျပ် ၃၃၀၀၀ မှ ၃၅၅၀၀၊ ငါးပုတ်သင် စည်ဖောင်းခြောက် တစ်ပိဿာလျှင် ငွေကျပ် ၇၇၀၀၀ စသည့်ဖြင့် စည်ဖောင်းခြောက် အကြီးအသေးအပေါ် မူတည်ပြီး ဈေးအနိမ့်အမြင့် ရှိကြောင်း သိရသည်။

ကျော်ကျော်လင်း

# ဝါးခယ်မမြို့နယ် ပိန္နဲကုန်းကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှု စစ်ဆေး

**ဝါးခယ်မ ဇူလိုင် ၁၆**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် ဝါးခယ်မမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP) ရန်ပုံငွေဖြင့် ပိန္နဲကုန်းကျေးရွာ၌ ကျေးရွာတွင်းကွန်ကရစ်လမ်းခင်းခြင်း လုပ်ငန်းဆောင်ရွက်နေမှုကို ဇူလိုင် ၁၅ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ဝါးခယ်မမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးနေဇော်ထက်နှင့် တာဝန်ရှိသူများက ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များနှင့်အတူ ပိန္နဲကုန်းကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်း လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များကို ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို ဌာနမှ သတ်မှတ်ထားသော စံနှုန်းများအတိုင်း အချိန်မီပြီးစီးအောင် ဆောင်ရွက်ရန်မှာကြားပြီး လိုအပ်သည်များ ဆွေးနွေးညှိနှိုင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

အဆိုပါ ပိန္နဲကုန်းကျေးရွာ၌ အရှည် ပေ ၇၄၀၊ အကျယ် ငါးပေ၊ အမြင့် ခြောက်လက်မရှိ ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို ယခုဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း VDP ရန်ပုံငွေကျပ် သိန်း ၁၅၀နှင့် ပြည်သူထည့်ဝင်ငွေကျပ်သိန်း ၅၀ စုစုပေါင်းငွေကျပ်သိန်း ၂၀၀ ဖြင့် ဌာန၏နည်းပညာပံ့ပိုးမှုဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ယခုနှစ် ဇူလိုင် ၁၀ ရက်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၃၀ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဦးနေဇော်ထက်ထံမှ သိရသည်။

အိပိုးပိုး

## အမျိုးသားရေး ဂုဏ်ရည်

\- အမျိုးဘာသာ သာသနာနှင့်
မြန်မာမှုများ ထိန်းသိမ်းငြားမှ
ဘိုးဘွားတို့ဂုဏ် ချစ်ရာ၏
အမျိုးသားဂုဏ် သစ္စာရှိ။

\- သို့မဟုတ်ဘဲ အလွဲလွဲနှင့်
ကွဲပြားကွဲပြို ခွဲခြားလိုသော်
ထိုထိုအမှား မလိုလားဖွယ်
ဘိုးဘွားတို့ဂုဏ် ထိန်းရာမရောက်
အမျိုးသားဂုဏ် တိမ်းကာပျောက်။

\- ဥပေက္ခာပြု မြန်မာမှုတွေ
ဂရုမထား ပစ်ပယ်ငြားက
အမှားအဆိုးဆိုး အမျိုးမျိုးနှင့်
အဘိုးအဘွားသွေး ပယ်ရာရောက်
အမျိုးသားရေး ကွယ်ကာပျောက်။

\- ကောင်းမွေဆက်ခံ တစ်သက်ပန်းတိုင်
မြဲမြံမှန်စွာ စံပမာသို့
ရန်တကာပြုငြား ပစေမည်
မြန်မာမှုများ လှစေရည်။

\- သြော်...
မြန်မာ့ယဉ်ကျေးမှု လျစ်လျူရှုက
အနုပညာတွေ တိမ်ကောစေလိမ့်
စာပေဂီတ ထိန်းသိမ်းမှသာ
မြန်မာ့ဂုဏ်သိန် မမှေးမှိန်ဘဲ
ရှိန်ရှိန်မြောက်လို့ ဝင်းရွှေရည်
ထိန်ထိန်တောက်လို့ လင်းစေမည်
အမျိုးသားရေးဂုဏ် မြင့်ရမည်။ ။

ခင်ဖုန်းကြည်(မိုင်းပွန်)
စာပေဗိမာန်စာမူဆုရ

## ကိုဗစ်-၁၉ ရောဂါကူးစက်မှုမှ ကာကွယ်နိုင်ရန်

- Home Stay နေထိုင်ပါ။ တစ်ကိုယ်ရေသန့်ရှင်းရေး၊ နေအိမ်နှင့်ပတ်ဝန်းကျင်သန့်ရှင်းရေးတို့ကို အလေးထား ဆောင်ရွက်ပါ။
- မကြာခဏထိတွေ့အသုံးပြုတဲ့ စားပွဲ၊ တံခါးလက်ကိုင်၊ ဖုန်း၊ လှေကားလက်ရန်း စသည်တို့ကို Alcohol ၇၀ ရာခိုင်နှုန်းပါဝင်သော ပိုးသန့်စင်ဆေးရည်ဖြင့် မကြာခဏ ဆေးကြောပါ။

# မိဘမေတ္တာကို မှန်ကန်စွာပြတတ်ကြပါစေ

ဘုန်းသန့်စင်

**❖"ဥစ္စာဟူသည် မျက်လှည့်မျိုး၊ ပညာဟူသည် မြတ်ရွှေအိုး" ဆိုသည့် စကားနှင့်အညီထာဝရတည်မြဲပြီး လိုအပ်သည့်အချိန်တိုင်းတွင် ထုတ်ယူသုံးစွဲနိုင်သည့် မြတ်ပညာအမွေပေးနိုင်ရန် ကြိုးစားကြရမည်ဖြစ်သည်။ လောကသဘာဝအရ လောကဓံတရားတို့က အချိန်ပြည့်ရိုက်ခတ်နိုင်သဖြင့် မိမိတို့ရှာဖွေစုဆောင်းအပ်သော ဥစ္စာပစ္စည်းတို့သည်လည်း မိမိတို့အသက်မဆုံးရှုံးမီအချိန်၌ပင် ပျောက်ဆုံးပျက်စီးသွားနိုင်သည်။ သို့ဖြစ်ရာ မိမိတို့၏ရင်သွေးရတနာများအတွက် ရည်ရွယ်ရှာဖွေစုဆောင်းထားသော ဥစ္စာပစ္စည်းတို့သည်လည်း ပျောက်ဆုံးပျက်စီးသွားနိုင်သဖြင့် ထာဝရတည်မြဲနိုင်သည့် ပညာအမွေကို ပေးခဲ့ကြရန်လိုသည်။ ❖**

**မိဘဆိုတာ**

"မိဘ"ဆိုသည်မှာ လူသားတိုင်းအတွက် အနန္တောအနန္တဂိုဏ်းဝင် ကျေးဇူးရှင်များဖြစ်ကြသည်။ အသက်ကိုရင်း၍ မွေးပေးခဲ့သော မိခင်၏ကျေးဇူးနှင့် ရှာဖွေကျွေးမွေးပြုစုစောင့်ရှောက်ခဲ့သော ဖခင်တို့၏ ကျေးဇူးကား ကြီးမားလှပေသည်။ လက်ဦးဆရာ မည်ထိုက်စွာ၊ ပုဗ္ဗာစရိယ မိနှင့်ဖ ဆိုသည်နှင့်အညီ မိဘတို့သည် သားသမီးတို့အတွက် လက်ဦးဆရာများ ပင်ဖြစ်သည်။ မေတ္တာတရားကြီးမားလှသော မိခင်၊ ဖခင်တို့သည်ကား မိမိတို့၏ သားသမီးများ ကြီးပွားတိုးတက်သောဘဝကို ဖန်တီးပုံဖော်ပေးလို ကြသည်။ မိမိတို့ထက်ပို၍မြင့်သော ပို၍တိုးတက် သောဘဝကို ရရှိနိုင်ရေးအတွက် တွန်းတင်ပေး လိုကြသည်။ အစစအရာရာတွင် မိမိတို့ထက် သာလွန်သောဘဝကို ဖန်တီးပုံဖော်ပေးလိုကြသည်။

ယောကျ်ားလေး၊ မိန်းကလေးဟူသည်ပင် မကွဲ ပြားသေးသည့် သန္ဓေသားဘဝကတည်းကပင် မိမိ၏ ရင်သွေးကြီးပြင်းလာသည့်အခါ မည်သို့မည်ပုံ ပြုပြင်ပုံဖော်ပေးကြမည်ဆိုသည့် စိတ်ကူးအိပ်မက်ကို မက်တတ်ကြသည်။ မိခင်ဖြစ်သူကလည်း ရင်သွေး ငယ်ကို လွယ်ထားရသည့်အချိန်ကတည်းကပင် မမြင်ရသေးသည့် ရင်သွေးငယ်ကို ထိခိုက်မည် စိုးသဖြင့် အစားအသောက် အနေအထိုင်ကအစ ဆင်ခြင်နေထိုင်လာရသည်။ ဖခင်ဖြစ်သူကလည်း ရင်သွေးငယ်အတွက် လိုအပ်မည်ဟု ထင်ရသည့် အရာများကို ရှာဖွေစုဆောင်း ဝယ်ယူပေးထားတတ် ပြန်သည်။ လူသားတစ်ဦးအဖြစ် လူ့ဘဝကို ရောက် လာစေရေးတွင် မိခင်၊ ဖခင်ကျေးဇူးရှင်တို့၏ စေတနာနှင့်မေတ္တာတရားတို့က အဓိကကျလှသည်။ ကြီးမားလှသည့် မေတ္တာတရားကို ပိုင်ဆိုင်ထားကြသူ များဖြစ်သဖြင့် နေ့စဉ်ဦးတင်ရှိခိုးထိုက်သည့် အနန္တဂိုဏ်းဝင်ကျေးဇူးရှင်များအဖြစ် သတ်မှတ်ထား ခြင်းဖြစ်ပေသည်။

**မိဘတို့၏ တာဝန်**

ရင်သွေးငယ်ဘဝ ကိုးလလွယ် ဆယ်လဖွားဆို သည့်ကာလကို လွန်မြောက်လာပြီး လူ့လောကကို ရောက်လာသည့်အချိန်တွင်လည်း မိဘတို့က တာဝန်ကျေကြပြန်သည်။ မိခင်ဖြစ်သူ၏ ခန္ဓာကိုယ် အတွင်း စီးဆင်းနေသော အနီရောင်စေးပျစ်ပျစ် ရှိသည့် ညှီနံ့မကင်းသည့်သွေးတို့သည် မေတ္တာ တရားဖြင့်ပေါင်းစပ်လိုက်သည့်အခါ အာဟာရပြည့်ဝ ပြီး အလွန်ချိုမြိန်လှသည့် ဖြူဖွေးသန့်စင်သော၊ ရောဂါပေါင်းစုံကို တိုက်ထုတ်ပေးနိုင်သော နို့ချိုအဖြစ် သို့ပြောင်းလဲသွားရပြန်သည်။ လမ်းလျှောက်တတ်စ အရွယ်သို့ရောက်သည့်အခါတွင်လည်း လဲကျခြင်း မရှိဘဲ တည့်မတ်စွာလျှောက်လှမ်းနိုင်ရေး အနီးကပ် ကြီးကြပ်ပြုပြင်ပေးကြသည်ကလည်း မိဘတို့ပင် ဖြစ်သည်။ ထိုမှတစ်ဆင့် ပညာသင်ကြားရသည့် အရွယ်သို့ ရောက်သည့်အခါတွင်လည်း ဘဝလမ်းခရီး တွင် မှန်ကန်တည့်မတ်စွာ လျှောက်လှမ်းနိုင်ရေး အတွက် လိုအပ်သည့်ပညာရပ်များကို သင်ကြားနိုင် ရေး စာသင်ကျောင်းများသို့ပို့ဆောင်ပေးကြသည်။

မိခင်၊ ဖခင်တို့သည် ရင်နှစ်သည်းချာ သားသမီး ရတနာများကို မျက်စိအောက်မှ အပျောက်မခံ လောက်အောင်ပင် ချစ်ခင်ကြသည်က ဓမ္မတာပင်ဖြစ် သည်။ သို့ရာတွင် မိမိတို့ထက်ပို၍ သာလွန်သော အသိပညာနှင့် အတတ်ပညာတို့ကို သင်ကြားပြသ ပေးမည့် စာသင်ကျောင်းများသို့ ပို့ဆောင်ပေး ကြရန်လိုသည်။ မျက်စိအောက်က အပျောက်မခံဘဲ အချိန်ပြည့် မိမိတို့၏အနားတွင်သာထား၍ ချစ်ပါ သည်ဟုဆိုလျှင် ကုဋေရှစ်ဆယ်သူဌေးသားပုံပြင်ကို ပြန်လည်မြင်ယောင်ရန်လိုသည်။ မိမိတို့ကိုယ်တိုင် သိသင့်သိထိုက်သည့်ဘဝအသိပညာများကို မိမိတို့ တတ်စွမ်းသမျှ ပဲ့ပြင်ဆုံးမသင်ကြားပေးရမည်က မိဘတို့၏ တာဝန်ပင်ဖြစ်သည်။ စာရေး၊ စာဖတ် အတတ်ပညာများအပါအဝင် ဘဝနေနည်းပညာရပ် များကို သင်ကြားပေးမည့်ဆရာ၊ ဆရာမများ၏ ရင်ခွင်သို့ ပို့ဆောင်ပေးကြရမည်ကလည်း မိဘတို့၏ တာဝန်ပင်ဖြစ်သည်။

**အတတ်သင်စေ**

"မကောင်းမြစ်ထာ၊ ကောင်းရာညွှန်လတ်၊ အတတ်သင်စေ၊ ပေးဝေနှီးရင်း၊ ထိမ်းမြားခြင်းလျှင်၊ ဝတ်ငါးအင်၊ ဖခင်မယ်တို့တာ"ဆိုသည့် မိဘဝတ္တရား ငါးပါးတွင် အတတ်သင်စေဆိုသည့် တာဝန်တစ်ရပ် ပါဝင်သည်။ "ပညာသည်သာ အရာရာ"ဆိုသည့် စကားနှင့်အညီ ပညာဆိုသည်မှာ လူ့ဘဝအတွက် အရာရာကို ဖန်တီးပုံဖော်ပေးနိုင်စွမ်းရှိသည့် လက်နက်တစ်ခုပင်ဖြစ်သဖြင့် မိမိတို့၏ ရင်သွေး ရတနာများကို အသိပညာ၊ အတတ်ပညာများ အမွေ ပေးကြရန်လိုသည်။ ကုဋေရှစ်ဆယ် အမွေထားခဲ့ သော်လည်း ဥစ္စာပစ္စည်းတို့သည် အချိန်တန်သည့် အခါတွင် ပျောက်ဆုံးပျက်စီးသွားတတ်စမြဲဖြစ် သဖြင့် သူဌေးသားသည် လမ်းဘေးနေ လမ်းဘေးစား သူဖုန်းစားဘဝရောက်သွားရခြင်းဖြစ်သည်။ သူဌေး တို့က မိဘဝတ္တရားငါးပါးမှ အတတ်သင်စေဆိုသည့် တာဝန်တစ်ရပ်ကို မကျေပွန်ခဲ့ခြင်းကြောင့် သူဌေးသားဘဝမှ ခွက်လက်စွဲကာ တောင်းစားရသည့် သူဖုန်းစားဘဝသို့ ရောက်သွားရခြင်းဖြစ်သည်။

မိခင်၊ ဖခင်တို့သည် ဘဝပေးအခြေအနေအရ ဆင်းရဲချမ်းသာ မတူညီကြသော်လည်း မိမိတို့၏ သားသမီးများအတွက် အမွေဥစ္စာပစ္စည်းတို့ကို ချန်ထားခဲ့လိုသည့်မေတ္တာတရားတို့က အတူတူပင် ဖြစ်သည်။ "ဥစ္စာဟူသည် မျက်လှည့်မျိုး၊ ပညာ ဟူသည် မြတ်ရွှေအိုး"ဆိုသည့် စကားနှင့်အညီ ထာဝရတည်မြဲပြီး လိုအပ်သည့်အချိန်တိုင်းတွင် ထုတ်ယူသုံးစွဲနိုင်သည့် မြတ်ပညာအမွေပေးနိုင်ရန် ကြိုးစားကြရမည်ဖြစ်သည်။ လောကသဘာဝအရ လောကဓံတရားတို့က အချိန်ပြည့်ရိုက်ခတ်နိုင်သဖြင့် မိမိတို့ ရှာဖွေစုဆောင်းအပ်သော ဥစ္စာပစ္စည်းတို့သည် လည်း မိမိတို့အသက်မဆုံးရှုံးမီအချိန်၌ပင် ပျောက် ဆုံးပျက်စီးသွားနိုင်သည်။ သို့ဖြစ်ရာ မိမိတို့၏ ရင်သွေးရတနာများအတွက် ရည်ရွယ်ရှာဖွေ စုဆောင်းထားသော ဥစ္စာပစ္စည်းတို့သည်လည်း ပျောက်ဆုံးပျက်စီးသွားနိုင်သဖြင့် ထာဝရတည်မြဲနိုင် သည့် ပညာအမွေကို ပေးခဲ့ကြရန်လိုသည်။

**ပညာမရှိ သူ၏ဝန်ထမ်း**

တိုးတက်နေသည့်ခေတ်ကို အမီလိုက်နိုင်ရန် အတွက် အစစအရာရာတွင် ကျွမ်းကျင်လိမ္မာနေရန် လိုသည်။ ပြည်တွင်း၊ ပြည်ပ အလုပ်အကိုင်အခွင့် အလမ်းများက လက်တစ်ကမ်းတွင် ရှိနေသော်လည်း ပညာတတ်သူများအတွက်သာ ဖြစ်နေတတ်သည်။ ပညာမတတ်သူများအတွက် အလုပ်အကိုင်အခွင့် အလမ်းတို့က ရှားပါးနေဦးမည်သာဖြစ်သည်။ ဉာဏ် ပညာဖြင့် အသက်မွေးသူသည် အေးဆေးတည်ငြိမ်စွာ ဖြင့် ဘဝကိုဖြတ်သန်းနိုင်သည်။ ပညာမရှိ၍ ကာယ ခွန်အားဖြင့် အသက်မွေးဝမ်းကျောင်းပြုသူများအတွက် ချွေးစက်တို့ဖြင့် ဝင်ငွေကိုရယူရသည်။ "ပညာမရှိ သူ၏ဝန်ထမ်း"ဆိုသည်နှင့်အညီ အသိပညာ၊ အတတ် ပညာတို့ မပြည့်စုံသူတို့အဖို့ သူတစ်ပါး၏ ခိုင်းစေမှု နောက်သို့ လိုက်ပါရသူများအဖြစ်နှင့်သာ ဘဝကို ပင်ပန်းဆင်းရဲစွာရပ်တည်ရသည်။ မိဘအုပ်ထိန်းသူ များအနေဖြင့် မိမိတို့၏ ရင်သွေးရတနာများကို ငယ်စဉ်အခါပညာရှာဆိုသည့် စကားနှင့်အညီ ပညာ ရှာနိုင်သူများဖြစ်စေရေး ကြိုးစားပေးရမည်ဖြစ်သည်။

လူတိုင်း တစ်နေ့တွင် ထမင်းသုံးနပ်သာ စားရ သည်ဟုဆိုပါသော်လည်း စားရသောထမင်းအတွက် ငွေရှာရပုံချင်းက မတူညီကြပေ။ ချွေးစက်တို့ကို ပေးဆပ်ပြီးမှသာ ဆန်တစ်ပြည်တစ်ခွက်ကို ရတတ် သော ကာယလုပ်သားဘဝနှင့် ကွန်ပျူတာကလစ် တစ်ချက်နှိပ်ရုံမျှဖြင့် ဒေါ်လာသန်းပေါင်းများစွာရနိုင် သည့် ဉာဏလုပ်သားဘဝတို့က မတူညီကြပေ။ မိမိတို့၏ ရင်သွေးငယ်များကို နေပူကျဲတဲ မိုးရွာထဲ တွင် ထီးမပါ၊ မိုးကာမပါဘဝဖြင့် အလုပ်လုပ်နေရမည့် အနာဂတ်ကို မိဘတိုင်းက မမြင်လိုကြပေ။ အရိပ် အောက်တွင် ခမ်းနားထည်ဝါသော ရုံးခန်းအတွင်း၌ ဝန်ထမ်းများစွာကို စီမံအုပ်ချုပ်ရသည့်ဘဝမျိုးကို သာမြင်ယောင်ပုံဖော်လိုကြသည်။ ထိုဘဝတို့ကို ရယူ နိုင်ရေးအတွက် အခြေခံသည် ပညာပင်ဖြစ်သည်ကို မမေ့ကြရန်လိုသည်။

**အေးချမ်းမှုကို ပုံဖော်ပေးစေလို**

ပညာတတ်သူများ ကျင်လည်ရာရပ်ဝန်းသည် အေးချမ်းတည်ငြိမ်လှပြီး ဒုစရိုက်မှုများ ကင်းစင်၍ သာယာလှပနေတတ်သည်။ လူသားတို့၏ တာဝန် သည် မိမိကျင်လည်ရာပတ်ဝန်းကျင်ကို သာယာလှပ နေအောင် ဖန်တီးပုံဖော်ပေးရမည့်တာဝန်ရှိသည်။ မိဘတို့က သားသမီးတို့ကိုပညာတတ်များဖြစ်အောင် စွမ်းဆောင်ပေးကြမည်ဆိုပါက ထိုပညာတတ် မျိုးဆက်သစ်လူငယ်များ၏လက်ထက်တွင် မိမိတို့ ကျင်လည်ရာဝန်းကျင်သည်လည်း လှပသာယာကာ အစစအရာရာ တိုးတက်နေမည်သာဖြစ်သည်။ ပညာတတ် မျိုးဆက်သစ်များကို မွေးထုတ်ပေးနိုင် ရန် မိဘများ၏တာဝန်ပင်ဖြစ်သည်။ ဆင်းရဲသော ဘဝတွင် မွေးဖွားခဲ့သည်က မိမိတို့၏ ဘဝပေးအခြေ အနေဟုဆိုနိုင်သော်လည်း ထိုအခြေအနေကို လွန်မြောက်၍ မိမိတို့၏ရင်သွေးငယ်များကို ပညာ တတ်များဖြစ်အောင် ကြိုးစားအားထုတ်ပေးကြ ခြင်းဖြင့် လူသားတာဝန်ကျေပွန်ကြမည်ဖြစ်သည်။

တည်ငြိမ်အေးချမ်းသော၊ သာယာလှပသော၊ အရာရာတွင်တိုးတက်သော လူမှုပတ်ဝန်းကျင်တွင် ကျင်လည်လိုကြသည်က လူတိုင်း၏ ဆန္ဒပင်ဖြစ် သည်။ ထိုဆန္ဒအတိုင်းပင် အနာဂတ်မျိုးဆက်သစ် များ၏ လက်ထက်တွင်လည်း တိုးတက်သော၊ တည်ငြိမ်အေးချမ်းသော လူမှုပတ်ဝန်းကျင်တစ်ခုကို ဖန်တီးထားခဲ့ရန်လိုသည်။ လက်ရှိတွင် မိမိတို့၏ အုပ်ထိန်းမှုအောက်၌ ရောက်ရှိနေသော ကလေး သူငယ်များသည် အနာဂတ်ကို ပုံဖော်ထုဆစ်သွားကြ မည့် အနာဂတ်ဗိသုကာပညာရှင်များဖြစ်သည်ကို သတိပြုမိရန်လိုသည်။ ထိုပညာရှင်များ၏လက်အတွင်း သို့ ပညာလက်နက်တပ်ဆင်ပေးလိုက်ကြရမည်က မိဘများ၏ တာဝန်ပင်ဖြစ်သည်။

**ချစ်တတ်ကြပါစေ**

အသိဉာဏ်ပညာနှင့် မပြည့်စုံကြသည့်အဟိတ် တိရစ္ဆာန်များသည်ပင် မိမိတို့မွေးဖွားသော ရင်သွေး များကို ပြုစုစောင့်ရှောက်ကြသည်က သဘာဝပေး သော မေတ္တာတရားပင်ဖြစ်သည်။ သတ္တဝါတို့တွင် အတွေးအခေါ်နှင့် အမြော်အမြင်တို့ အကြီးမားဆုံး ဖြစ်သည့် လူသားမိဘများသည်ကား မိမိတို့၏ ရင်သွေးရတနာများကို တိုးတက်အောင်မြင်သည့် ဘဝကိုသာ ပေးအပ်လိုကြသည်မှာ မြေကြီးလက်ခက် မလွဲပင်ဖြစ်သည်။ မှန်ကန်သောအသိ၊ မှန်ကန်သော အမြင်ဖြင့် မှန်ကန်တည့်မတ်စွာ ပြုစုပျိုးထောင် တတ်ကြရန်လိုသည်။ မိဘတို့က သားသမီးအတွက် ရောက်ရာအရပ်တွင် အရိပ်ပမာ နေပူ၊ မိုးရွာ ကာကွယ်ပေးနိုင်သည့် ထီးတစ်ချောင်းဟုဆိုနိုင် သည်။ သို့ရာတွင် အချိန်ပြည့် လိုက်လံကြည့်ရှုပေး နိုင်ခြင်းမရှိသဖြင့် သားသမီးတို့ လျှောက်သောလမ်း တို့ မမှားရအောင် လမ်းမှန်ပြဆုံးမပဲ့ပြင်ပေးရမည့် တာဝန်ကို ဆရာ၊ ဆရာမများက မိဘများကိုယ်စား တာဝန်ယူပေးခြင်းပင်ဖြစ်သည်။

မိမိတို့၏ သားသမီးများကို အမှန်တကယ် ချစ်မြတ်နိုးသည်ဟုဆိုပါက ဘဝအသိနှင့် ရှိသင့် ရှိထိုက်သော တွေးခေါ်နိုင်စွမ်းတို့ကို ပေးအပ်နိုင်သည့် ဆရာ၊ ဆရာမများ၏ရင်ခွင်သို့ ခေတ္တခိုဝင်ခွင့်ပြုရ မည်သာဖြစ်သည်။ ကျေးညီနောင်ပုံပြင်တွင် ခိုးသားတို့၏ လက်အတွင်းသို့ ကျရောက်သွားသည့် ကျေးသားသည် ရိုင်းစိုင်းသွားပြီး အရာရာကို ရန်လို တတ်သည့် စိတ်များဝင်သွားသည်ကို သတိပြုမိကြရန် လိုသည်။ မိမိတို့ရင်မှ မွေးထုတ်ပေးလိုက်သော အနာဂတ်ရတနာ တော်ဝင်ပန်းကလေးများကို လှပ ဝေဆာစွာပွင့်ဖူး၍ နိုင်ငံ့သားကောင်းများအဖြစ် ထားရစ်ခဲ့နိုင်ရေး ပညာအမွေပေးကြရမည်ဖြစ်သည်။ သို့မှသာ မိမိတို့၏ရင်သွေးအလှ သားသမီးရတနာ ကလေးများသည် ရသေ့ရဟန်းတို့၏ ကျောင်းသိခ်မ်း အတွင်းသို့ရောက်သွားသော ကျေးသားကဲ့သို့ပင် လိမ္မာသော၊ အသိဉာဏ်ပညာနှင့် ပြည့်စုံသော၊ ဒုစရိုက်လုပ်ငန်းများကို ဝေးဝေးကရှောင်တတ်သော၊ လူမှုပတ်ဝန်းကျင်ကိုအကျိုးပြုသော၊ နိုင်ငံ၏ အနာဂတ်ကို လှပစွာပုံဖော်ပေးနိုင်သော၊ နိုင်ငံနှင့် လူမျိုးအကျိုးကို သယ်ပိုးနိုင်သော နိုင်ငံ့သားကောင်း များဖြစ်လာမည်ဖြစ်သည်။ မိဘမေတ္တာတရား များကို မှန်ကန်စွာပြသပေးနိုင်ခြင်းဖြင့် နိုင်ငံ့ သားကောင်း သားသမီးရတနာများကို မွေးထုတ် ပေးနိုင်ကြပါစေကြောင်း ရည်ရွယ်တင်ပြ လိုက်ရပါသည်။

**ကိုးကား**

**– နေ့စဉ်ထုတ်သတင်းစာများ။**

# ယင်းမာပင်ခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်း ၁၉၃၃၂ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်



ယင်းမာပင် ဇူလိုင် ၁၆

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်း ၁၉၃၃၂ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ယင်းမာပင်ခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယင်းမာပင်ခရိုင်တွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်း ၃၈၆၆၈ ဧကစိုက်ပျိုးရန်လျာထားပြီး မေလဒုတိယပတ်မှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ယင်းမာပင်မြို့နယ်တွင် ၁၁၁၂ ဧက၊ ကနီမြို့နယ်တွင် ဧက ၃၈၃၀၊ ဆားလင်းကြီးမြို့နယ်တွင် ဧက ၁၀၈၅၀၊ ပုလဲမြို့နယ်တွင် ဧက ၃၅၄၀ စုစုပေါင်း ၁၉၃၃၂ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ယင်းမာပင်ခရိုင်မှာ ပဲတီစိမ်း ဧက ၃၈၀၀၀ ကျော်စိုက်ပျိုးဖို့လျာထားပါတယ်။ ဒီနေ့ထိ ဧက ၁၉၀၀၀ ကျော်စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်ပေးနေပါတယ်။ ပဲတီစိမ်းစိုက်ပျိုးမှုနဲ့ ပတ်သက်ပြီး တိုးချဲ့စိုက်ပျိုးဖို့၊ အထွက်နှုန်းကောင်းမွန်ဖို့၊ မျိုးကောင်းမျိုးသန့်တွေသုံးစွဲဖို့ ပညာပေးတာတွေရှိတယ်"ဟု ယင်းမာပင်ခရိုင်စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်မြတ်မိုးဝင်းက ပြောပြသည်။

ယင်းမာပင်ခရိုင်တွင် ပဲတီစိမ်းစိုက်တောင်သူများကို စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် ဒေသနှင့်ကိုက်ညီသည့်မျိုးကောင်း၊ မျိုးသန့်ရရှိရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားကျရောက်မှုကင်းရှင်းရေး၊ ဓာတ်မြေဩဇာ စနစ်တကျသုံးစွဲရေး၊ အထွက်နှုန်းကောင်းမွန်ရေး တို့အတွက် အသိပညာပေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ပဲတီစိမ်းကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားသုံးမှု ဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ မြင့်မားလာမည်ဖြစ်သောကြောင့် ပဲတီစိမ်းကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းသင့်ကြောင်း ယင်းမာပင်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်မြတ်မိုးဝင်းက ပြောပြ၍ သိရသည်။ (၂၀၆)

# မင်းလှမြို့နယ် သပြေတောကျေးရွာ၌ ကျေးရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်း လုပ်ငန်းပြီးစီးမှု စစ်ဆေး

မင်းလှ ဇူလိုင် ၁၆

မကွေးတိုင်းဒေသကြီး သရက်ခရိုင် မင်းလှမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် သပြေတောကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း(VDP)ရန်ပုံငွေနှင့် ကျေးရွာပြည်သူလူထု ထည့်ဝင်ငွေတို့ဖြင့် ကျေးရွာတွင်းလမ်းကွန်ကရစ်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ဇူလိုင် ၁၅ ရက်နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မင်းလှမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်လှမျိုးသူနှင့် ဝန်ထမ်းများက ကျေးရွာကော်မတီဝင်များနှင့်အတူ သပြေတောကျေးရွာ၌ ကျေးရွာတွင်းလမ်းကွန်ကရစ်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးကြပြီး မြို့နယ်ဦးစီးမှူးက ကျေးရွာတာဝန်ရှိသူများ၊ ကျေးရွာကော်မတီဝင်များ၊ ကျေးရွာသူ၊ ကျေးရွာသားများနှင့် တွေ့ဆုံကာ ကျေးရွာတွင်းလမ်းကွန်ကရစ်ခင်းခြင်းလုပ်ငန်းဆောင်ရွက်မှုဆိုင်ရာ အချက်အလက်များကို ရှင်းလင်းပြောကြားသည်။

မင်းလှမြို့နယ် သပြေတောကျေးရွာ၌ လမ်း အရှည် ပေ ၅၅၀၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မရှိသော ကျေးရွာတွင်းလမ်းကွန်ကရစ်ခင်းခြင်း လုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP)ရန်ပုံငွေကျပ် သိန်း ၁၅၀၊ ကျေးရွာပြည်သူလူထုထည့်ဝင်ငွေကျပ် သိန်း ၅၀ စုစုပေါင်းငွေကျပ် သိန်း ၂၀၀ အသုံးပြုပြီး မင်းလှမြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၏ နည်းပညာကူညီပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်ဆောင်ရွက်ပေးမှုတို့ဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ဇွန် ၉ ရက်က စတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်းများ အားလုံးရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

ကိုညီ

# မော်လမြိုင်ကျွန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇွန်လအတွင်း ၂၄ ပြည်ဝင် ဇီယာဆန်အိတ်ရေ ၆၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့



မော်လမြိုင်ကျွန်း ဇူလိုင် ၁၆

ဧရာဝတီတိုင်းဒေသကြီး မော်လမြိုင်ကျွန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇွန်လအတွင်း ၂၄ ပြည်ဝင် ဇီယာဆန်အိတ်ရေ ၆၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း မော်လမြိုင်ကျွန်းမြို့နယ် ဆန်စပါးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်သင်းသင်းအေးက ပြောပြသည်။

မော်လမြိုင်ကျွန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ မေလအတွင်း ၂၄ ပြည်ဝင် ဇီယာဆန် အိတ်ရေ ၄၅၀၀၀ ထိသာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဇွန်လအတွင်း ၂၄ ပြည်ဝင် ဇီယာဆန်အမျိုးအစား အိတ်ရေ ၆၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

"ပြီးခဲ့တဲ့ ဇွန်လအတွင်း ဇီယာဆန်အမျိုးအစား အိတ်ရေအများအပြား ရန်ကုန်ဈေးကွက်ဘက် တင်ပို့ရောင်းချခဲ့ရတယ်။ မော်လမြိုင်ကျွန်းမြို့ကနေ လယ်ယာထွက်ကုန်တွေကို ရန်ကုန်ဈေးကွက်ကို အများဆုံးတင်ပို့ရောင်းချနေပါတယ်။ ဇီယာဆန်အမျိုးအစားက စားကောင်းတဲ့ဆန်အမျိုးအစားဖြစ်ပါတယ်။ ဇီယာဆန်ကို ရန်ကုန်ဈေးကွက်က အခုလထဲမှာလဲ အများအပြားဝယ်ယူဖို့ ချိတ်ဆက်မှုတွေရှိနေပါတယ်"ဟု မော်လမြိုင်ကျွန်းမြို့နယ် ဆန်စပါးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်သင်းသင်းအေးက ပြောပြသည်။

မော်လမြိုင်ကျွန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချခဲ့သည့် ဇီယာဆန် ၂၄ ပြည်ဝင် တစ်အိတ်လျှင် ငွေကျပ် ၈၅၀၀၀ ထိ ပေါက်ဈေးရှိကြောင်း၊ အဆိုပါ ဇီယာဆန်များကို အများအပြား တင်ပို့ရောင်းချနေရသည့်အတွက် စပါးစိုက်တောင်သူများ၊ ကုန်သည်များ၊ ကုန်တင်ကုန်ချလုပ်သားများ၊ ကုန်တင်ယာဉ်အငှားလိုက်သူများ အလုပ်အကိုင် အခွင့်အလမ်းရရှိလျက်ရှိကြောင်း သိရသည်။

ကျော်ကျော်လင်း

# ညောင်ဦးမြို့နယ် ကုန်းရှည်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

ညောင်ဦး ဇူလိုင် ၁၆

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက သပြေအိုင်ကျေးရွာအုပ်စု ကုန်းရှည်ကျေးရွာ၌ နဝမအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေထုတ်ချေးခြင်းကို ယနေ့ နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ညောင်ဦးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်ဖြူမျိုးသွယ်က မြစိမ်းရောင်ကျေးရွာစီမံကိန်း လက်စွဲစာစောင်ပါ ညွှန်ကြားချက်များ၊ စီမံကိန်းဆောင်ရွက်ခြင်းကြောင့် ရရှိလာမည့် အကျိုးကျေးဇူးများ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်း သတ်မှတ်ချက်များ၊ ကျေးရွာနေပြည်သူများ ထားရှိရမည့် ကျေးရွာစိတ်ဓာတ်တို့နှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဥပဒေ၊ နည်းဥပဒေများ အကြောင်းကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်းများက စီမံကိန်းစက်ဝန်းကာလသတ်မှတ်ချက်များ၊ အတိုးနှုန်းသတ်မှတ်ချက်များနှင့် စီမံကိန်းစာရင်းဇယားများ ပြုစုထိန်းသိမ်းရမည့် စည်းကမ်းချက်များကို ရှင်းလင်းပြောကြားပြီး ဒုတိယဦးစီးမှူး ဒေါ်ဖြူမျိုးသွယ်က မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေများ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက ကုန်းရှည်ကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ဦးရေ ၆၀ ကို ငွေကျပ် ၄၃ ဒသမ ၉ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၁၈ ဦးကို ငွေကျပ် ၁၅ ဒသမ ၃ သန်း၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ နှစ်ဦးကို ငွေကျပ် သုည ဒသမ ၈ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ဦးရေ ၈၀ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေကျပ် သန်း ၆၀ ထုတ်ချေးပေးခဲ့ကြောင်း ဒုတိယဦးစီးမှူး ဒေါ်ဖြူမျိုးသွယ်ထံမှ သိရသည်။

ရဲဝင်းနိုင်(ညောင်ဦး)

# ငပုတောမြို့နယ် ရေကျော်အောက်ကျေးရွာ၌ ရေပိုက်လိုင်းသွယ်တန်းခြင်းလုပ်ငန်း စစ်ဆေး

ငပုတော ဇူလိုင် ၁၆

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ငပုတောမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မြစိမ်းရောင်ကျေးရွာစီမံကိန်း အတိုးရငွေဖြင့် ရေကျော်အောက်ကျေးရွာ၌ ရေပိုက်လိုင်းသွယ်တန်းခြင်းလုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို ဇူလိုင် ၁၅ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ငပုတောမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်စိုးဝင်းနှင့် တာဝန်ခံ အင်ဂျင်နီယာများက ရေကျော်အောက်ကျေးရွာ၌ ရေပိုက်လိုင်းသွယ်တန်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများကိုကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များကို လုပ်ငန်းများသတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အချိန်မီပြီးစီးအောင် ဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

ရေကျော်အောက်ကျေးရွာ၌ အရှည် ပေ ၃၀၀၀၊ အကျယ် နှစ်လက်မရှိ ရေပိုက်လိုင်းသွယ်တန်းခြင်းလုပ်ငန်းကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အတိုးရငွေကျပ် ၆ ဒသမ ၂ သန်း၊ ကျေးရွာနေပြည်သူထည့်ဝင်ငွေကျပ် ၃ ဒသမ ၇ သန်းအသုံးပြု၍ ငပုတောမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ယခုနှစ် ဇွန်လ စတုတ္ထပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၅၀ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

သီသာ

# ကနေဒါနိုင်ငံ မာယိုဒေသတောမီးအန္တရာယ် အနီရောင်အဆင့်ကို ပြန်လည်ရုပ်သိမ်းကြောင်း ယူကွန်အာဏာပိုင်အဖွဲ့အစည်းကထုတ်ပြန်



**အော့တဝါ ဇူလိုင် ၁၆**

ကနေဒါနိုင်ငံ ယူကွန်နယ်မြေရှိ မာယိုဒေသတွင် တောမီးလောင်ကျွမ်းမှုသည် ရက်သတ္တပတ်ကြာ လောင်ကျွမ်းသော တောမီးအန္တရာယ် အနီရောင်အဆင့်ကို ယခုအခါ စတင်ထိန်းချုပ်နိုင်ပြီဖြစ်သောကြောင့် ယနေ့မှစ၍ တောမီးလောင်ကျွမ်းမှု အနီရောင်အဆင့်သတိပေးချက်ကို ပြန်လည်ရုပ်သိမ်းကြောင်း ယူကွန်နယ်မြေ အာဏာပိုင် အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်။

မာယိုဒေသအနီးတွင် တောမီးလောင်ကျွမ်းမှုကြောင့် သစ်တောမြေဟက်တာ ၁၃၀၀၀ ထိပျက်စီးသွားခဲ့ပြီး မီးသတ်တပ်ဖွဲ့ဝင်အင်အား အမြောက်အမြားနှင့် လေကြောင်းအကူအညီကိုပါ ရယူခဲ့သည့်အတွက်ကြောင့် တောမီးကို ထိန်းချုပ်လာနိုင်ခြင်းဖြစ်ကြောင်း သိရသည်။

"မာယိုဒေသအနီး တောမီးလောင်ကျွမ်းမှုကို စတင်ထိန်းချုပ်နိုင်ခဲ့ပြီဖြစ်ပါတယ်။ တောမီးကို စတင် ထိန်းချုပ်နိုင်ပြီဖြစ်တဲ့အတွက် တောမီးအန္တရာယ် အနီရောင်အဆင့် သတ်မှတ်ထားမှုကိုလဲ ပြန်လည်ရုပ်သိမ်းလိုက်ပြီဖြစ်ပါတယ်။ ပြည်သူတွေအနေနဲ့ တောမီးအန္တရာယ် သတိပေးချက်ထုတ်ပြန်ထားတဲ့အတွက် ကြိုတင်ပြင်ဆင်မှုတွေ ပြုလုပ်ထားလို့လဲ ဘေးအန္တရာယ်ကင်းစွာနေထိုင်နိုင်ခဲ့ကြတယ်။ တောမီးကိုထိန်းချုပ်နိုင်ဖို့အတွက် မီးသတ်တပ်ဖွဲ့ဝင်တွေ အကောင်းဆုံးကြိုးစားပေးခဲ့သလို လေကြောင်းအကူအညီကလဲ ထိရောက်ခဲ့တဲ့အတွက် အခုလို တောမီးကိုထိန်းချုပ်နိုင်ခဲ့ခြင်း ဖြစ်ပါတယ်"ဟု ယူကွန်နယ်မြေ အာဏာပိုင်အဖွဲ့အစည်းမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသွားခဲ့ကြောင်း သိရသည်။

Ref : Russia Today
Trs : Sai Sat

# ဂါနာနိုင်ငံ၏ ကိုကိုးလုပ်ငန်းအပါအဝင် စိုက်ပျိုးရေးလုပ်ငန်းများ မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် အထွက်နှုန်းကျဆင်း

**အက်ကရာ ဇူလိုင် ၁၆**

ဂါနာနိုင်ငံ၏ ကိုကိုးလုပ်ငန်း အပါအဝင် စိုက်ပျိုးရေးလုပ်ငန်းများ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် အထွက်နှုန်းကျဆင်းခဲ့ရကြောင်း ဂါနာနိုင်ငံ၏ ကိုကိုးလုပ်ငန်းမှ တာဝန်ရှိသူများက ဇူလိုင် ၁၅ ရက်တွင် ပြောကြားခဲ့ကြောင်း ယနေ့ သတင်းများအရ သိရသည်။

နိုင်ငံအတွင်းတွင် မိုးကြာရှည်ရွာသွန်းမှုကြောင့် စိုက်ပျိုးသည့် အပင်များ နေရောင်ခြည်မလုံလောက်မှုများဖြစ်ကာ အထွက်နှုန်းလျော့ကျစေပြီး မှိုရောဂါများ ဖြစ်ပွားနိုင်ခြေတိုးမြင့်လာသည်ဟု ဂါနာလယ်သမားအသင်းက သတိပေးခဲ့ကြောင်း၊ မိုးသည်းထန်စွာရွာသွန်းမှုအပါအဝင် ရာသီဥတုဖောက်ပြန်မှုဖြစ်စဉ်များကို လျော့ပါးစေရေးဆောင်ရွက်ပေးရန် စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူများက နိုင်ငံအစိုးရကို တောင်းဆိုခဲ့ကြကြောင်း သိရသည်။

"နိုင်ငံတွင်း ကိုကိုးစိုက်ပျိုးတဲ့ ခရိုင် ၇၂ ခရိုင်ကို သွားရောက်လေ့လာခဲ့ပါတယ်။ ခရိုင်တော်တော်များများမှာ မိုးကြာရှည်ရွာသွန်းမှုကြောင့် စိုက်ပျိုးတဲ့အပင်တွေ နေရောင်ခြည်မလုံလောက်မှုများဖြစ်ကာ အထွက်နှုန်းလျော့ကျစေပြီး ကိုကိုးပင်တွေမှာ မှိုရောဂါတွေဖြစ်ပွားနေတာကို တွေ့ခဲ့ရပါတယ်။ အခြားစိုက်ခင်းတွေမှာလဲ အခုလိုအဖြစ်တွေကြောင့် အထွက်နှုန်းကျဆင်းနေပါတယ်။ ဒါဟာ စိုးရိမ်ဖွယ်ရာပါ"ဟု ဂါနာလယ်သမားအသင်းဥက္ကဋ္ဌ နာနာအိုဘာဒီဘွန်စုက ပြောကြားခဲ့သည်။

ယခုနှစ် ပထမနှစ်ဝက် ကိုကိုးရာသီတွင် ဂါနာနိုင်ငံသည် ကိုကိုးမက်ထရစ်တန်ချိန် ၆၅၀၀၀၀ သာ ထွက်ရှိနိုင်ဖွယ်ရှိကြောင်း ဂါနာနိုင်ငံ၏ ကိုကိုးလုပ်ငန်းက ထုတ်ပြန်ခဲ့ကြောင်း သိရသည်။

Ref : Russia Today
Trs : KZ

# နယူးဂျာစီပြည်နယ်တွင် မိုးသည်းထန်စွာရွာသွန်းကာ ဘူတာရုံများရေနစ်မြုပ်ပြီး ရေဘေးအန္တရာယ်ကြောင့် လူသေဆုံးမှုဖြစ်ပွား

**ဝါရှင်တန် ဇူလိုင် ၁၆**

အမေရိကန်နိုင်ငံ နယူးဂျာစီပြည်နယ်တွင် မိုးသည်းထန်စွာရွာသွန်းကာ ရထားဘူတာရုံများ ရေနစ်မြုပ်ပြီး ရေဘေးအန္တရာယ်ကြောင့် လူသေဆုံးမှုဖြစ်ပွားခဲ့ကြောင်း ပြည်နယ်အာဏာပိုင်များက ယနေ့တွင် ထုတ်ပြန်ခဲ့ကြောင်း သိရသည်။



နယူးဂျာစီပြည်နယ်တွင် ဇူလိုင် ၁၄ ရက်ညက အင်အားပြင်းမုန်တိုင်းတိုက်ခတ်ခဲ့ချိန်ကစပြီး မိုးသည်းထန်စွာရွာသွန်းကာ ရေကြီးရေလျှံမှုများဖြစ်ပေါ်ခဲ့ကြောင်း၊ ရေကြီးရေလျှံမှုကြောင့် မြေအောက်ရထားဘူတာရုံများရေနစ်မြုပ်ခဲ့ပြီး လူနေအိမ်ရှေ့နှင့် လမ်းပေါ်တွင် ရပ်နားထားသောကားများ ရေစီးနှင့်အတူ မျောပါသွားခဲ့ကြောင်း၊ ထို့ပြင် နယူးဂျာစီပြည်နယ်တွင် လူနှစ်ဦးသေဆုံးခဲ့ကြောင်း သိရသည်။

မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ဒေသတွင်းရှိလေဆိပ်များ၊ အဝေးပြေးလမ်းများနှင့် မီးရထားလမ်းများသွားလာမှု အခက်အခဲများဖြစ်ပေါ်ခဲ့ပြီး နယူးဂျာစီပြည်နယ်၏ လူနေထူထပ်သော မန်ဟတ်တန်မြို့၏ Central Park တွင်လည်း ရေလွှမ်းမိုးမှုဖြစ်ပေါ်ခဲ့ကြောင်း မန်ဟတ်တန်မြို့၏ မြို့တော်ဝန် အဲရစ်ခ်အဒမ်က ပြောကြားခဲ့သည်။

မြေအောက်ရထားဘူတာရုံ ရေနစ်မြုပ်ခဲ့သဖြင့် မြေအောက်ရထားစနစ်များ ချို့ယွင်းခဲ့ကြောင်း၊ ရေနုတ်မြောင်းစနစ်များတွင် ရေပိုက်ဆို့မှုကြောင့် ရေကြီးရေလျှံမှု ပိုမိုဆိုးရွားလာခဲ့ကြောင်း မြို့တော်၏ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာကော်မရှင်နာရီဟာစ်အဂ္ဂါဝါလာက ဇူလိုင် ၁၅ ရက်တွင် ပြောကြားခဲ့သည်။

ဇူလိုင် ၁၅ ရက်တွင် ရေဘေးအန္တရာယ် အရေးပေါ်အခြေအနေ ကြေညာခဲ့ပြီး ယနေ့တွင် လူနှစ်ဦး သေဆုံးခဲ့ခြင်းဖြစ်ပြီး သေဆုံးသူအလောင်းများကို ရေမြုပ်နေသောကားထဲတွင် တွေ့ရှိခဲ့ခြင်းဖြစ်ကြောင်း၊ မျောပါသွားသည့်ကားများစွာရှိသဖြင့် သေဆုံးသူအရေအတွက်တိုးလာမည်ကို စိုးရိမ်နေကြောင်း နယူးဂျာစီပြည်နယ် အုပ်ချုပ်ရေးမှူး ဖီလ်မာဖီက ပြောကြားခဲ့သည်။

Ref : Sputnik News
Trs : KZ

# ကူဝိတ်နိုင်ငံတွင် အပူလှိုင်းဖြတ်သန်းကာ စံချိန်တင်အပူချိန်မြင့်တက်မှုဖြစ်ပေါ်နေ

**ကူဝိတ် ဇူလိုင် ၁၆**

ကူဝိတ်နိုင်ငံတွင် ဇူလိုင် ၁၅ ရက်တွင် အပူလှိုင်းဖြတ်သန်းခဲ့ပြီး စံချိန်တင်အပူချိန်မြင့်တက်မှုဖြစ်ပေါ်နေကြောင်း ကူဝိတ်မိုးလေဝသညွှန်ကြားရေး ဦးစီးဌာနက ထုတ်ပြန်ခဲ့သည်ဟု ယနေ့ သတင်းများတွင် ဖော်ပြထားသည်။

အပူချိန်ပမာဏမှာ ၅၁ ဒီဂရီစင်တီဂရိတ်ထိ ရောက်ရှိနေပြီး သက်တမ်းတစ်လျှောက် အမြင့်ဆုံးသောအပူချိန်ဖြစ်ကြောင်း၊ အပူချိန်မြင့်တက်မှုနှင့်အတူ လေထုညစ်ညမ်းမှုလည်း ဖြစ်ပေါ်နေပြီး မီးခိုးငွေ့များပျံ့နှံ့ကာ မြင်ကွင်းမရှင်းသည့်အခြေအနေမျိုး ရောက်ရှိနေကြောင်း၊ ကူဝိတ်နိုင်ငံ သက်တမ်းတစ်လျှောက် အမြင့်ဆုံးအပူချိန်ပမာဏတစ်ရပ်ဖြစ်ပြီး အပူချိန်အမြင့်ဆုံးအခြေအနေဖြင့် ရင်ဆိုင်နေရသည့် ဒေသများမှာ ဂျာဟ်ရာမြို့၊ အက်ဘ်ဒါလေမြို့နှင့် ကူဝိတ် အပြည်ပြည်ဆိုင်ရာ လေဆိပ်ပတ်ဝန်းကျင်ဖြစ်ကြောင်း သိရသည်။

"အပူလှိုင်းတွေ ဖြတ်သန်းနေပြီးတော့ အပူချိန်တွေစံချိန်တင် မြင့်တက်နေပါတယ်။ ကူဝိတ်နိုင်ငံရဲ့ သက်တမ်းတစ်လျှောက် အမြင့်ဆုံးအပူချိန်ဖြစ်ပြီးတော့ အပူချိန်ပမာဏဟာ ၅၁ ဒီဂရီစင်တီဂရိတ်ထိ မြင့်တက်နေပါတယ်။ အပူချိန်မြင့်တက်မှုနဲ့အတူလေထုညစ်ညမ်းမှုတွေဖြစ်ပေါ်နေပါတယ်။ မီးခိုးငွေ့တွေလဲ ပျံ့လွင့်နေပြီးတော့ မြင်ကွင်းမရှင်းတဲ့ အခြေအနေမျိုးဖြစ်နေတယ်။ ဖြစ်ပေါ်နေတဲ့ အပူချိန်ပမာဏဟာကျန်းမာရေးလုံခြုံမှုကိုထိခိုက်စေနိုင်တဲ့ ပမာဏဖြစ်ပါတယ်။ ဒီကာလအတွင်း အပူအအေးမျှတတဲ့ နေရာတွေမှာနေထိုင်တာ ကျန်းမာရေးအတွက် အကောင်းဆုံးဖြစ်လိမ့်မယ်။ လေထုညစ်ညမ်းမှုတွေလဲ ဖြစ်ပေါ်နေတဲ့အတွက် အပြင်ထွက်ရင်လဲ နှာခေါင်းစည်းတွေတပ်ဖို့ သတိပေးလိုပါတယ်"ဟု ကူဝိတ်မိုးလေဝသ ညွှန်ကြားရေးဦးစီးဌာန၏ ဒါရိုက်တာဖြစ်သူ ဒါရာအယ်အလီက ပြောကြားခဲ့သည်။

Ref : Sputnik News
Trs : Sai Sat

## လျှောင်လှူပ်ပြီးနောက် ပြုလုပ်ရန်အချက်များ


၁။ မိမိ၏ မိသားစုဝင်များကို စစ်ဆေးပါ။ မိသားစုဝင်များပျောက်ဆုံးသွားပါက သက်ဆိုင်ရာသို့အကြောင်းကြားပါ။




၂။ ထိခိုက်ဒဏ်ရာရရှိသူများကို စစ်ဆေးပြီး လိုအပ်သော အကူအညီများပေးပါ။



၃။ သက်ဆိုင်ရာအစိုးရဌာနမှ ထုတ်ပြန်ကြေညာသော သတင်းများကို စဉ်ဆက်မပြတ် နားထောင်ပြီး အကြံပြုချက်များကို လိုက်နာပါ။ အခြားသူများကိုမျှဝေပါ။ ကောလာဟလ သတင်းများကို မယုံပါနှင့်။



၄။ မိမိအိမ်နှင့် ပတ်ဝန်းကျင်ရှိ လျှပ်စစ်ပစ္စည်းများ ပျက်စီးမှုများ အားလုံးကို ပြန်လည် စစ်ဆေးပါ။



၅။ အင်အားကြီးမားသည့် ငလျင်လှုပ်ပြီးတိုင်း နောက်ဆက်တွဲငလျင်များလှုပ်တတ်ကြောင်း သတိပြုပါ။

၆။ နောက်ဆက်တွဲဘေးအန္တရာယ်(မီးဘေး၊ ဆူနာမီ၊ ရေကြီးခြင်း၊ မြေပြိုခြင်း)များကိုအထူးသတိပြုပါ။

# ဒေသတွင်းနိုင်ငံများအတွက်လုံခြုံရေးဆိုင်ရာအကူအညီများ ပိုမိုတိုးမြှင့်ပေးအပ်လာသော ဂျပန်နိုင်ငံ

မောင်စိန်အိ(နဘဲမြေ)

ဂျပန်နိုင်ငံသည် အင်ဒို-ပစိဖိတ်ဒေသရှိ မဟာဗျူဟာမြောက်တည်ရှိနေသော နိုင်ငံများကို လုံခြုံရေးဆိုင်ရာအကူအညီများ ပိုမိုတိုးမြှင့်ပေးအပ်လာခြင်းသည် ဒေသတွင်း၌ ၎င်း၏လုံခြုံရေးအခန်းကဏ္ဍတာဝန်ယူမှုကို ထင်ဟပ်စေလျက်ရှိသည့်အပြင် အမေရိကန်နှင့်တရုတ်တို့ကြား ပိတ်မိနေသည့် နိုင်ငံများကို ပိုမိုပံ့ပိုးသွားလိုသည့် ထက်သန်သောဆန္ဒကို ထင်ဟပ်ပေါ်လွင်စေလျက်ရှိသည်။

လုံခြုံရေးဆိုင်ရာ တရားဝင်အကူအညီ (OSA) အစီအစဉ်အရပေးအပ်သည့် အကူအညီသည် တဖြည်းဖြည်းတိုးတက်လာလျက်ရှိသည်။ ၂၀၂၃ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၁၃ ဒသမ ၈ သန်းရှိခဲ့ရာမှ ၂၀၂၄ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၃၄ ဒသမ ၆ သန်းရှိလာခဲ့ပြီး ဧပြီလတွင် စတင်ခဲ့သည့် ၂၀၂၅ ခုနှစ်ဘဏ္ဍာရေးနှစ်၌ အမေရိကန်ဒေါ်လာ ၅၆ သန်းခန့်ရှိလာပြီဖြစ်သည်။

အကူအညီရရှိသည့် နိုင်ငံအရေအတွက်သည်လည်းအစောပိုင်းတွင် လေးနိုင်ငံစီရှိခဲ့ရာမှ ယခုလက်ရှိအချိန်တွင် ရှစ်နိုင်ငံထိတိုးတက်လာပြီး အကူအညီတိုးမြှင့်ရေးဆွေးနွေးမှုများ လုပ်ဆောင်လျက်ရှိကြောင်း ဇူလိုင်လအတွင်း၌ ဂျပန်သတင်းမီဒီယာများက ဖော်ပြသွားခဲ့သည်။ အကူအညီရရှိမည့် နိုင်ငံများသည် အင်ဒိုနီးရှား၊ မလေးရှား၊ ဖိလစ်ပိုင်၊ ပါပူဝါနယူးဂီနီ၊ သီရိလင်္ကာ၊ ထိုင်း၊ တီမောလက်စတီ၊ တွန်ဂါနိုင်ငံတို့ ဖြစ်ကြသည်။

ဂျပန်နိုင်ငံသည် ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ တရားဝင်ပံ့ပိုးမှုများမှတစ်ဆင့် လုံခြုံရေးနှင့်ဆက်နွှယ်သောအရင်းအမြစ်များကို ပံ့ပိုးကူညီလျက်ရှိသော်လည်း ၎င်းအစီအစဉ်သည် စီးပွားရေးနှင့် လူမှုရေးဖွံ့ဖြိုးတိုးတက်မှုအတွက် တရားဝင်အကူအညီဖြစ်ပြီး စစ်ရေးမဟုတ်သော အကူအညီကိုသာ အလေးထားလုပ်ဆောင်ခဲ့သည်။ ဂျပန်နိုင်ငံအနေဖြင့် ပြည်ပတပ်မတော်များကို တိုက်ရိုက်အကူအညီများပေးအပ်လေ့မရှိပေ။

ဂျပန်နိုင်ငံခြားရေးဝန်ကြီးဌာန၏ လုံခြုံရေးဆိုင်ရာတရားဝင်အကူအညီ (OSA) သည် စိတ်တူကိုယ်တူနိုင်ငံများ၏ တပ်မတော်များနှင့်ဆက်နွှယ်အဖွဲ့အစည်းများကို လုံခြုံရေးနှင့်ဟန့်တားမှုစွမ်းဆောင်ရည်များခိုင်မာအားကောင်းလာစေရန် စစ်အသုံးအဆောင်များ၊ ပံ့ပိုးရေးပစ္စည်းများနှင့် အခြေခံအဆောက်အအုံများကူညီသွားရန် ရည်ရွယ်ထားကြောင်း၊ OSA စီမံကိန်းများသည် နိုင်ငံတကာပဋိပက္ခနှင့် တိုက်ရိုက်ဆက်စပ်သည့်နေရာများကို ကူညီမှုများကန့်သတ်ထားကြောင်း ဖော်ပြထားသည်။ ဂျပန်နိုင်ငံ၏ ၂၀၂၂ ခုနှစ် အမျိုးသားလုံခြုံရေးမဟာဗျူဟာတွင် OSA ကို ဖော်ပြခဲ့ပြီး ထိုစဉ်က ဒုံးကျည်တန်ပြန် တိုက်ခိုက်ရေးစွမ်းဆောင်ရည်ကိုသာ အာရုံစိုက်မှုမြင့်တက်ခဲ့သည်။

မဟာဗျူဟာလေ့လာရေးဆိုင်ရာ နိုင်ငံတကာအဖွဲ့အစည်း၌ ဂျပန်နိုင်ငံမှ သဘာပတိဖြစ်သူ ရောဘတ်ဝပ်က OSA သည် ဂျပန်နိုင်ငံအတွက် အရေးပါသော အပြောင်းအလဲဖြစ်ကြောင်း၊ တရားဝင်အကူအညီသည် လုံခြုံရေးပြဿနာများနှင့်ဆက်နွှယ်နေကြောင်း၊ ဂျပန်နိုင်ငံအနေဖြင့် ကမ်းခြေစောင့်တပ်ဖွဲ့များကို ကူညီရန် စိတ်အားထက်သန်နေကြောင်း၊ ဒေသတွင်းတရားဥပဒေစိုးမိုးမှု ထိန်းသိမ်းရေးနှင့်သက်ဆိုင်ကြောင်း၊ OSA သည် ဂျပန်နိုင်ငံ၏ နိုင်ငံခြားရေးမူဝါဒတွင် ပိုမိုကျယ်ပြန့်သော ပြောင်းလဲမှု၏ အရေးပါသော သာဓကတစ်ရပ်ပင်ဖြစ်ကြောင်း မေလ ၃၁ ရက်တွင် ပြုလုပ်ခဲ့သည့် ရှန်ဂရီလာဆွေးနွေးပွဲ၌ ပြောကြားသွားခဲ့သည်။

**နိုင်ငံများရွေးချယ်ခြင်း**

OSA သည် အကူအညီလက်ခံမည့်နိုင်ငံများ၏ ရေပိုင်နက်နှင့် ဝေဟင်စောင့်ကြပ်မှုအရည်အသွေး တိုးတက်လာရေးနှင့်စပ်လျဉ်း၍ အလေးထားလုပ်ဆောင်လျက်ရှိသည်။ ၂၀၂၃ ခုနှစ်တွင် ဂျပန်နိုင်ငံသည် ဖီဂျီနှင့်ဘင်္ဂလားဒေ့ရှ်ရေတပ်များအတွက် ကင်းလှည့်ရေယာဉ်များ၊ မလေးရှားစစ်ဘက်အတွက် ကယ်ဆယ်ရေးရေယာဉ်များနှင့် ဖိလစ်ပိုင်တပ်မတော်အတွက် ကမ်းခြေစောင့်ရေဒါများ ဝယ်ယူပံ့ပိုးပေးခဲ့သည်။ OSA စီမံကိန်းများသည် ၂၀၂၄ ခုနှစ်တွင် ကူညီမှုတန်ဖိုးနှင့်နယ်ပယ်တို့ကို တိုးချဲ့ခဲ့ပြီး အင်ဒိုနီးရှားရေတပ်အတွက် မြန်နှုန်းမြင့်ကင်းလှည့်ရေယာဉ်၊ ဂျီဘူတီရေတပ်အတွက် ကမ်းခြေစောင့်ရေဒါများ၊ မွန်ဂိုလီးယားလေတပ်အတွက် လေကြောင်း ထိန်းချုပ်စနစ်များ၊ ဖိလစ်ပိုင်ရေတပ်အတွက် မြန်နှုန်းမြင့်စစ်ရေယာဉ်နှင့် ကမ်းခြေစောင့်ရေဒါများ



ဂျပန်ကမ်းခြေစောင့်တပ်ရေယာဉ် PL 42 ကို တွေ့ရစဉ်။

ပံ့ပိုးပေးခဲ့သည့်အပြင် ဖိလစ်ပိုင်လေတပ်သို့လည်း ဝေဟင်စောင့်ကြည့် ရေဒါတစ်စုံရောင်းချခဲ့သည်။

ဂျပန်နိုင်ငံ၏ ကိုဘေးမြို့တက္ကသိုလ်၏ အရှေ့တောင်အာရှလုံခြုံရေးဆိုင်ရာ ကျွမ်းကျင်ပညာရှင် ဆာဘာကီဘာက ထောက်လှမ်း၊ စောင့်ကြည့်၊ ကင်းထောက် စွမ်းဆောင်ရည်များအပြင် လူသားချင်းစာနာထောက်ထားမှုနှင့် သဘာဝဘေးကယ်ဆယ်ရေးတို့အပါအဝင် ဦးစားပေးနယ်ပယ်တချို့လည်းရှိနေကြောင်း၊ OSA သည်လှုပ်ရှားဆောင်ရွက်မှု မဟုတ်ဘဲ စွမ်းဆောင်ရည်သာ တည်ဆောက်နေခြင်းဖြစ်ကြောင်းပြောကြားသွားခဲ့သည်။

OSA အကူအညီများကို တဖြည်းဖြည်းချင်းသာလုပ်ဆောင်လျက်ရှိသော်လည်း ဂျပန်တာဝန်ရှိသူများကမူ တခြားနိုင်ငံများ၏ လိုအပ်ချက်များဖြည့်ဆည်းနိုင်ရေးအတွက် တိုးမြှင့်ကူညီသွားနိုင်ရန် မျှော်မှန်းထားရှိသည်။ တချို့နိုင်ငံများကမူ OSA ကို အနာဂတ်လက်နက်ရောင်းချမှု စာချုပ်များ၏ ခြေလှမ်းတစ်ရပ်အဖြစ်လည်း ရှုမြင်ထားရှိသည်။ အကူအညီလက်ခံသည့်နိုင်ငံများအနေဖြင့် ဂျပန်စစ်လက်နက်ပစ္စည်းများကို စမ်းသပ်အသုံးပြုပြီး ကြိုက်နှစ်သက်မှုရှိလျှင် ဈေးနှုန်းပိုမိုမြင့်မားသော ပစ္စည်းများကို ထပ်မံဝယ်ယူနိုင်မည်ဖြစ်သည်။ OSA သည်အကူအညီလက်ခံသည့်နိုင်ငံများ၏ စစ်ဘက်စွမ်းဆောင်ရည်များ တိုးမြှင့်ပေးခြင်းအားဖြင့် ပင်လယ်ပြင်၌ လွတ်လပ်စွာ ရေကြောင်းသွားလာခွင့်အပါအဝင် လုံခြုံရေးယိုယွင်းလာသော ပတ်ဝန်းကျင်တည်ငြိမ်မှု၊ တရားဥပဒေစိုးမိုးမှုတို့ကို အထောက်အကူပြုစေမည်ဖြစ်သည့်အတွက် ဂျပန်နိုင်ငံ၏ အကျိုးစီးပွားများကို မြှင့်တင်ပေးနိုင်မည်ဖြစ်သည်။

၂၀၂၃ ခုနှစ်နှောင်ပိုင်းတွင် OSA အကူအညီများကို ပထမဆုံးကြေညာသည့်အချိန်၌ နိုင်ငံခြားရေးဝန်ကြီးဌာနက အကူအညီလက်ခံမည့်နိုင်ငံများအနေဖြင့် အရေးပါသော ပင်လယ်ရေကြောင်းလမ်းများစောင့်ကြည့်ရေးအတွက် တာဝန်ရှိကြောင်းနှင့် အကူအညီသည် ပင်လယ်ရေကြောင်းလုံခြုံရေးထိန်းသိမ်းမှုနှင့် ခိုင်မာအားကောင်းရေးတို့တွင် အထောက်အကူပြုရန် ရည်ရွယ်ထားရှိကြောင်းပြောကြားခဲ့ပြီး၂၀၂၄ ခုနှစ်အကူအညီကြေညာသည့်အချိန်၌ အကူအညီလက်ခံသည့်နိုင်ငံများ၏ လုံခြုံရေးနှင့်ဟန့်တားမှု စွမ်းဆောင်ရည်များမြှင့်တင်ခြင်းသည် ဂျပန်နိုင်ငံနှင့်လုံခြုံရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုကို ခိုင်မာအားကောင်းစေမည်ဖြစ်ပြီး ဂျပန်နိုင်ငံအတွက် ဆန္ဒရှိသောလုံခြုံရေးပတ်ဝန်းကျင်ကို ထူထောင်နိုင်မည်ဖြစ်ကြောင်း ပြောကြားသွားခဲ့သည်။

ဂျပန်နိုင်ငံအနေဖြင့် အမေရိကန်နှင့်တရုတ်နိုင်ငံတို့နှင့် ဆက်ဆံရေးဟန်ချက်ထိန်းညှိလိုသော နိုင်ငံများအတွက်လည်း ရွေးချယ်စရာအခွင့်အလမ်းကမ်းလှမ်းသွားလိုသော ဆန္ဒရှိနေသည်။ ဂျပန်နိုင်ငံအနေဖြင့် အမေရိကန်နိုင်ငံ၏ တရားဝင်မဟာမိတ်ဖြစ်သော်လည်း တရုတ်နိုင်ငံနှင့် ခပ်ကင်းကင်းမနေဘဲ အမေရိကန်နှင့်ဆက်ဆံရေးကို ဆက်လက်ထိန်းသိမ်းထားလိုသည်။ ထို့ကြောင့် တရုတ်နှင့် အမေရိကန်ကိုရွေးချယ်ရန် အခက်အခဲဖြစ်နေသော နိုင်ငံများကို ကူညီသွားရန် ကမ်းလှမ်းခြင်းပင်ဖြစ်သည်။

သာဓကအနေဖြင့် ဂျီဘူတီ၊ ဖီဂျီနှင့် ပစိဖိတ်ကျွန်းနိုင်ငံများသည် အရေးပါသော ပင်လယ်ရေလမ်းကြောင်းများအနီးတွင် တည်ရှိသောကြောင့် အမေရိကန်၊ တရုတ်နှင့် ၎င်းတို့၏မဟာမိတ်များက စည်းရုံးသိမ်းသွင်းခြင်းကို ခံနေကြရသည်။ သီရိလင်္ကာအနေဖြင့်လည်း အလားတူအခြေအနေရှိသော်လည်း ဂျပန်အနေဖြင့်မူ အရှေ့တောင်အာရှကို ပိုမိုစိတ်ဝင်စားလျက်ရှိသည်။ ၎င်းဒေသသည် စီးပွားရေးတိုးတက်နေပြီး အရေးပါသော ပင်လယ်ရေကြောင်းလမ်းများလည်းရှိသောကြောင့် အမေရိကန်-တရုတ်ယှဉ်ပြိုင်မှုမှ ထွက်ပေါ်လာသော စိန်ခေါ်မှုများကို ရင်ဆိုင်ရလျက်ရှိသည်။

အရှေ့တောင်အာရှနိုင်ငံများအသင်း (ASEAN) သည် မဟာဗျူဟာမြောက် အရေးပါလျက်ရှိသောကြောင့် တရုတ်နိုင်ငံကို ပူးပေါင်းဆောင်ရွက်နိုင်ပြီး အာဆီယံကိုလည်း တိုးတက်စေမည်ဟု ဂျပန်နိုင်ငံက မျှော်မှန်းထားရှိသည်။ ဂျပန်နိုင်ငံသည် အာဆီယံနှင့်နက်ရှိုင်းသော စီးပွားရေးဆိုင်ရာ ဆက်ဆံရေးရှိပြီးအဖွဲ့ဝင် ၁၀ နိုင်ငံကလည်း ယုံကြည်မှုရှိနေသည်။ ၂၀၂၅ ခုနှစ် အရှေ့တောင်အာရှစစ်တမ်း၌ ဂျပန်နိုင်ငံသည် ၎င်းတို့၏ယုံကြည်ရသော အဓိကအင်အားကြီးနိုင်ငံဖြစ်ပြီး တရုတ်နှင့်အမေရိကန်တို့ပြီးလျှင် အရေးပါသည့် တတိယမြောက်ဆွေးနွေးဘက်နိုင်ငံဖြစ်ကြောင်း အာဆီယံကတုံ့ပြန်ထားသည်။

**အရေးပါသောမိတ်ဖက်**

ယခုနှစ် မေလနှောင်းပိုင်း၌ ဖီဂျီနိုင်ငံသည် OSA အစီအစဉ်မှတစ်ဆင့် ဂျပန်နိုင်ငံထံမှ ရေအောက်မှတ်တမ်းတင်ကိရိယာ၊ ကယ်ဆယ်ရေးရေယာဉ်နှင့် ကယ်ဆယ်ရေးဆိုင်ရာ လေ့ကျင့်သင်တန်းပေးမှုကို ရရှိခဲ့သည့် ပထမဆုံးနိုင်ငံဖြစ်လာခဲ့သည်။ OSA အစီအစဉ်ကို အရှိန်အဟုန်ဖြင့် လုပ်ဆောင်လျက်ရှိသော်လည်း ကန့်သတ်ချက်များရှိနေဆဲဖြစ်ပြီး ၎င်းအစီအစဉ်သည် ကာကွယ်ရေးပစ္စည်းနှင့် နည်းပညာလွှဲပြောင်းမှုဆိုင်ရာ မူဝါဒသုံးရပ်ကိုလိုက်နာဆောင်ရွက်ရသည်။ ၎င်းမူဝါဒများကို ဖြေလျှော့လာသည့်တိုင်အောင် ဂျပန်နိုင်ငံသည် သေစေနိုင်သောလက်နက်များလွှဲပြောင်းပေးခြင်းကို ကန့်သတ်ထိန်းချုပ်ထားဆဲပင်ဖြစ်သည်။

OSA သည် ပံ့ပိုးကူညီသွားမည့် ပစ္စည်းတန်ဖိုးနှင့်ခေတ်မီဆန်းသစ်မှုကိုလည်း ကန့်သတ်ထားဆဲပင်ဖြစ်သည်။ လက်ရှိအချိန်ထိ ခွင့်ပြုထားသော အမေရိကန်ဒေါ်လာ ၁၀၄ သန်းသည် ဂျပန် Mogami အတန်းအစားဖရီးဂိတ်များ ကုန်ကျစရိတ်၏ ထက်ဝက်ခန့်သာရှိသည်။ ဂျပန်ခေါင်းဆောင်များသည် ပြည်ပတွင်စစ်ရေးဆိုင်ရာ လှုပ်ရှားမှုများကိုလည်း ထိန်းထိန်းသိမ်းသိမ်းဆောင်ရွက်လျက်ရှိပြီး လုံခြုံရေးနှင့်ဆိုင်သော ကိစ္စများတွင်သာ ဆောင်ရွက်လျက်ရှိသည်။ သို့သော် တရုတ်နိုင်ငံကမူ ဂျပန်နိုင်ငံ၏ OSA အစီအစဉ်အားစစ်ပုံသွင်းခြင်းအဖြစ် ရှုမြင်ထားပြီး ပြည်ပနိုင်ငံများကို စစ်လက်နက်တပ်ဆင်ခြင်းသည် ဂျပန်နိုင်ငံ၏ လွှမ်းမိုးမှုမြှင့်တင်ရန် ရည်ရွယ်ထားကာ တရုတ်နိုင်ငံကို ထိန်းချုပ်ရေး အမေရိကန်၏ ကြိုးပမ်းမှုတွင် အကူအညီပေးရန်ဖြစ်ကြောင်း ပြောဆိုလျက်ရှိသည်။

ပါပူဝါနယူးဂီနီကာကွယ်ရေးဝန်ကြီး ဘီလီဂျိုးဇက်ကမူဂျပန်နိုင်ငံသည် မိမိတို့နိုင်ငံအတွက် လွန်စွာအရေးပါသော မိတ်ဖက်နိုင်ငံဖြစ်ကြောင်း၊ ကုန်သွယ်မှုနှင့်ဆက်ဆံမှုများစွာ လုပ်ဆောင်ထားကြောင်း၊ တိုင်းပြည်အတွင်းရှိ အခြေခံအဆောက်အအုံအများစုကို ဂျပန်နိုင်ငံက တည်ဆောက်ပေးထားကြောင်း၊ ဂျပန်နိုင်ငံသည် မိမိတို့နိုင်ငံကာကွယ်ရေးစွမ်းဆောင်ရည်မြှင့်တင်ရန်လည်း လုပ်ဆောင်ပေးလျက်ရှိကြောင်း ပြောကြားသွားခဲ့သည်။

ဂျပန်ဝန်ကြီးချုပ် ရှီဂဲရုအီရှီဘာသည် တာဝန်စတင်ထမ်းဆောင်စဉ်ကတည်းက လာအို၊ မလေးရှား၊ အင်ဒိုနီးရှား၊ ဗီယက်နမ်နှင့် ဖိလစ်ပိုင်နိုင်ငံများသို့ သွားရောက်လည်ပတ်ခဲ့ပြီး ထိတွေ့ဆက်ဆံမှုများ လုပ်ဆောင်လျက်ရှိသည်။ အထူးသဖြင့် ဂျပန်နိုင်ငံသည် တရုတ်နှင့်အမေရိကန် ပြိုင်ဆိုင်မှုကြားတွင် ပိတ်မိနေသော နိုင်ငံများတွင် OSA အစီအစဉ်မှတစ်ဆင့်စစ်ရေးဆိုင်ရာ လှုပ်ရှားမှုများ ပိုမိုလုပ်ဆောင်လာနိုင်ပေသည်။

**ကိုးကား**

– **Japan Steps Up New Security Assistance to Countries Caught Between US and China by The Diplomat.**

# စစ်ကိုင်းခရိုင်တွင် မိုးကြိုပဲတီစိမ်း ဧကအားလုံးရိတ်သိမ်းပြီးစီး တစ်ဧကလျှင် ၁၉ တင်းကျော်ထွက်ရှိ



**စစ်ကိုင်း ဇူလိုင် ၁၆**

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင်တွင် ယခုနှစ် မိုးကြိုကာလ၌ စိုက်ပျိုးထားသော ပဲတီစိမ်းဧကအားလုံး ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း စစ်ကိုင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ် စစ်ကိုင်းခရိုင်တွင် မိုးကြိုကာလ၌ ပဲတီစိမ်း ၃၉၇၁ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါ စိုက်ပျိုးထားသော ပဲတီစိမ်းစိုက်ခင်းများကို ဇွန်လပထမပတ်မှ စတင်ရိတ်သိမ်းခဲ့ရာ ယနေ့တွင် ဧကအားလုံးရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီး တစ်ဧကလျှင် ၁၉ တင်းကျော် ထွက်ရှိခဲ့ကြောင်း သိရသည်။

" ဒီနှစ် စစ်ကိုင်းခရိုင်မှာ ပဲတီစိမ်း ၃၉၇၁ ဧက စိုက်ပျိုးနိုင်ခဲ့ပါတယ်။ အဲဒီစိုက်ပျိုးထားတဲ့ ပဲတီစိမ်းစိုက်ခင်းတွေ အခုလက်ရှိအချိန်မှာတော့ ဧကအားလုံး ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ ပဲတီစိမ်းစိုက်ပျိုးမှုနဲ့ ပတ်သက်ပြီး တိုးချဲ့စိုက်ပျိုးဖို့ ပညာပေးခဲ့ပါတယ်။ အထွက်နှုန်း ကောင်းမွန်ဖို့အတွက် မျိုးကောင်းမျိုးသန့်တွေ သုံးစွဲဖို့ပညာပေးခဲ့ပါတယ်"ဟု စစ်ကိုင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်သီတာလွင်က ပြောပြသည်။

ယခုနှစ် စစ်ကိုင်းခရိုင်တွင် မြို့နယ်အလိုက် ပဲတီစိမ်းရိတ်သိမ်းပြီးစီးမှုအနေဖြင့် စစ်ကိုင်းမြို့နယ်တွင် ၃၃၈ ဧက၊ မြင်းမူမြို့နယ်တွင် ၈၁၈ ဧက၊ မြောင်မြို့နယ်တွင် ၂၈၁၅ ဧက စုစုပေါင်း ၃၉၇၁ ဧက တို့ဖြစ်ကြောင်း သိရသည်။

စစ်ကိုင်းခရိုင်တွင် ပဲတီစိမ်း စိုက်တောင်သူများကို သက်ဆိုင်ရာ မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန အနေဖြင့် ဒေသနှင့်ကိုက်ညီသည့် မျိုးကောင်းမျိုးသန့်ရရှိရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားကျရောက်မှုကင်းရှင်းရေး၊ ဓာတ်မြေဩဇာ စနစ်တကျသုံးစွဲရေး၊ အထွက်နှုန်း ကောင်းမွန်ရေးတို့ကို အသိပညာပေး ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲမျိုးစုံသီးနှံစိုက်ပျိုးရာတွင် ပဲတီစိမ်းအထွက်နှုန်းနှင့် အရည်အသွေး ကောင်းမွန်ရေးအတွက် လိုအပ်သည့် မျိုးကောင်းမျိုးသန့်များ၊ သွင်းအားစုများ၊ ရိတ်သိမ်းချိန်လွန် နည်းပညာပေးခြင်းတို့ကို တောင်သူများနှင့် ပူးပေါင်းပြီး ဆောင်ရွက် ပေးခဲ့ကြောင်း သိရသည်။

ပဲတီစိမ်းကို အထွက်နှုန်း တိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားသုံးမှု ဖူလုံစေရုံမျှမက ပိုလျှံမှုကို ရောင်းချနိုင်မည်ဖြစ်ပြီး ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်သောကြောင့် ပဲတီစိမ်းကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းသင့်ကြောင်း ခရိုင်ဦးစီးမှူး ဒေါ်သီတာလွင်က ပြောပြ၍ သိရသည်။ (၂၀၆)

# ဒေးဒရဲမြို့နယ်တွင် မျှင်ငါးပိများ အရောင်းအဝယ်ကောင်းမွန်နေ

**ဒေးဒရဲ ဇူလိုင် ၁၆**

ဧရာဝတီတိုင်းဒေသကြီး ဒေးဒရဲမြို့နယ်မှ ဒေသထွက် မျှင်ငါးပိများ အရောင်းအဝယ် ကောင်းမွန်နေကြောင်း ဒေးဒရဲမြို့နယ် ငါးပိ၊ ငါးခြောက် ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ငွေငွေအေးက ပြောပြသည်။

ဒေးဒရဲမြို့နယ်တွင် ဒေသထွက် မျှင်ငါးပိများ ဇူလိုင်လ ဒုတိယအပတ်မှ ယနေ့အထိ ဝယ်ယူမှု ကောင်းမွန်လာသဖြင့် အရောင်းအဝယ် ကောင်းမွန်နေကြောင်း၊ အဆိုပါဒေသထွက် မျှင်ငါးပိများ တစ်ရက်လျှင် ပိဿာချိန် ၅၀၀၀ မှ ၇၀၀၀ ထိ အရောင်းအဝယ် ကောင်းမွန်နေကြောင်း သိရသည်။

"လက်ရှိ မျှင်ငါးပိတွေက ဒေသတွင်းမှာကို အရောင်းအဝယ်ကောင်းနေတာပါ။ မျှင်ငါးပိ တစ်ပိဿာလျှင် ငွေကျပ် ၂၅၀၀၀ ထိ ဈေးပေါက်နေပါတယ်။ ဒေသထွက် မျှင်ငါးပိတွေကို ဒေသဈေးကွက်အပြင် ဖျာပုံဘက်နဲ့ အခြားဒေသတွေက ဝယ်ယူတာများနေလို့ အရောင်းအဝယ်ကောင်းနေတာပါ။ ဒီဘက်က မျှင်ငါးပိအရောင်းအဝယ် သမားတွေက ဒေသထွက် မျှင်ငါးပိတွေကို မှာယူတဲ့ ဒေသအထိ လိုက်လံပို့ပေးတာပါ။ ဒေသထွက် မျှင်ငါးပိတွေကို အရောင်းအဝယ်လုပ်ရတာ အခက်အခဲမရှိပါဘူး"ဟု ဒေးဒရဲမြို့နယ် ငါးပိ၊ ငါးခြောက် ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ငွေငွေအေးက ပြောပြသည်။

ဒေးဒရဲမြို့နယ်တွင် မျှင်ငါးပိရောင်းဝယ်ရေး လုပ်ငန်းလုပ်ကိုင်သူများက ဒေသထွက်မျှင်ငါးပိများကို အခြားဒေသများသို့ တင်ပို့ရောင်းချနေကြောင်း၊ အဆိုပါ မျှင်ငါးပိများအရောင်းအဝယ် ကောင်းလာသည့်အတွက် မျှင်ငါးပိရောင်းဝယ်ရေး လုပ်ငန်းလုပ်ကိုင်သူများ၊ ကုန်သည်များ၊ ပွဲရုံပိုင်ရှင်များ၊ ရေလုပ်သားများ၊ ကုန်တင်ကုန်ချ လုပ်သားများ၊ ကုန်တင်ယာဉ်အငှားလိုက်သူများ အလုပ်အကိုင် အခွင့်အလမ်းများ အဆင်ပြေ လျက်ရှိကြောင်း ဒေးဒရဲမြို့နယ် ငါးပိ၊ ငါးခြောက် ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ငွေငွေအေးက ဆက်လက်ပြောပြ၍ သိရသည်။

**ကျော်ကျော်လင်း**






❖ ပြည်ပပို့ကုန်တိုးတက်တင်ပို့နိုင်ရေးအတွက် မိမိတို့နိုင်ငံမှ ထုတ်လုပ်သည့် ထုတ်ကုန်ပစ္စည်းများသည် အရည်အသွေးကောင်းမွန်ပြီး ဈေးနှုန်းသင့်တင့်ရန်နှင့် ဈေးကွက်လိုအပ်ချက်နှင့်ကိုက်ညီသည့် ထုတ်ကုန်ဖြစ်ရန်လို...

❖ နိုင်ငံတော်မှ အရင်းအနှီးဖြင့် လုပ်ငန်းများဆောင်ရွက်ရာတွင် စည်းမျဉ်းစည်းကမ်းများရှိသည်ဖြစ်သဖြင့် တစ်ဦးချင်းမဟုတ်ဘဲ စုပေါင်းသမဝါယမစနစ်ဖြင့်လည်း ဆောင်ရွက်၍ရနိုင်...

❖ ထို့ကြောင့် သက်ဆိုင်ရာဝန်ကြီးဌာနများဆွေးနွေး၍ စုပေါင်းသမဝါယမစနစ်ဖြင့် နိုင်ငံစီးပွားမြှင့်တင်ရေးကို ဖော်ဆောင်နိုင်ရေး ဆောင်ရွက်သွားကြရန်လို...

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၅ ခုနှစ် ဇန်နဝါရီ ၁၇ ရက်တွင် ပြုလုပ်သော ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

**၁။ နိုင်ငံရေး**

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

**၂။ စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သောစိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်းထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့ တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

**၃။ လူမှုရေး**

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့်ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံးသက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

# တပ်မတော်စစ်ကြောင်းများက နောင်ချိုမြို့ကို ပြန်လည်ထိန်းချုပ်



တပ်မတော်စစ်ကြောင်းများက နောင်ချိုမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ရုံးကို သိမ်းပိုက်ရရှိမှုမှတ်တမ်းဓာတ်ပုံ။



ဂုတ်တွင်းတံတားကို အကြမ်းဖက်သောင်းကျန်းသူများက မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခဲ့သည့် မှတ်တမ်းဓာတ်ပုံ။

**နေပြည်တော် ဇူလိုင် ၁၆**

ပင်လယ်ရေမျက်နှာပြင် အထက် ၂၇၅၉ ပေတွင် တည်ရှိသည့် နောင်ချိုမြို့သည် ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျောက်မဲခရိုင်အတွင်းတည်ရှိပြီး မြောက်ဘက်တွင် သပိတ်ကျင်းမြို့နယ်နှင့်မိုးကုတ်မြို့နယ်၊ အရှေ့ဘက်တွင် ကျောက်မဲမြို့နယ်၊ တောင်ဘက်တွင် ရပ်စောက်မြို့နယ်၊ အနောက်ဘက်တွင် ပြင်ဦးလွင်မြို့နယ်တို့ ဝန်းရံတည်ရှိ၍ မန္တလေးမြို့၊ ပြင်ဦးလွင်မြို့၊ ကျောက်မဲမြို့၊ သီပေါမြို့နှင့် လားရှိုးမြို့တို့သို့ မန္တလေး-လားရှိုးလမ်းမကြီးနှင့်မီးရထားလမ်းများဖြင့်လည်းကောင်း၊ တောင်ကြီးမြို့သို့ အမှတ်(၄၃)ပြည်ထောင်စုလမ်းမကြီးဖြင့်လည်းကောင်း ဆက်သွယ်သွားလာနိုင်သည့် လမ်းပန်းဆက်သွယ်ရေးကောင်းမွန်သည့်မြို့တစ်မြို့ဖြစ်သည်။ထို့ပြင် တရုတ်-မြန်မာ နယ်စပ်စီးပွားရေး၏အဓိကလမ်းမကြီးဖြစ်သော

စာမျက်နှာ ၁၉ ကော်လံ ၁ ☆



အကြမ်းဖက်သောင်းကျန်းသူများထံမှ သိမ်းဆည်းရမိသည့် လက်နက်ခဲယမ်းများမှတ်တမ်းဓာတ်ပုံ။

